
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# ပုံနှိပ်မှတ်တမ်း


| | |
|---|---|
| ■ စာမူခွင့်ပြုချက်အမှတ် | ၅၀၀၃၀၄၀၃၁၁ |
| ■ မျက်နှာဖုံးခွင့်ပြုချက်အမှတ် | ၅၀၀၄၀၅၀၄၁၁ |
| ■ မျက်နှာဖုံးဒီဇိုင်း | ဇောခ |
| ■ အတွင်းအပြင်အဆင် | အာဒေးဒီးယာန်းဘွိုင်းစ် |
| ■ ပုံနှိပ်ခြင်း | ပထမအကြိမ် |
| ■ ပုံနှိပ်ထုတ်ဝေသည့်ကာလ | ၂၀၁၁ ခုနှစ် ဇူလိုင်လ |
| ■ အုပ်ရေ | ၁၀၀၀ |
| ■ တန်ဖိုး | ၁၅၀၀ ကျပ် |
| ■ အဖုံးနှင့်အတွင်းဖလင် | ရွှေနိုင်ငံ / ကိုဦး |
| ■ မျက်နှာဖုံးနှင့်အတွင်းပုံနှိပ် | ဦးဇော်မင်းဒေး (မြ-၀၇၁၂၅) အမှတ်(၃၈၆)၊ အင်းကြင်းမြိုင်လမ်း၊ သုဝဏ္ဏ၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့ |
| ■ ထုတ်ဝေသူ | ဦးဇော်မင်းဒေး (မြ-၀၄၁၂၂) အမှတ် (၃၈၆)၊ အင်းကြင်းမြိုင်လမ်း၊ သုဝဏ္ဏ၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့ |

၈၉၅.၈၃

သတိုးဇောခ

လူသတ်သမားမင်းကြောင် / သတိုးဇောခ။ - ရန်ကုန်။

ထက်ခေယျ်စာပေ၊ ၂၀၁၁။

၈၂ - စာ ၊ ၂၇ x ၁၃ ၊ ၂၁.၀ စင်တီ။

(၁) လူသတ်သမားမင်းကြောင်


www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၁)

"ဝုန်း . . . ဂျုံး . . ."

"ချွင် . . . ဂလောင် . . ."

"ခွမ်း . . ."

ကြားနေရသည့်အသံတွေက ရွာအစွန်ရှိ နှစ်ထပ်အိမ်အိုကြီးဆီမှဖြစ်၏။ ထိုနှစ်ထပ်အိမ်အိုကြီးမှာ ခြံဝင်းအကျယ်ကြီးအတွင်းရှိနေပြီး ရွာလမ်းမပေါ်မှ လှမ်းမျှော်ကြည့်လျှင်ပင် သံချေးအထပ်ထပ် တက်နေသည့် အမိုးသွပ်ပြားဟောင်းများမှလွဲ၍ ဘာကိုမှမမြင်ရဘဲ နွယ်ပင်တွေ၊ ဆူးခြုံတောတွေနှင့် အလေ့ကျပေါက်သော ကိုင်းပင်မြင့်မြင့်ကြီးတွေကသာ အိမ်အိုကြီးအား အုပ်မိုးလွှမ်းခြုံထားသည်ကို တွေ့ရသည်။

ထိုခြံဝန်းကျယ်ကြီးမှာ ရွာ၏အစွန်တွင်ရှိနေသည်ဟုဆိုသော်လည်း ရွာနှင့်တစ်ဆက်တည်း တည်ရှိနေခြင်းမျိုးမဟုတ်၊ ရွာအပြင်မှ ဖုန်းဆိုးမြေများပေါ်တွင် သီးသီးခြားခြား ရှိနေသော နေရာတစ်နေရာဖြစ်သည်။

တစ်ချိန်က ခြံဝင်းကြီးကို စည်းရိုးအဖြစ်ကာရံထားခဲ့သော သစ်သားတိုင်များမှာလဲ သိုင်နဲ့ကျိုးပဲ့လျက် မြေပေါ်မှာ အလဲလဲအပြိုပြိုတွေဖြစ်နေကာ နွယ်ပင်တွေ၊ ဆူးခြုံတွေက ရစ်ပတ်အုပ်မိုးထားသဖြင့် တောကြီးတစ်ခုလို ဖြစ်နေသည်။

"ဝုန်း . . . ဖျောင်း . . ."

"ဒိန်း . . . ခွမ်း . . ."

www.burmeseclassic.com

www.burmeseclassic.com



မိနစ်အနည်းစီခြားပြီး ကျယ်ကျယ်လောင်လောင်ကြီး ကြားနေရသည့်အသံတွေ ကြောင့် တိုးမောင်၏ ခြေလှမ်းတွေက ထိုခြံဝင်းကြီးရှေ့မှ ရွာလမ်းမပေါ်တွင် အလိုလိုနေရင်း ရပ်တန့်မိလျက်သား ဖြစ်သွား၏။ အမှန်တော့ ဒီအိမ်အိုကြီးမှာ လူသူမနေမှန်း တိုးမောင်ငယ် ငယ်ကတည်းက ကြားဖူးခဲ့ရုံမက တစ်ရွာလုံးက ခြံဝင်းကြီးရှေ့ဖြတ်သွားဖြတ်လာပင် မလုပ်ကြ သဖြင့် ထိုနေရာတစ်ဝိုက်မှာ အမြဲတမ်းလိုလို တိတ်ဆိတ်နေခဲ့လေရာ သုသာန်တစ်စပြင်ကြီး လိုပင် ဖြစ်နေခဲ့သည်။

တိုးမောင်မှာ ထိုခြံဝင်းကြီးရှေ့တွင် တအံ့တဩနှင့် အချိန်တော်တော်ကြာအောင် ငြိမ်သက်ပြီး ရပ်ကြည့်နေရာမှ တစ်ချက်တစ်ချက် ကြက်သီးမွေးညှင်းတွေပင် တစ်ဖျန်းဖျန်းထ ကာသည်။

"ဘုရား . . . ဘုရား . . . လူမနေတဲ့ အိမ်အိုကြီးတွေမှာ မကောင်းတဲ့ သရဲတစ္ဆေတွေ ကျက်စားတတ်ကြတယ်ဆိုတာ တကယ်ပဲ ဟုတ်နေပြီလား . . ."

ထိုအတွေးနှင့်အတူ တိုးမောင်၏ မျက်လုံးတွေက ခြံဝင်းကြီးအတွင်းမှ အိမ်အိုကြီး ဆီသို့ တစ်ဆေ့တစ်စောင်း ချောင်းမြောင်းကြည့်လိုက်လေသည်။

သို့သော် ရွာလမ်းမပေါ်မှ သူလှမ်းမြင်နေရသည့် အိမ်ကြီး၏မြင်ကွင်းက မသဲမကွဲ ပင် ဖြစ်နေပြီး သစ်ပင်ခြုံနွယ်တွေက အိမ်အိုကြီးပေါ်ကို တွယ်တက်နေရာ တောပင့်ကူကြီး တစ်ကောင်နှင့်ပင် ပြိုင်တူနေ၏။ ထိုအိမ်အိုကြီးဆီသို့သွားရာ လူသွားလမ်းကလေးမှာလဲ ထင် ထင်ရှားရှားတွေ့ ရှိနေဘဲ မြက်ရိုင်းပင်တွေ၊ ဆူးခြုံတောတွေက နေရာလပ်မရှိအောင် ပေါက် နေသဖြင့် ခြံဝင်းကြီးအတွင်းသို့ ဝင်နိုင်ရန်ပင် တော်ရုံနှင့် မလွယ်ကူလှချေ . . .။

ထိုအချိန်မှာပင် အိမ်ကြီးအတွင်းမှ အသံတွေကို ကြားရပြန်၏

"ခွန်း . . . ဘုန်း . . ."

"ခွမ်း . . ."

ထိုအသံတွေက တစ်စုံတစ်ရာကို စိတ်လိုက်မာန်ပါနှင့် ကြမ်းပြင်ပေါ်သို့ ကိုင်ပေါက် ချလိုက်သည့်အသံ။

တိုးမောင်မှာ အသံသာကြားပြီး မမြင်ရသော အရာကိုမှ ပိုပြီးမြင်ချင်တတ်သော ဓါသနာအတိုင်း ထိုခြံဝင်းကျယ်ကြီးအနားသို့ တဖြည်းဖြည်းတိုးကပ်သွား၏။ သူ ခြံဝသို့ရောက် သောအခါ လဲပြိုယိုင်နဲ့နေသော သစ်သားခြံစည်းရိုးတွေအနားမှ အိမ်အိုကြီးကို လှမ်းမျှော်ကြည့် လိုက်လေရာ အိမ်ကြီး၏ အပေါ်ထပ်မှ မှန်ပြူတင်းပေါက်တစ်ခုကို ပိုးတဝါးနှင့် လှမ်းမြင်လိုက်ရ သည်။ ထိုမှန်ပြူတင်းပေါက်မှာ တချို့တစ်ဝက်က ကွဲအက်နေပြီး ထိုသို့ကွဲအက်နေသော မှန် ပေါက်များမှတစ်ဆင့် အိမ်ကြီး၏ မဲမှောင်နေသော အတွင်းပိုင်းကို မှုန်ရီမှုန်ဝါးနှင့် လှမ်းမြင်နေ ရလေသည်။

ထိုစဉ်မှာပင် . . .

www.burmeseclassic.com

www.burmeseclassic.com



"ဟင် ..."

ထိုမှန်ပြူတင်းပေါက်မှ ရုတ်တရက် လျှပ်ရှားသွားသော အရိပ်သဏ္ဌာန်တစ်ခုကို မထင်မရှား လှမ်းမြင်လိုက်ရ၏။

"ငါ ... ဒီခြံဝကနေ လာပြီးချောင်းကြည့်နေတာကို အိမ်ကြီးထဲက တစ်ယောက်ယောက် လှမ်းမြင်သွားပြီထင်တယ် ..."

တိုးမောင်၏မျက်လုံးတွေက ထိုမထင်မရှားနှင့် မြင်လိုက်ရသော မြင်ကွင်းကြောင့် ပြူးကျယ်ဝိုင်းစက်သွားပြီး ရင်တစ်ခုလုံးမှာလဲ တစ်ဒိတ်ဒိတ်နှင့် တိုးဆောင့်သွား၏။

"ငါမြင်လိုက်ရတဲ့ အရိပ်မဲမဲကြီးက ... ဘာလဲ ...။ မဟုတ်မှလွဲရော ငါထင်သလို မကောင်းတဲ့ သရဲတစ္ဆေတွေများလား ...၊ ဒါမှမဟုတ် ... ဒီလူမနေတော့တဲ့ အိမ်ကြီးပေါ်မှာ သူခိုးဓားပြတွေများ စခန်းချ ပုန်းအောင်းနေကြတာလား ..."

မရေမရာအတွေးတွေနှင့်အတူ တိုးမောင်က ခြံစည်းရိုးတိုင်များကြားမှ ကိုင်းပင်တွေကို လက်နှင့် ဘေးသို့ သိမ်းဖယ်ရင်း အိမ်မဲမဲကြီးကို ထပ်ပြီးချောင်းကြည့်လိုက်ပြန်၏။

ထိုအချိန်မှာပင် ...

တိုးမောင် သိမ်းဖယ်ထားသော မြက်ပင်၊ ကိုင်းပင်တွေကြားမှ အရှိန်အဟုန်နှင့် တိုးထွက်လာသည့် မဲမဲအရိပ်သဏ္ဌာန်ကြီးတစ်ခုကို ဘွားကနဲတွေ့လိုက်ရလေသည်။

"အား ..."

■■■

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၂)

ချက်ချင်းပင် တိုးမောင်က ပြာတာနဲ့ ဖြစ်သွားသော သူ့မျက်လုံးအစုံကို ပြန်ဖွင့်ကြည့်လေရာ

"ဟာ . . . နက်ကျော် . . ၊ မင်း . . . မင်း . . ."

ရုတ်တရက် ဘွားကနဲတွေ့လိုက်ရသည့် မဲမဲအရိပ်သဏ္ဍာန်က တိုးမောင်တို့နှင့် တစ်ရွာထဲသား နက်ကျော်ဆိုသူပင် ဖြစ်နေ၏။ နက်ကျော်ကလဲ ခြံဝင်းကြီးအတွင်းမှ သွေးရှူးသွေးတမ်းနှင့် ပြေးထွက်လာပြီး ခြံဝတွင် တိုးမောင်နှင့် မမျှော်လင့်ဘဲ မျက်နှာချင်းဆိုင်တွေ့လိုက်ရသဖြင့် သူ့ခန္ဓာကိုယ်ကြီးက တောင့်တင်းကာ ဆွံ့အသူလိုပင် ဖြစ်သွား၏။

တိုးမောင်ကလဲ ဖားဖိုတစ်ခုလို နိမ့်ချီမြင့်ချီဖြစ်နေသော သူ့ရင်ဘတ်ပေါ်သို့ လက်တင်ရင်း အထစ်ထစ်အငေါ့ငေါ့ လေသံတွေနှင့် . . .

"မင်း . . . ဒီ ဒီခြံဝင်းကြီးထဲကို ဘာ . . . ဘာလာလုပ်တာလဲ နက်ကျော် . . ."

နက်ကျော်မှာ တိုးမောင်၏အမေးကို ချက်ချင်းပြန်မဖြေနိုင်သေးဘဲ အသက်ကို မနည်းဝအောင် ပြန်ရှူနေရ၏။ ပြီးမှ အိမ်အိုကြီးဆီသို့ ပြူးပြူးပြာပြာနှင့် လှည့်ပြန်ကြည့်ရင်း . . .

"ငါ . . . ငါ ဒီအိမ်ကြီးထဲက အသံတွေကြားနေရလို့ မသင်္ကာတာနဲ့ ဝင်ကြည့်တာ"

ထိုအခါမှ တိုးမောင်၏သိချင်ကြားချင်သည့် စိတ်တွေက ပိုပြီး မရိုးမရွနှင့် ဖြစ်လာသည်။ ထို့နောက် နက်ကျော်က တိုးမောင်ကို ခြေဆုံးခေါင်းဖျား ကြည့်လိုက်ပြီး . . .

"ဒါနဲ့ . . . မင်းကရော ဒီခြံဝနားမှာ ဘာရပ်လုပ်နေတာလဲ . . ."

www.burmeseclassic.com

www.burmeseclassic.com



"အေး . . . ငါလဲ မင်းလိုပဲ . . . ဒီလူမနေတဲ့အိမ်အိုကြီးထဲက ထူးထူးဆန်းဆန်း အသံတွေကြားနေရလို့ . . . ခြံနားကပ်ပြီး မယောင်မလည်နဲ့ ကြည့်နေတာ . . ."

သူတို့နှစ်ယောက်စလုံး၏ မျက်လုံးတွေက ထိုအိမ်မဲမဲကြီးကိုကြည့်တာ ဘယ်လိုမှ နားမလည်နိုင်အောင် ဖြစ်နေကြသည်။ ထို့နောက် နက်ကျော်က တုန်ရင်သောလေသံဖြင့်

"ငါ ဒီအိမ်ကြီးအနားအထိ ရောက်ခဲ့ပြီးပြီ တိုးမောင် . . .။ အသံတွေကြားနေရရုံမဟုတ်ဘူးကွ . . . အိမ်ကြီးပတ်ပတ်လည်မှာလဲ အပုပ်နံ့တွေ ထောင်းထောင်းထနေတာပဲ . . ."

"ဟင် . . . အပုပ်နံ့တွေ ထွက်နေတယ် ဟုတ်လား . . ."

တိုးမောင်၏တအံ့တသြ ရေရွတ်လိုက်သံနှင့်အတူ နက်ကျော်က သူ့နှာခေါင်းကို လက်ညှိုးနှင့် တစ်ချမ်းချမ်းပွတ်သပ်လိုက်ရင်း . . .

"အေး ဟုတ်တယ် . . . အဲဒီအပုပ်နံ့ကြီးကို ဘယ်လိုမှမခံနိုင်တာနဲ့ အိမ်ကြီးအထဲကိုတောင် မရောက်ခဲ့ဘူး ပြန်ပြေးထွက်လာခဲ့တာ . . ."

လူမနေသည့် အိမ်အိုကြီးအတွင်းမှာ ထူးထူးဆန်းဆန်း ကြားနေရသည့် အသံတွေနှင့် အိမ်ကြီး၏ ပတ်ပတ်လည်တစ်ခုလုံး ထောင်းထောင်းထနေသည့် အပုပ်နံ့တွေကြောင့် တိုးမောင်နှင့်နက်ကျော်တို့မှာ တခဏအတွင်း အတွေးတွေ ယောက်ယက်ခတ်ကုန်ကြ၏။ ပြီးတော့ စောစောက မုန့်ပြုတင်းပေါက်မှာ ရိပ်ကနဲလှမ်းမြင်လိုက်ရသည့် အရိပ်သဏ္ဌာန်ကြီးကြောင့်လဲ တိုးမောင်၏စိတ်တွေက ဇဝေဇဝါနှင့်ဖြစ်နေ၏။

"ဒီအိမ်အိုကြီးထဲမှာ နှစ်ပေါင်းတော်တော်ကြာ လူမနေခဲ့လို့ နာနာဘာဝတွေကပဲ ဆင်တိုင်းကျဲနေကြတာလား . . .။ ပြီးတော့ နက်ကျော် အိမ်ကြီးနားမှာရလာတဲ့ အပုပ်နံ့တွေဟာ ဒီအထဲ တစ္ဆေတစ်ကောင်က အနံ့ပေးခြောက်လှန့်လိုက်တာပဲ ဖြစ်မယ် . . ."

ထိုခြံဝင်းကျယ်ကြီးအတွင်းမှ အိမ်အိုကြီးကိုကြည့်ရင်း တိုးမောင်နှင့်နက်ကျော်တို့ ခေါင်းခွဲမရ သင်္ကာမကင်းတွေဖြစ်နေကြကာ ကြောက်လန့်တုန်လှုပ်လာသည့် စိတ်တွေကြောင့် ကြက်သီးတစ်လျှောက် စိမ့်လာပြီး ခြေဖျားလက်ဖျားတွေပင် အေးစက်လာကြသည်။

ထို့နောက် နက်ကျော်က

"ဘာပဲဖြစ်ဖြစ် ဒီကိစ္စကို သူကြီးဦးဘိုးမြစ်ကို အသိပေးမှဖြစ်မယ် တိုးမောင်၊ တော်ကြာ ငါတို့ထင်သလို မကောင်းတဲ့ နာနာဘာဝတွေ၊ သရဲတစ္ဆေတွေက လူမနေတဲ့ အိမ်ကြီးကို အမြဲပြီး ပတ်ဝန်းကျင်ကို ခြောက်လှန့်နေရင် တစ်ရွာလုံး အထိတ်တလန့်တွေ ဖြစ်ကုန်မယ်"

ထိုစကားကြောင့် တိုးမောင်၏မျက်လုံးတွေက အိမ်အိုကြီးဆီသို့ အကဲခတ်သလိုနှင့် စိုက်ကြည့်လိုက်ပြီး

"အေး ဟုတ်တယ် . . . မင်းပြောသလို မဟုတ်ရင်တောင် ဒီအိမ်အိုကြီးမှာ လူဆိုး ဓားပြတွေ စခန်းချ ပုန်းအောင်းနေတာလဲ ဖြစ်ချင်ဖြစ်နိုင်တယ်၊ အကောင်းဆုံးကတော့ သူကြီးကို မြန်မြန်သွား အကြောင်းကြားတာ အကောင်းဆုံးပဲ . . ."

www.burmeseclassic.com

www.burmeseclassic.com



သို့နှင့် တိုးမောင်နှင့် နက်ကျော်တို့မှာ သူကြီးဦးဘိုးမြစ်ကို သတင်းပေးပြောကြားရန် ခြံဝမှနေ၍ ခပ်သုတ်သုတ်ခြေလှမ်းတွေနှင့် လှည့်ထွက်လာကြသည်။

သူတို့၏ နောက်ကျောတွင်တော့ တစ္ဆေတစ်ကောင်လို ကုန်းကုန်းကွကွနှင့် သစ်ပင်ခြုံနွယ်တွေအောက်မှာ ပုန်းအောင်းနေသည့် အိမ်အိုကြီးဆီမှ တဒုန်းဒုန်း တဖိုင်းဖိုင်းအသံတွေကို ကြားလိုက်ရပြန်သည်။

"ဒုန်း . . . ဒုန်း . . ."

"ဘုန်း . . ."

"ဖျောင်း . . ."

■

တိုးမောင်နှင့် နက်ကျော်တို့နှစ်ယောက် သူကြီးဦးဘိုးမြစ်နှင့် တွေ့သောအခါ ရွာအနှံ့မှ အသံစာစဲတွေ ၀ုန်းဒိုင်းကျဲကြားနေရသည့် အိမ်အိုကြီးအကြောင်းကို ထိတ်ထိတ်ပျာပျာနှင့် အလောတကြီး သတင်းပေးပြောဆိုလိုက်ကြ၏။

ထိုအခါမှ သူကြီးဦးဘိုးမြစ်က ထိုကိစ္စနှင့်ပတ်သက်ပြီး တစ်စုံတစ်ရာကို သိနှင့်ထားသူတစ်ယောက်လို အံ့ဩဘနန်းနှင့် ဖြစ်မသွားဘဲ

"ဩော် မင်းတို့က ဦးဒိဗ္ဗဆိုတဲ့လူကြီးနေတဲ့ တိုက်နှစ်ထပ်အိမ် မြင့်မြင့်ကြီးကို ပြောနေကြတာ ထင်ရဲ့ . . ."

ဟူ၍ ပြောဆိုလိုက်လေရာ တိုးမောင်နှင့် နက်ကျော်တို့မှာ ထိုအခါမှ ပိုပြီးအံ့အားသင့်သွားကြလေသည်။

"ဟင် . . . ဘယ်လို ဘကြီးဘိုးမြစ် . . ။ အဲဒီအိမ်မဲမဲကြီးမှာ နေတဲ့လူရှိတယ် ဟုတ်လား . . ."

"ဘယ်လိုမှ မယုံကြည်နိုင်စရာပါလား ဘကြီးဘိုးမြစ်ရယ် . . . ကျုပ်တို့က ဒီကြက်ဆူတောရွာမှာ ငယ်မွေးချံ့ပေါက်တွေ ဖြစ်ရဲ့သားနဲ့ ဒီအိမ်ကြီးမှာနေတဲ့ ဦးဒိဗ္ဗဆိုတဲ့လူကို ဘာကြောင့် မသိရတာလဲ . . ။ နောက်ပြီး ရွာကလူတွေကလဲ အဲဒီ ဦးဒိဗ္ဗဆိုတဲ့လူရဲ့အကြောင်းကို ဘာဖြစ်လို့ အရေးတယူလုပ်ပြီး မပြောကြ၊ မဆိုကြတာလဲ . . ။ အံ့ဩစရာပဲဗျာ . . ."

ဘကြီးဦးဘိုးမြစ်မှာ သောက်လက်စ ဆေးတံမှ ဆေးကျိုးတွေကို ပန်းကနတ်ထွင်း ဖော်ထားသည့် ကုလားထိုင်လက်တန်းပေါ် တစ်ဒေါက်ဒေါက်နှင့် ခေါက်ချလိုက်ပြီး

"အေးပေါ့လေ . . . မင်းတို့ အသက်တွေက အခု အလွန်ဆုံးရှိလှမှ ဘယ့်ခြောက်ဆယ့်ခွန်ကိုးကွ . . ။ ဒီအကြောင်းတွေကို ဘယ်လာသိကြမှာတုန်း။ အေးလေ ထားပါတော့ အဲဒီ ဦးဒိဗ္ဗဆိုတဲ့လူကြီးက ခပ်ကြောင်ကြောင်လူကွ . . ။ မျက်လုံးမှဆရာယောင်ယောင်

www.burmeseclassic.com

www.burmeseclassic.com



ဆေးဆရာယောင်ယောင်၊ ဘာယောင်ယောင်နဲ့ ဆက်ဆံရ အတော့်ကို ဝွကျတဲ့လူပါကွာ ...။ တို့အရင်ကဆို ... ညဘက် ညဘက် သံဆုံကြီးထဲ ဘာတွေထည့်ထောင်းနေမှန်းမသိ၊ တဒုန်းဒုန်း ကြားနေရတဲ့အပြင် ဂါထာမန္တန်ရွတ်ဖတ်နေတဲ့အသံတွေက နေ့ရှိသရွေ့ကြားနေရတာဆိုတော့ ... အခု မင်းတို့ကြားလာရတဲ့အသံတွေကလဲ အိမ်ကြီးထဲမှာ ဒီလူ ဘာအဆန်းထွင်ပြီး လုပ်နေမှန်းပြီလဲမှ မသိတာ...။ သွားကြည့်လဲ အလကားနေမှာပါကွာ ...။ သူ့ဖာသာသူ နေပါစေ...။

တိုးမောင်နှင့် နက်ကျော်တို့ကတော့ သူကြီးဦးဘိုးမြစ်၏ တားမြစ်စကားကို ဘဝင်ခကျကြဘဲ

"ဒါနဲ့နေပါဦး ဘကြီးဘိုးမြစ်ရဲ့ ... အဲဒီ ဦးဒိဗ္ဗဆိုတဲ့လူကြီးက ကျုပ်တို့ ဒီကြက်ဆူတော ရွာသားပဲလား ..."

တိုးမောင်၏ အမေးစကားကြောင့် ဦးဘိုးမြစ်မှာ ဆေးတံသောက်ဆေးတွေကို ဆေးတံအိုးအငွေ်းထိုးသိပ်ထည့်လိုက်ရင်း ...

"အဲဒီ ဦးဒိဗ္ဗဆိုတဲ့လူက တို့ရွာသားမဟုတ်ဘူးကွဲ့ ...။ အဲ ... တို့ရွာသားမဟုတ်ဘူးဆိုပေမယ့် အခုအချိန်ထိလဲ သူဟာ ဘယ်အရပ်၊ ဘယ်ရွာကမှန်း ဘယ်သူမှ အတိအကျ မသိကြပါဘူးကွာ ...။ ဒီလူ ... တို့ရွာကိုရောက်လာပုံက ဒီလိုကွ ..."

ဟုဆိုကာ လွန်ခဲ့သော နှစ် နှစ်ဆယ်ကျော်ဝန်းကျင်က အဖြစ်အပျက်တွေကို ဖြည်းဖြည်းချင်း ပြန်ပြောပြလေတော့သည်။

■■■

www.burmeseclassic.com



## အခန်း(၃)

"ဒုံ . . . ချမ်း . . ."

"ဒုံ . . . ချမ်း . . ."

"ဒုံ . . . ဒုံ . . . ချမ်း . . ."

ကြေးဝါရောင်အညိုတွေကြောင့် ညိုညစ်ညစ်ဖြစ်နေသည့် လင်းကွင်းတစ်ချပ်နှင့် နွားသားရေအုပ်ထားသော မုံတစ်လုံးကို အသက် ငါးဆယ်အရွယ် ယောက်ျားကြီးတစ်ယောက်က စည်းချက်နရီမမှန်ဘဲ အလျဉ်းသင့်သလို တီးခတ်နေ၏။

ထိုသူ၏ဘေးတွင်လဲ ထင်းရှူးသေတ္တာတစ်လုံးချထားပြီး ထိုသေတ္တာပေါ်တွင် မထင်မရှား လက်ရေးဖြင့်ရေးထားသော ဖြောဦးဒိဗ္ဗဆိုသည့် နာမည်ကြောင့်ရပ်ကြည့်နေသည့် ပရိသတ်ကြီးမှာ မျက်လှည့်ဆရာ၏ နာမည်ကို မမေးမစမ်းရဘဲ သိသွားကြလေသည်။

ထိုမျက်လှည့်ဆရာ ဦးဒိဗ္ဗဆိုသူမှာ အသက်အရွယ်အားဖြင့် ငါးဆယ်သာသာပင်ရှိသော်လည်း သူ၏လှုပ်ရှားမှုတွေက လူငယ်တစ်ယောက်လို လျှင်မြန်ဖျတ်လတ်နေ၏။ သို့သော် . . . ထိုသူ၏ ဆံပင်မွှေးနှင့် မုတ်ဆိတ်မွှေး၊ နှုတ်ခမ်းမွှေးတွေက ဝက်ဖြူတစ်ကောင်၏ အမွှေးအမျှင်တွေလို ဆွတ်ဆွတ်ဖြူကြမ်းတမ်းလျက်ရှိနေပြီး လေးထောင့်မကျတကျ ရှိနေသော ထိုသူ၏ မေးရိုးများမှာလဲ မြင်ရုံနှင့်ပင် စိတ်ဓာတ်မာကျောခက်ထန်သူတစ်ယောက်ဖြစ်မှန်း သိသာနေ၏။ အဆိုးဆုံးက ထိုမျက်လှည့်ဆရာ ဦးဒိဗ္ဗဆိုသူ၏ ကျောပေါ်တွင် ဘုကြီးတစ်လုံးကို တင်ထားသကဲ့သို့ အဆင်မပြေကျောကြီးကုန်းနေခြင်းပဲဖြစ်သည်။ ထိုသို့ အကြေညက်ဆိုသော ခန္ဓာကိုယ်ကြီးရှိသော်လည်း သူ၏မျက်လုံးအစုံတို့မှာ အလွန်တစ်ရာမှ စူးရှတောက်ပလျက်ရှိရာ အရာရာကို အလွယ်တကူ ညှို့ငင်ဖမ်းစားလုမတတ် ဆွဲဆောင်နိုင်သော မျက်လုံးများဖြစ်

www.burmeseclassic.com

www.burmeseclassic.com



လေသည်။ ဒါ့အပြင် . . . သူ၏ကိုယ်ပေါ်မှာ ဝတ်ဆင်ထားသည့် ပင်နီတိုက်ပုံမှာလဲ အရောင်အဆင်းပင် မရှိတော့လောက်အောင် ဖြူလျော်နေကာ ရှမ်းဘောင်းဘီအနက်ပွကြီးကိုလဲ ဒူးအထက်သို့ ရောက်သည့်တိုင်အောင် ဆွဲပင့်လိပ်တင်ထား၏။ ထိုအဝတ်အစားများ၏အောက်တွင်တော့ ဆေးမင်ကြောင်အရုပ်တွေက ခန္ဓာကိုယ်တွင် နေရာလပ်မရှိအောင်ပင် ပွစာကျဲနေပြီး လက်လုပ်ခုံဖိနပ်ထူကြီးကိုလဲ စီးထား၏။

"ဒုံး . . . ဒုံး . . . ချမ်း . . ."

"ဒုံး . . . ဒုံး . . . ချမ်း"

အဆက်မပြတ် တီးခတ်နေသော ဗုံသံ၊ လင်းကွင်းသံတွေကြောင့် ကြက်ဆူတောရွာမှ ရွာသားများမှာ စိတ်ဝင်တစားနှင့် ဖြစ်ကုန်ကြပြီး ကလေးကော၊ လူကြီးပါမကျန် ထိုနေရာသို့ ချက်ချင်းပင် စုပြုံတိုးဝှေ့ရင်း ရောက်လာကြ၏။ ထိုသို့ရပ်ကြည့်နေသော ပရိသတ်ကြီးမှာ ဝိုင်းအလယ်တွင်ချထားသော မျက်လှည့်ဆရာ ဦးဒိဗ္ဗ၏ ပစ္စည်းပစ္စယတွေထက် ထင်းရှူးသေတ္တာပုံးကြီး၏ဘေးတွင် ကြောင်စီစီမျက်လုံးများဖြင့် ဆောင့်ကြောင့်ထိုင်နေသော မျောက်ညိုလေးတစ်ကောင်ကိုသာ စိတ်ဝင်တစားနှင့် ဖြစ်နေကြသည်။

"ဟယ် . . . မျောက်မျက်နှာက ကြောက်စရာကြီး . . ."

"ဟော့ ကလေးတွေ ရှေ့နားသိပ်မကပ်နဲ့ . . .၊ တိရစ္ဆာန်ဆိုတာ ပြောလို့ရတာမဟုတ်ဘူး။ နင်တို့မျက်နှာတွေကို လှမ်းကုတ်ထားလိမ့်မယ် . . ."

"ဟဲ့ မသာလေးတွေ . . . မျောက်က နင့်အဖေမို့လို့ သွားစနေတာလား . . .၊ တယ် . . . ဒီသေနာလေးတွေတော့ . . ."

တစ်ယောက်တစ်ပေါက်နှင့် ဆူဆူညံညံတွေ ဖြစ်ကုန်ကြသော လူအုပ်ကြီးမှာ မျက်လှည့်ဆရာ ဦးဒိဗ္ဗ၏ အထူးအဆန်းပြကွက်တွေကို အထူးပင်မျှော်လင့်စောင့်စားနေကြလေသည်။

ထို့နောက် ဦးဒိဗ္ဗက ဝိုင်းကြည့်နေသော ပရိသတ်ကြီးရှေ့သို့ ထွက်လာပြီး . . .

"အာလုံး . . . နောက်ကိုဆုတ်ပေးကြပါ . . .၊ အခု ကျုပ်မြေပြင်ပေါ်မှာ ရေးခြစ်လိုက်တဲ့စည်းကိုကျော်ပြီး နည်းနည်းမှ ဝင်မလာကြပါနဲ့ . . ."

ဟုဆိုကာ မြေပြင်တွင် စည်းဝိုင်းကြီးတစ်ခုကို ရေးခြစ်လိုက်လေသည်။ ထို့နောက် ခါးကုန်းကြီး ဦးဒိဗ္ဗက ဝိုင်းအလယ်တွင်ချထားသော ဝါးတုတ်တစ်ချောင်းကိုကောက်ယူကာ ထင်းရှူးသေတ္တာပုံးဘေးတွင် ထိုင်နေသည့် မျောက်ညိုလေးကို ပရိသတ်အလယ်သို့ ဆွဲခေါ်လာလေသည်။

"ကျုပ်နာမည်က ဒိဗ္ဗ။ ဟောဒီက ကျုပ်တပည့်နာမည်က တောက်ခေါင် . . .၊ အဲ ကျုပ်တို့ အခုပြမယ့် မျက်လှည့်ပြကွက်က စုန်းတွေ . . . ကဝေတွေ မတိုက်ဘူး . . . မကောင်းတဲ့ အမှောင့်ပယောဂနည်းတွေ မသုံးဘူး . . .၊ မြင်အောင်ကြည့် . . ."

www.burmeseclassic.com

www.burmeseclassic.com



ဟူ၍ လေသံခပ်ပြတ်ပြတ်နှင့်ပြောကာ သူ၏မျောက်ကို ပရိသတ်နှင့် မိတ်ဆက်ပေးလိုက်၏။ ထိုအခါမှ ဘေးမှဝိုင်းကြည့်နေကြသည့် ပရိသတ်ကြီးမှာလဲ ခေါင်းကိုငုံ့ကာ အရိုအသေပေးနေသည့် မျောက်ညိုလေးကိုကြည့်ရင်း လက်ခုပ်လက်ဝါးတွေတီးပြီး အားပေးလိုက်ကြသည်။

"ဝေး . . . ဟေး ဟေး . . ."

"ဖျောင်း ဖျောင်း . . . ဖျောင်း . . . ရှိုး . . ."

"တော်တော်လိမ္မာတဲ့မျောက်ပဲ . . . ဘယ်လောက်တောင် သခင်က သင်ပေးထားလဲ မသိဘူး . . ."

သို့သော် . . . ခါးကုန်းကြီး ဦးဒိဗ္ဗဘေးမှ မျောက်ညိုလေး တေက်ခေါင်၏ မျက်နှာထားတော့ တစ်စုံတစ်ရာကို အလွန်အမင်းကြောက်လန့်တုန်လှုပ်နေသလို ပြူးပြူးပျာပျာ ဖြစ်နေလေသည်။ ပြီးတော့ . . . ဦးဒိဗ္ဗ၏မျက်နှာကို မဝံ့မရဲနှင့် ပြန်ကြည့်နေသည့်အမူအရာက ကြိမ်ဖန်များစွာ ထုထောင်းရိုက်နှက်ခံထားရသူလို အပိုးကျိုးငြိမ်ဝပ်နေလေသည်။

ထို့နောက် ဦးဒိဗ္ဗက ထင်းရှူးသေတ္တာပုံးထဲမှ အဝတ်စအနီလေးတစ်ထည်ကို ဆွဲထုတ်ယူကာ ပရိသတ်များအတ်သို့လှည့်ကာ လေထဲမှာ တဖျန်းဖျန်းနှင့် ဘယ်ပြန်ညာပြန် ခါရမ်းပြလိုက်၏။

"ဟောဒီ ပိတ်စအနီရောင်လေးထဲမှာ ဘာဆိုဘာမှရှိမနေတာ အားလုံးအမြင်ပဲ ဖြစ်ပါတယ် . . ။ အဲ . . . အခုလို အထဲမှာ ဘာမှရှိမနေတဲ့ အနီရောင်ပိတ်စလေးတစ်စကို ကျုပ်တပည့် တေက်ခေါင်ရဲ့လက်ထဲကို ထည့်ပေးလိုက်ပါမယ် . . ။ အဲဒီအချိန်မှာ ဘာတွေဆက်ဖြစ်လာမလဲ . . . ဘယ်လိုအဖြစ်အပျက်တွေ ဖြစ်လာမှာလဲ . . . ဆိုတာ . . . ပရိသတ်ကြီး မျက်စေ့ရှင်ရှင်ထားပြီး ကြည့်လိုက်ကြပါဟုဆိုကာ မျောက်ညိုလေး တေက်ခေါင်၏လက်ထဲသို့ အနီရောင်ပိတ်စလေးအား ထည့်ပေးလိုက်လေသည်။ ထိုမျက်လှည့်ပွဲကို ဝိုင်းကြည့်နေသည့် ပရိသတ် ကြီးမှာလဲ ချက်ချင်းပင် ငြိမ်ကျသွားပြီး မျောက်ညိုလေး တေက်ခေါင်၏လက်ကို မျက်တောင်ပင်မခတ်ဘဲ စိုက်ကြည့်နေကြလေသည်။

ခါးကုန်းကြီး ဦးဒိဗ္ဗမှာ မျောက်လက်ထဲကို အဝတ်အနီစလေး ထည့်ပေးပြီးသည်နှင့် ဗုံနှင့်လင်းကွင်းကို အဆက်မပြတ် တီးခတ်လိုက်ပြန်သည်။

"ဒုံး . . . ချမ်း . . ."

"ဒုံး . . . ချမ်း . . ."

"ဒုံး . . . ချမ်း . . ."

မျောက်ညိုလေး တေက်ခေါင်မှာ အနီရောင်အဝတ်စလေးကို လက်ဖဝါးတွင် ဆုပ်ကိုင်ထားရင်း စည်းဝိုင်းအလယ်တွင် ဟိုဟိုဒီဒီပြေးလွှားလိုက်၊ ထင်းရှူးသေတ္တာကြီးပေါ် ပြေးတတ်လိုက်နှင့် ဂဏှာမငြိမ်ဖြစ်နေ၏။ တစ်ခါတစ်ရံ ဘေးပတ်ပတ်လည်မှ ပရိသတ်ကြီးကိုလဲ

www.burmeseclassic.com

www.burmeseclassic.com



မာန်ဖီချောက်လှန့်သလို ပမာမခန့်နှင့် လှုပ်ပြနေ၏။

ထိုအခါမှ ခါးကုန်းကြီး ဦးဒိဗ္ဗမှာ လက်ထဲမှဝါးရင်းတုတ်ကို မြေပြင်ပေါ်တွင် တချွမ်းချွမ်းနှင့်ရိုက်ကာ အသံပေး ဟိန်းဟောက်ချောက်လှန့်လိုက်၏။

"ဟေး . . .၊ ဟေး . . ."

ထိုအသံကြောင့် တောက်ခေါင်မှာ ချက်ချင်းပင် ငြိမ်ကုတ်သွားပြီး သူလှုပ်ရသည့်ခြေထောက်ကို လှုပ်ပြရန် ပရိသတ်အလည်သို့ ရောက်လာ၏။ ထို့နောက် လက်ထဲတွင် ဆုပ်ကိုင်ထားသော အနီရောင်ပိတ်စလေးကို လက်သီးဆုပ်ထဲသို့ လုံးဝပျောက်ကွယ်သွားသည်အထိ လက်ချောင်းများနှင့် ထိုးကျိတ်ပြီး ထည့်နေ၏။ သူ့မျက်လုံးတွေကလဲ တစ်ချက်ကလေးမှ အငြိမ်မနေဘဲ ဘေးပတ်ပတ်လည်မှ ပရိသတ်ကြီးကို ကျီးကန်းတောင်းမှောက်နှင့် လိုက်ကြည့်နေလေသည်။

"ဒုံး . . . ချမ်း . . ."

"ဒုံး . . . ချမ်း . . ."

"အားလုံးပဲ မျက်စိရှင်ရှင်ထားပြီး ကြည့်နေကြပါ . . .၊ ကျုပ်မျောက်လေး တောက်ခေါင်ရဲ့ လက်သီးဆုပ်ထဲက အနီရောင်အဝတ်စလေးဟာ . . . ဘယ်ပုံဘယ်နည်း ဖြစ်သွားမလဲဆိုတာ ပရိသတ်ကြီး ဆက်ပြီးကြည့်နေကြပါ . . ."

ရွာသားများအားလုံးမှာလဲ သူ့ထက်ငါ အလုအယက် တိုးဝှေ့ရင်း ဝိုင်းအလည်မှ တောက်ခေါင်၏ လှုပ်ရှားမှုမှန်သမျှကို အသက်ပင်ပြင်းပြင်းမရှူနိုင်လောက်အောင် စိုက်ကြည့်နေကြ၏။

ထိုမျောက် တောက်ခေါင်မှာလဲ သူ့သခင် ခါးကုန်းကြီး ဦးဒိဗ္ဗထံမှ တစ်စုံတစ်ရာထပ်ပြီး အမိန့်မပေးမချင်း ထိုအဝတ်နီစကို သူ့လက်ထဲတွင်သာ ဆုပ်ကိုင်မြဲ ဆုပ်ကိုင်ထားလေသည်။

ထို့နောက် . . . ဦးဒိဗ္ဗက တောက်ခေါင်ကို ခြေဟန်လက်ဟန်ဖြင့် အမိန့်ပေး ခိုင်းစေလိုက်ရာ . . . စောစောက လက်ထဲမှာ ဆုပ်ကိုင်ထားသော အဝတ်စအနီမှာ ပျောက်ချင်းလျှပျောက်ကွယ်သွားပြီး ထိုလက်သီးဆုပ်ထဲမှ ရောင်စုံလိပ်ပြာလေးနှစ်ကောင် ရုတ်တရက် တဖျတ်ဖျတ်နှင့် ဝဲပျံထွက်လာလေသည်။

ထိုပြကွက်ကြောင့် ဘေးမှ ပရိသတ်ကြီးမှာ လွန်စွာမှ အံ့သြဘနန်းတွေနှင့် ဖြစ်ကုန်ကြ၏။

"ဟင် . . ."

"အလို . . . တယ်လဲထူးဆန်းပါလား . . ."

"အယ် . . . အဝတ်စကနေ လိပ်ပြာတွေ ဘယ်လိုဖြစ်သွားရတာလဲ . . ."

"ရှူး . . . ဖျောင်း . . . ဖျောင်း . . . ဖျောင်း . . ."

www.burmeseclassic.com

www.burmeseclassic.com



တစ်ချိန်ထဲမှာပင် ကြက်ဆူတောရွာမှ ကလေးကောလူကြီးပါမကျန် ခါးကုန်းကြီး ဦးဒိဗ္ဗနှင့် မျောက်ညိုလေး တောက်ခေါင်တို့ကို လက်ခုပ်လက်ဝါးတွေတီးပြီး ချီးကျူးဂုဏ်ပြုလိုက်ကြ၏။ ဒါတင်မက ငွေအကြွေစတွေကိုလဲ ပက်လက်ဖြန့်ခင်းထားသော ဦးထုပ်အဖြူကြီးထဲသို့ သူထက်ငါပင် တိုးဝှေ့ပြီး ထည့်ကြလေသည်။

"ဒုံး . . . ချမ်း . . ."

"ဒုံး . . . ချမ်း . . ."

"ဒုံး . . . ဒုံး . . ."

မုံသံနှင့် လင်းကွင်းသံက အဆက်မပြတ် ထွက်ပေါ်လာပြန်သည်။ ထို့နောက် ခါးကုန်းကြီးဦးဒိဗ္ဗက သေတ္တာငယ်ကလေးတစ်ခု၏ အဖုံးကိုဖွင့်ကာ အထဲမှ ပုလင်းတစ်လုံးကို ဆွဲထုတ်ယူလိုက်၏။ ထိုပုလင်းကို လေထဲမှာ လှုပ်ရမ်းလိုက်ရင်း . . .

"အဲဒါ . . . တောင်ဆိတ်ဆီလို့ခေါ်တယ် . . . ခါးနာတာ၊ ခါးကိုက်တာ၊ ဒူးနာတာ၊ ဒူးကိုက်တာ၊ ကိုယ်တွေလက်တွေ ညောင်းညာပြီး မလှုပ်ချင်မရှားချင်ဖြစ်နေတာ မှန်သမျှ ဖြည်းဖြည်းလေး ပွတ်လိမ်းပေးရုံနဲ့ ယူပစ်သလို ချက်ချင်းပျောက်သွားမယ် . . ၊ မယုံဘူးဆိုတဲ့လူ . . ၊ ခင်းတောင်ဆိတ်ဆီက စစ်ပဲ့မလားကွာလို့ . . . ထင်နေတဲ့သူရှိရင် . . . ကျုပ်ရှေ့ကို အခုချက်ချင်း ထွက်လာခဲ့ပါ လက်တွေ့လိမ်းပေးမယ်၊ ပိုက်ဆံတစ်ပြားမှမပေးနဲ့ . . ၊ ကျုပ်က အပြောသမား မဟုတ်ဘူး"

ဆေးပုလင်းကို ကြော်ငြာသည့်လေသံမျိုးမဟုတ်ဘဲ ဦးဒိဗ္ဗ၏ အသံနေအသံထားက မာကြောခက်ထန်နေ၏။ ဘေးပတ်ပတ်လည်မှ ဝိုင်းအုံပြီးကြည့်နေကြသော ပရိသတ်ကြီးမှာလဲ မျက်လှည့်ပြရုံ မဟုတ်ဘဲ လိမ်းဆေးဆီတွေ၊ ပရဆေးမြစ်တွေကိုပါ ရောင်းချနေသော ခါးကုန်းကြီး ဦးဒိဗ္ဗကို ပိုပြီးစိတ်ဝင်တစားနှင့် ဖြစ်ကုန်ကြ၏။ အချို့ကလဲ ဦးဒိဗ္ဗ၏ မာရေကြောခရနှင့် ပြောဆိုဆက်ဆံနေသော ပုံသဏ္ဌာန်ကိုကြည့်ကာ လူထူးလူဆန်းကြီးတစ်ယောက်ဟူ၍ပင် ထင်မြင်နေမိကြသည်။

သိပ်မကြာလိုက် ခါးကုန်းကြီးဦးဒိဗ္ဗက သူ၏မျောက်ညိုကလေး တောက်ခေါင်ကို ခုံးပေါ်တင်ထားရင်း နောက်တစ်ကြိမ်ပြသမည့် မျက်လှည့်ပြကွက်ကို ပြင်ဆင်နေလေသည်။ ရိသတ်ကြီးမှာလဲ တစ်စထက်တစ်စ ပိုပြီးများပြားလာကာ ထိုနေရာတစ်ဝိုက်မှာ ရောမ လူင်းကြီးပင် ဖြစ်၍လာလေသည်။

ထို့နောက် ဦးဒိဗ္ဗက

"နောက်ကိုဆုတ်ပါ . . . ဒီစည်းဝိုင်းထဲကို နည်းနည်းမှ ကျော်ပြီးဝင်မလာနဲ့ . . . ခုပြမယ့်ပြကွက်က အန္တရာယ်ရှိတယ် . . . မတော်လို့ တစ်စုံတစ်ခုဖြစ်သွားရင် တာဝန်မယူင်ဘူး . . ."

ဟူ၍ ဆိုလိုက်လေရာ ဘေးပတ်ပတ်လည်မှ ဝိုင်းအုံကြည့်နေကြသော ပရိသတ်

www.burmeseclassic.com

www.burmeseclassic.com



ကြီးမှာ နောက်သို့ အလိုလိုဆုတ်ကုန်ကြ၏။ အချို့ကလဲ ဒီတစ်ကြိမ်ပြသမည့်ပြပွဲက ဘယ်လို အထူးအဆန်းတွေ ဖြစ်လာမည်လဲဆိုသည်ကိုသာ ရင်တစ်ထိတ်ထိတ်နှင့် သိချင်မြင်ချင်နေကြ သည်။

မကြာမီ . . .

ဦးဒိဗ္ဗက ထန်းခေါက်ဖာကြီးတစ်ခု၏ အဖုံးကို ဆွဲဖွင့်လိုက်လေရာ . . .

"ရှူး . . ."

လူကြီးလက်ကောက်ဝတ်သာသာရှိသော မြွေဟောက်ကြီးတစ်ကောင်က ရှူးကနဲ ပါးပြင်းထောင်ပြီး ထွက်လာ၏။

"ဟင် . . ."

"ဟာ . . . နည်းတဲ့ကောင်ကြီး မဟုတ်ဘူးဟေ့ . . ."

ထိုမြွေဟောက်ကြီးက ဦးဒိဗ္ဗ၏ လက်ဖဝါးပြင်လှုပ်ရှားသည့်အတိုင်း ခန္ဓာကိုယ်ကြီး တိုလိုက်ပြီး ယိမ်းနွဲ့နေ၏။ ထိုမြွေဟောက်ကြီး၏ ပါးပြင်းခွက်ကြီးထဲမှာလဲ ပစောက်ပုံသဏ္ဌာန် ဖြစ်နေသော အမှတ်အသားကြီးက ထင်းထင်းကြီးပေါ်နေလေရာ အားလုံးက အဆိပ်ပြင်းသည့် မြွေဟောက်ကြီးတစ်ကောင်မှန်းသိလိုက်ကြသည်။

ထိုအချိန်မှာပင် ဦးဒိဗ္ဗ၏ ပခုံးပေါ်မှ သွက်လက်စွာခုန်ချသွားသော မျောက်ညိုလေး တောက်ခေါင်က အချင်းတစ်ထွာသာသာ အဝကျယ်ပြီး အရှည်တစ်တောင်ခန့်ရှိ သံပိုက်လုံးတစ် ခုကို ပိုင်းအလည်သို့ သယ်ယူလာလေသည်။ ထို့နောက် ဦးဒိဗ္ဗက မြွေဟောက်ကြီး၏ဦးခေါင်း ကို သူ့လက်နှင့်မထိတထိ အုပ်မိုးလိုက်ပြီ . . .

"အားလုံးသိကြတဲ့အတိုင်း ဟောဒီမြွေဟာ အလွန်တစ်ရာမှ အဆိပ်ပြင်းတဲ့ တော ကြီးမြွေဟောက် အမျိုးအစားဖြစ်ပါတယ်။ ဒီမြွေကိုက်ခံရရင် ဆေးမမီဘူး . . . တုံးကနဲ အသေပဲ . . .။ အဲ . . . ဒီလိုအဆိပ်ပြင်းတဲ့မြွေကို ကျုပ်တပည့် တောက်ခေါင်က ပရိသတ်ကြီးရဲ့ရှေ့မှာ ဘယ်လိုတွေ နိုင်းစေပြမလဲ . . .၊ ဘယ်လို ပဥ္စလက်နည်းတွေသုံးပြီး မျက်လှည့်အစွမ်းတွေ ပြ မလဲဆိုတာ မကြာခင် တွေ့ရတော့မှာပါ . . ."

ဟူ၍ အာပေါင်အာရင်းသန်သန်နှင့် ပြောလိုက်သောအခါ ပရိသတ်ကြီးမှာ ပိုပြီးစိတ် ဝင်တစားနှင့် ဖြစ်ကုန်ကြကာ အချင်းချင်း တီးတိုးပြောဆိုကုန်ကြသည်။

"ဒီမျောက်ကလေးက အဆိပ်ပြင်းတဲ့မြွေကြီးကိုတောင် အမိန့်ပေးပြီး ခိုင်းပြမယ် ဆိုတာ ဟုတ်ပါ့မလား . . ."

"ဟုတ်ပါ့ဗျာ . . . ကျုပ်တို့တော့ နားရှိလို့သာကြားရတယ် . . . ဒီလို တိရစ္ဆာန်အချင်း ချင်း အနိုင်ယူခိုင်းစေတဲ့ မျက်လှည့်ပွဲမျိုး တစ်ခါမှ မတွေ့ဘူးဘူးဗျို့ . . ."

ထိုအခါမှ အချို့ရွာသားများမှာလဲ မျက်လှည့်ဆရာ ခါးကုန်းကြီးကို တစ်စိုးတစ်စိ အတဲခတ်ကြည့်လိုက်ကြပြီး ထင်ရာတွေ ပြောဆိုကြပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒီလူက သူ့မျောက်ကို ဘယ်လောက်တောင် လေ့ကျင့်ပေးထားလဲမှ မသိတာ ...၊ ပြီးတော့ သူကိုကြည့်ရတာလဲ နယ်နယ်ရရပုဂ္ဂိုလ်တော့ ဟုတ်မယ်မထင်ဘူး ... တစ်ခုခုတော့ စွမ်းပုံရတယ် ..."

"စွမ်းရုံတင်မဟုတ်ဘူး ... ဒီလူကြီးဟာ ဆေးဝါးမန္တန်အတတ်တွေလဲ တော်တော်ကို ကျွမ်းကျင်နံ့စပ်တဲ့လူလို့တောင် ပြောလို့ရတယ် ..."

တစ်ယောက်တစ်ပေါက်တွေနှင့် အမျိုးမျိုး တီးတိုးပြောဆိုနေတုန်းမှာပဲ တောက်ခေါင်းဆိုသည့်မျောက်ညိုလေးက ပုဝါအဖြူစ တစ်ထည်ကို မြွေပေါက်ကြီး ပါးပြင်းထောင်နေသည့် ရှေ့မှာ တဖျတ်ဖျတ်နှင့် လှုပ်ယမ်းပြနေ၏။

ထိုအချိန်မှာပင် ခါးကုန်းကြီးဦးဒိဗ္ဗက မှုံနှင့်လင်းကွင်းကို အဆက်မပြတ် တီးခတ်ပေးနေလေသည်။

"ဒုံ ... ချမ်း"

"ဒုံး ... ချမ်း ..."

ပါးပြင်းကိုခွက်နေအောင် ထောင်ထားသည့် တောကြီးမြွေပေါက်ကြီးမှာလဲ မျောက်လက်ထဲမှာ တစ်ဖျတ်ဖျတ်ဝှေ့ယမ်းနေသည့် ပုဝါအဖြူစကို ဆတ်ကနဲဆတ်ခနဲ ဒေါသတကြီး လှမ်းပြီး ပေါက်၏။ ထိုသို့ လှမ်းပြီးပေါက်လိုက်တိုင်း မျောက်ညို၏လက်များက အလွန်တစ်ရာမှ ကျွင့်သားရပြီးသူ လူတစ်ယောက်ကဲ့သို့ လျှင်မြန်ဖျတ်လတ်စွာ ရှောင်တိမ်း၍နေလေသည်။ ဒါကိုမြင်တွေ့နေရသော ပရိသတ်ကြီးမှာ ဟာကနဲ ဟင်ကနဲနှင့် အသည်းတယားယား ဖြစ်နေကြသည်။

သိပ်မကြာလိုက် ခါးကုန်းကြီး ဦးဒိဗ္ဗက တစ်စုံတစ်ရာ အမိန့်ပေးခိုင်းစေလိုက်သလို အချက်ပြလိုက်သည်နှင့် အလွန်လျင်မြန်သော တောက်ခေါင်၏ လက်တစ်ဖက်က ဒေါသတကြီး ဖြစ်နေသော မြွေပေါက်ကြီး၏ လည်ဂုတ်ကို အလမ္ပာယ်ဆရာတစ်ယောက်လိုပင် ပိုင်ပိုင်နိုင်နိုင် ဖမ်းဆုပ်လိုက်လေသည်။

"ဟာ ..."

"ဟင် ... ဒီမျောက်က တကယ့်လူတစ်ယောက်လို ပါပဲလား ..."

"အမလေး ... ဒီမျောက်တော့ အပေါက်ခံရရင် သက်သာမှာမဟုတ်ဘူး ..."

သည်းထိတ်ရင်ဖိုတွေ ဖြစ်နေကြသော လူအုပ်ကြီးမှာ တစ်ကြိမ်တစ်ခါမှ မြင်တွေ့ဖူးခြင်းမရှိသော ပြကွက်ကြောင့် အံ့သြဘနန်းတွေနှင့် ဖြစ်ကုန်ကြသည်။

ထိုအချိန်မှာပင် ခါးကုန်းကြီး ဦးဒိဗ္ဗက မျောက်ညို စောစောကယူလာသည့် အချင်းတစ်ထွာသာသာ သံပိုက်လုံးကြီးထဲသို့ လက်ကိုလျှိုပြီး အတွင်းတွင် ဘာမှရှိမနေကြောင်း ပရိသတ်ကြီးကို ပြသနေ၏။ ထို့နောက် ထိုသံပိုက်လုံးတစ်ထောင်ခန့်ကို မြေကြီးပေါ်တွင်ထောင်ပြီး ချလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



တစ်ချိန်ထဲမှာပင် မျောက်ညိုတောက်ခေါင်ကို ဦးဒိဗ္ဗက ခြေဟန်လက်ဟန်ပြပြီး ခိုင်းစေလိုက်ပြန်ရာ တောက်ခေါင်က သူ့လက်ထဲမှာ ဆုပ်ကိုင်ထားသော မြွေပောက်ကြီးကို သံပိုက်လုံးကြီးအတွင်းသို့ ဖြည်းဖြည်းချင်း သွတ်သွင်းနေလေသည်။

သေးကွေးပိန်လှီသော တောက်ခေါင်၏ လက်ဖျံနှင့် ခန္ဓာကိုယ်ကို ရစ်ပတ်ထားသော တောကြီးမြွေပောက်မှာ မကြာခင် သံပိုက်လုံးကြီးအတွင်းသို့ တစ်ကိုယ်လုံးဝင်သွား၏။

ထိုအခါမှ ဦးဒိဗ္ဗက သံပိုက်လုံး၏ အပေါ်မျက်နှာပြင်ဝကို ပိတ်ဖြူစနှင့် အုပ်မိုးလွှမ်းခြုံလိုက်ပြီး

"အားလုံး မြင်ကြတဲ့အတိုင်း . . . တောကြီးမြွေပောက်ကြီးက ဟောဒီသံပိုက်လုံးကြီးထဲကို ရောက်သွားပါပြီ . . ."

ထိုအချိန်မှာပင် . . . သံပိုက်လုံးအပေါ်မျက်နှာပြင်ဝမှာ အုပ်မိုးထားသည့် ပိတ်ဖြူစကို မြွေပောက်ကြီးက အောက်မှနေ၍ တလှုပ်လှုပ်နှင့် တိုးဝှေ့နေ၏။ ထိုသို့တိုးဝှေ့နေသော မြွေပောက်ကြီးကိုလဲ ဦးဒိဗ္ဗက ဂါထာရွတ်သလို မန်းမှုတ်သလိုတွေလုပ်ပြီး ငြိမ်ခိုင်းနေပြန်သည်။

"ကဲ . . . မကြာခင်အချိန်မှာ ခင်ဗျားတို့မြင်တွေ့လိုက်ရတဲ့ တောကြီးမြွေ ‹ ဘက်ကြီးတစ်ကောင်က ဒီသံပိုက်လုံးကြီးထဲမှာ ဘာဖြစ်သွားမလဲဆိုတာ ဆက်ပြီးကြည့်လိုက်ကြပါ . . ."

ဦးဒိဗ္ဗ၏အသံဆုံးသည်နှင့် မျောက်ညိုလေးတောက်ခေါင်က ပရိသတ်ကြီးရှေ့မှာ ဟန်တွေအမျိုးမျိုး ထိုးပြနေသည်။ ပြီးတော့ သူ့မျက်လုံးတွေကလဲ သခင်ဖြစ်သူ ခါးကုန်းကြီး ဦးဒိဗ္ဗထံမှ တစ်ချက်ကလေးမှ မခွာဘဲ အမှားအယွင်းတစ်စုံတစ်ရာ ပြုလုပ်မိမှာကို စိုးရိမ်ကြောက်လန့်နေသူလိုဖြစ်နေပြီး နောက်ထပ် အမိန့်တစ်စုံတစ်ရာကို စောင့်နေ၏။

ထို့နောက် ဦးဒိဗ္ဗက ဝါးတုတ်နှင့်မြေပြင်ကို တဖျန်းဖျန်းရိုက်နက်အသံပေးလိုက်ပြီး . . . တောက်ခေါင်ကို သံပိုက်လုံးအတွင်းမှာရှိနေသည့်အရာကို ဖွင့်လှန်ပြရန် ခိုင်းစေလိုက်သည်။

တောက်ခေါင်မှာလဲ မျက်လှည့်ဆရာတစ်ယောက်လို အမူအယာမျိုးနှင့် ဟန်ရေးတွေပြကာ သံပိုက်လုံးကြီးကို ရုတ်တရက် ဆွဲလှန်ပြလိုက်လေသည်။

"ဖလပ် . . . ဖလပ် . . . ဖလပ် . . ."

"ဟင် . . ."

"ဟာ . . . ခိုဖြူလေးတစ်ကောင်ပါလား . . ."

ထိုသံပိုက်လုံးကြီးအောက်တွင်တော့ စောစောကမြွေပောက်ကြီးမှာ လုံးဝရှိမနေတော့ဘဲ ခိုဖြူလေးတစ်ကောင်သာ အတောင်ပံတဖျတ်ဖျတ်ခတ်ရင်း ထွက်ပေါ်လာ၏။

"ရှီး . . . ဖျောင်း . . . ဖျောင်း . . . ဖျောင်း . . ."

www.burmeseclassic.com

www.burmeseclassic.com



"အံ့ရောဗျာ . . . ကျုပ်တို့မျက်စေ့ရှေ့တင် မြွေကနေ ခိုဖြူလေးဖြစ်သွားတာ မယုံနိုင်စရာပဲတော့ . . ."

"ဒီလူဟာ . . . ဒီလောက်အစွမ်းထက်ပုံရရင် . . . မှော်အတတ်တွေဘာတွေများ တတ်နေသလား အောက်မေ့ရတယ်ဗျို့ . . ."

ထိုခေတ်.ထိုအခါက ရိုးသားသော တောသူတောင်သားတို့မှာ တစ်နယ်တစ်ကျေးမှ ရောက်လာသူ ဧည့်စိမ်းမှန်သမျှကို အမျိုးမျိုး အကဲခတ်ခန့်မှန်းပြောဆိုကြရာ မျက်လှည့်ဆရာ ဦးဒိဗ္ဗကိုတော့ သူ့ပညာအစွမ်းကြောင့် တခဏအတွင်းမှာပင် အကြွင်းမဲ့ ယုံကြည်လေးစား သွားကြ၏။

ဒါတင်မက မျက်လှည့်ဆရာ ဦးဒိဗ္ဗ၏ အံ့မခန်းဖွယ်ရာ ပြကွက်တွေကြောင့် ကြက်ဆူတောရွာတစ်ရွာလုံး ထိုနေ့အဖို့ တအံ့တသြတွေနှင့် ထမင်းလုံးတစ္ဆေအခြောက်ခံနေရသလိုပင် ဖြစ်နေတော့သည်။

သည်လိုနှင့် ဘယ်အရပ်ကလာပြီး ဘယ်အရပ်ကိုသွားမည်မှန်းမသိသော မျက်လှည့်ဆရာ ခါးကုန်းကြီး ဦးဒိဗ္ဗနှင့် သူ၏မျောက်ညို ငတက်ခေါင်တို့မှာ ထိုနေ့က ကြက်ဆူတောရွာအစွန်မှ ဇရပ်အိုကြီးမှာပင် စတည်းချ တည်းခိုလိုက်ကြသည်။

■

သူကြီး ဦးဘိုးမြစ်က ပြောလက်စ စကားကို ခဏရပ်ကာ မီးသေနေသော ဆေးတံကို အားရပါးရ မီးညှိဖွာရှိုက်လိုက်၏။ ထို့နောက် ဦးဘိုးမြစ်က သူနှင့် မျက်လှည့်ဆရာ ခါးကုန်းကြီး ဦးဒိဗ္ဗတို့ စပြီးဆုံတွေ့ကြပုံကို သတိတရနှင့် ဆက်ပြီးပြောပြန်သည်။

တိုးမောင်နှင့် နက်ကျော်တို့မှာလဲ သူတို့မသိမမီလိုက်သည့်အချိန်က အဖြစ်အပျက်တွေကို စိတ်ဝင်တစားတွေနှင့် အလွန်အမင်းသိချင်နေကြကာ ဦးဘိုးမြစ်တို့အိမ်မှ တည်ခင်းထားသော ရေနွေးကြမ်းနှင့် ပေါက်ပေါက်ဆုပ်တို့ကိုပင် မြည်းရန်မေ့လျော့နေကြသည်။

သူကြီးဦးဘိုးမြစ်က . . .

"အဲဒီမျက်လှည့်ဆရာ တို့ရွာကိုရောက်လာတဲ့နေ့မှာပဲ တိုက်တိုက်ဆိုင်ဆိုင် ငါ့မိန်းမ သိန်းခင်တစ်ယောက် သူဖြစ်နေကျ မိုက်အောင့်တဲ့ရောဂါဟောင်းက ပြန်ထပါရောဟေ့ . . ."

တိုးမောင်နှင့်နက်ကျော်တို့က သူကြီးဦးဘိုးမြစ်ထံမှ ဆက်ပြီးကြားရမည့် စကားတွေကို မျက်တောင်ပင်မခတ်မိကြဘဲ နားစိုက်ထောင်နေကြသည်။

ထို့နောက် ဦးဘိုးမြစ်က ဆက်ပြီး

"ဖြစ်ချင်တော့ကွာ အဲဒီတုန်းက ငါ့မိန်းမ သိန်းခင်ကုနေကျ ဆေးဆရာကလဲ ခရီးလွန်နေဆိုလား . . .၊ ပင့်မရဘူး . . .၊ ဒါနဲ့ ရွာတောင်ပိုင်းမှာနေတဲ့ ဖိုးငွေမောင်က ဇရပ်အိုကြီး

www.burmeseclassic.com



မှာ တည်းနေတဲ့ မျက်လှည့်ဆရာကြီးဟာ ဆေးတွေဝါးတွေကုတာ အလွန်တော်တယ်ဆို့အကြံပေးတာနဲ့ ငါလဲ အဲဒီ ဦးဒိဗ္ဗဆိုတဲ့ လူကြီးကို သွားခေါ်လာခဲ့ရတာပေါ့ . . ."

"ဒါဆိုရင် . . . အဲဒီ ခါးကုန်းကြီး ဦးဒိဗ္ဗက ပညာတော်တော်စုံအောင် တတ်တဲ့လူကြီးပဲနော် . . ."

တိုးမောင်၏ အမေးစကားကြောင့် ဦးဘိုးမြစ်က သူ၏ခပ်ကုတ်ကုတ်ဖြစ်နေသော နှုတ်ခမ်းမွှေးကြီးကို လက်ဖြင့်ဆွဲသပ်ချလိုက်ရင်း . . .

"ပညာစုံရုံတင်မဟုတ်ဘူး၊ ဒီလူက ပညာဂုဏ်လဲ တော်တော်မောက်တဲ့ လူကြီးတဲ့ . . .။ ပြီးတော့ စကားပြောလဲ အလွန်ပွကျတဲ့လူ . . .၊ ကုန်ကုန်ပြောရရင်ကွာ လူတွေကို လူလို့မထင်တဲ့လူပေါ့ . . ."

"ဒါနဲ့နေပါဦး ဘကြီးဘိုးမြစ်ရဲ့ အဲဒီတုန်းက ဒွေးလေးသိန်းခင်ရဲ့ မိုက်အောင့်တဲ့ရောဂါက ဒီလူကြီးကုပေးတာ ပျောက်ရောလား . . ."

အလောတကြီးမေးလိုက်သော နက်ကျော်၏မေးခွန်းကြောင့် သူကြီးဦးဘိုးမြစ်မှာ ခေါင်းကို အသာငြိမ့်လိုက်ရင်း

"ပျောက်တာတော့ ပျောက်ပါရဲ့ကွာ . . ."

ဟူ၍ လေးတွဲတွဲကြီးပြန်ဖြေကာ . . . ထိုအချိန်က အဖြစ်အပျက်တို့ကို ကြက်သီးအဖျန်းဖျန်းထရင်း ပြန်ပြောပြလေတော့သည်။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၄)

"အမလေး ကယ်ကြပါဦးရှင် . . ."

"ကိုဘိုးမြစ်ရေ ကျုပ်ကိုကယ်ပါဦးတော် . . ."

နာနာကျင်ကျင်ကြီးအော်နေသည့် ဒေါ်သိန်းခင်၏ အော်သံကြောင့် ဦးဘိုးမြစ်၏ မျက်စေ့မျက်နှာတွေက အိခြေမဆယ်နိုင်အောင်ပင် ပျက်နေ၏။ ဒီကြားထဲ ဦးဒိဗ္ဗဆိုသည့် မျက်လှည့်ဆရာနှင့်အတူပါလာသော မျောက်ငတက်ခေါင်က တစ်ချက်ကလေးမှ အငြိမ်မနေဘဲ ဦးဘိုးမြစ်တို့ အိမ်ကြီးပေါ်တွင် ဖျောင်းဆန်ချင်တိုင်း ဆန်နေသဖြင့် ခေါင်းတွေပင် မူးနောက်ပြာဝေလာ၏။

ဒါကို သူကြီးဦးဘိုးမြစ်တို့အိမ်မှ အစေခံများသာမက ခါးကုန်းကြီးဦးဒိဗ္ဗ၏ ဆေးကုပုံကို အထူးအဆန်းလုပ်ပြီး လာကြည့်ကြသည့် ရွာသားလေးငါးယောက်တို့မှာလဲ ထို ငတက်ခေါင်ဆိုသောမျောက်ကြောင့် လွှန်စွာမှ မျက်စေ့နောက်နေကြသည်။

သူကြီးဦးဘိုးမြစ်နှင့် ဒေါ်သိန်းခင်တို့ လင်မယားမှာ ကြက်ဆူတောရွာတွင်သာမက မြို့ပေါ်မှာပါ သိက္ခာသမာဓိရှိသူတွေဖြစ်ပြီး တစ်ရွာလုံးက အားကိုးသမှုပြုရသည့် မြို့မျက်နှာဖုံးတွေဖြစ်ကြသည်။ သူကြီးဦးဘိုးမြစ်မှာ အသက်အရွယ်အားဖြင့် လေးဆယ်ကျော်ကျော်သာရှိသေးပြီး အရပ်အမောင်းက ထောင်ထောင်မောင်းမောင်းနှင့် တည်ကြည်လေးနက်သော ဥပဒိရုပ်ရှိသူဖြစ်လေသည်။ ဒါ့အပြင် ခေါင်းပေါ်မှာ ပိုးပုဝါစကို ဦးပေါင်းပတ်ပြီးပေါင်းထားကာ ရင်ဖုံးတိုက်ပုံကိုလဲ အမြဲလိုလို ဝတ်ဆင်ထားသဖြင့် ပုလိပ်အင်စပက်တော်တွေ၊ နယ်ထောက်မင်းတွေကပင် တလေးတစားနှင့် ဆက်ဆံရသူ လူကြီးလူကောင်းတစ်ဦး ဖြစ်လေသည်။

www.burmeseclassic.com



သူကြီးဦးဘိုးမြစ်၏ မိန်းမဖြစ်သူ ဒေါ်သိန်းခင်မှာ အစစအရာရာ ပြည့်စုံကြွယ်ဝသူ တစ်ယောက် ဖြစ်သော်လည်း သူ၏ နှစ်ရှည်လများ ခံစားလာရသော ဗိုက်အောင့်သည့် အချိုး သမီးရောဂါဝေဒနာကြောင့် ခန္ဓာကိုယ်က သေးကွေးပိန်လှီပြီး မွဲခြောက်ခြောက်နှင့်ပင် ဖြစ်၍ နေလေသည်။

အခုလဲ သူ၏ရောဂါဟောင်းက မချိမဆန့်တွေ ပြန်ပြီးခံစားလာရသဖြင့် ရေပ်ဒိုကြီး မှာ ခတည်းချနေသည့် ခါးကုန်းကြီးဦးဒိဗ္ဗကို တတ်နိုင်သလောက် ကြည့်ရှုပေးရန် ပင့်ခေါ်ခဲ့လေသည်။ ထိုသို့ဆေးကုရန် ရောက်လာပါသည်ဆိုသော ဦးဒိဗ္ဗမှာလဲ လက်ထဲတွင် ဘာဆေးဝါးမှ ပါမလာဘဲ စုတ်ပြတ်ညစ်ထေးနေသည့် စောင်ကြားကြီးတစ်ထည်ကိုသာ ပခုံးပေါ်မှာ လွှမ်းခြုံထားသဖြင့် အားလုံးက သူ့ကို တအံ့တကြနှင့် ဖြစ်နေကြသည်။ ဒါ့အပြင် ချေးအထပ်ထပ်တက်နေသော လက်ချောင်းတွေကိုလဲ တင်ပလ္လင်ခွေထားသည့် သူ၏ ဒူးနှစ်ဖက်ပေါ်မြှန်တင်ထားသည်ကိုကြည့်ပြီး အားလုံးက အော့နလုံးပင်နာနေမိကြသည်။

ထိုအချိန်မှာပင် ဦးဒိဗ္ဗက

"အသက်ဘယ်လောက်လဲ..."

"ရှင်..."

ရုတ်တရက်ကောက်ကာငင်ကာကြီး မေးလိုက်သည့် မေးခွန်းကြောင့် သေလုမျောပါးခံစားနေရသည့် ဒေါ်သိန်းခင်မှာ "ရှင်" ဟုပင် နားမလည်နိုင်ဘဲ ဖြစ်သွား၏။

"ခင်ဗျားကို အသက်မေးနေတာ..."

တုံးတိတိမေးခွန်းကြောင့် ဒေါ်သိန်းခင်မှာ တုန်တုန်ရင်ရင်နှင့် မဆိုင်းမတွပင် ပြန်ဖြေလိုက်၏။

"လေး... လေးဆယ့်ရှစ်ထဲမှာပါ..."

ထိုအခါမှ ဦးဒိဗ္ဗ၏ တွန့်ခေါက်နေသော မျက်ခုံးနှစ်ဖက်အောက်မှ စူးရှတောက်ပသော မျက်လုံးအစုံတို့မှာ ဒေါ်သိန်းခင် ခံစားနေရသော ဝမ်းဗိုက်ဆီသို့ စိုက်ပြီးကြည့်နေကာ အည်ငြိမ်ခန့်ငြားသောအသံဖြင့်...

"ဒီရောဂါအကင်းသေပြီး အမြန်ပျောက်ချင်ရင် အမဲသားအစိမ်းနှစ်ဆယ်သားကို အရက်နဲ့တစ်ထိုင်တည်း မြည်းရမယ်..."

ဟူ၍ ရုတ်တရက်ပြောလိုက်လေရာ...

"ရှင်... ဘယ်လို..."

"ဘယ်နယ့်ဗျာ... မဖြစ်နိုင်တာ... ကျုပ်တို့က ခြေလေးချောင်းသားကို ရှောင်တတ်နေရှောင်ထားကြတာဗျ...၊ ဒီကြားထဲ ကျုပ်မိန်းမက အရက်ကိုပါ သောက်ရဦးမယ်ဆိုတော့"

သူကြီးဦးဘိုးမြစ်နှင့် ဒေါ်သိန်းခင်တို့မှာ ခါးကုန်းကြီးဦးဒိဗ္ဗ၏ဆေးနည်းကို စိတ်ပျက်လက်ပျက်နှင့် အကြောက်အကန်ပင် ငြင်းဆန်လိုက်ကြသည်။ ဦးဘိုးမြစ်တို့အိမ်မှ အခစားများ

www.burmeseclassic.com

www.burmeseclassic.com



မှာလဲ ရတနာသုံးပါးကို အထူးပင်ရိုသေကိုင်းရှိုင်းသူများ ဖြစ်ကြ၍ အိမ်ကြီးရှင်အား မဟုတ်မတတ်ဆေးနည်းတွေပေးနေသည့် ခါးကုန်းကြီးဦးဒိဗ္ဗကို လွန်စွာမှ အမြင်ကပ်မိကြလေသည်။

ထိုအချိန်မှာပင် သူကြီးကတော် ဒေါ်သိန်းခင်မှာ လက်နှစ်ဖက်ဖြင့် ဗိုက်ကိုနှိပ်လျက်

"အ . . . အမလေး လုပ် လုပ်ပါဦး . . . ဗိုက်ထဲက အောင့်လာပြန်ပြီ . . . အား . . ."

ထိုသို့သောလူမျှောပါးဝေဒနာကို မရှုမလှနှင့်ခံစားနေရသော ဒေါ်သိန်းခင်၏ အော်သံကြောင့် အိမ်ကြီးပေါ်မှ အစေခံမိန်းမများမှာ ဝရုန်းသုန်းကားနှင့် ခြေမကိုင်မိ လက်မကိုင်မိ တွေဖြစ်ကုန်ကြပြန်သည်။ ဦးဘိုးမြစ်မှာလဲ ဖြူဖတ်ဖြူရော်ပင် ဖြစ်နေသော ဇနီးဖြစ်သူ ဒေါ်သိန်းခင်၏မျက်နှာကိုကြည့်ကာ လွန်စွာမှ စိုးရိမ်ပူပန်တွေဖြစ်သွားပြီး ဘာလုပ်လို့လုပ်ရမှန်းပင်မသိဖြစ်နေသည်။

ထိုအချိန်မှာပင် ခါးကုန်းကြီးဦးဒိဗ္ဗက ထိုင်ရာမှ ထဖို့ဟန်ပြင်လိုက်ပြီး . . .

"ကဲ . . . ကျုပ်ပြောတဲ့ဆေးကို မသောက်မှတော့ ကျုပ်ပြန်ရုံရှိတာပေါ့ . . ."

ဟုဆိုလေရာ . . . သူကြီးဦးဘိုးမြစ်က ပျာပျာသလဲနှင့်

"နေ နေပါဦးဗျ . . . အခုပြောတဲ့ဆေးနည်းကိုလုပ်ရင် တကယ်ပဲ ဒီရောဂါက ပျောက်မှာလား . . ."

ဦးဘိုးမြစ်၏လေသံတွေက ဘယ်လိုမှ မတတ်နိုင်သည့်အဆုံး ဦးဒိဗ္ဗ၏ဆေးနည်းကို လက်ခံလိုက်ရန် ဇဝေဇဝါတွေ ဖြစ်သွား၏။ ထို့နောက် ဦးဒိဗ္ဗက သူကြီးဦးဘိုးမြစ်၏ နားရွက်နားသို့ကပ်ကာ လေသံတိုးတိုးနှင့်

"အခုကျုပ်ပြောတဲ့ဆေးနည်းအပြင် . . ၊ ခင်ဗျားကိုယ်တိုင်လုပ်ရမယ့် အလုပ်တစ်ခုလဲ ရှိသေးတယ် . . ၊ အဲ . . . ကျုပ်ခိုင်းတာတွေ တသွေမတိမ်းလုပ်ပြီးရင်တော့ ခင်ဗျားမိန်းမ တစ်သက်လုံးခံစားလာရတဲ့ ဝေဒနာက ချက်ချင်းပျောက်သွားမှာပဲ . . ."

"ဟင် . . ."

ဦးဘိုးမြစ်မှာ လေသံတိုးတိုးနှင့် အနားကပ်ပြီးပြောလိုက်သည့် ဦးဒိဗ္ဗ၏စကားကြောင့် အေးဘီပတ်ဝန်းကျင်ကို မျက်လုံးဝေ့ပြီး ကြည့်လိုက်လေသည်။ တစ်ချိန်ထဲမှာပဲ သူ့စိတ်ထဲတွင် ခါးကုန်းကြီးဦးဒိဗ္ဗက ဘာတွေများ မဟုတ်မဟတ်တွေ ထပ်ပြီးခိုင်းစေဦးမည်လဲဆိုသည်ကိုသာ တွေးနေမိ၏။

ထို့နောက် ဦးဒိဗ္ဗက လေသံတိုးတိုးဖြင့် အနားသို့ကပ်ပြီး

"ခင်ဗျားလုပ်ရမယ့်အလုပ်က အမဲသားစိမ်းနဲ့အရက်ကို ခင်ဗျားရဲ့မိန်းမကမြိန်ရေရှက်ရေ စားသောက်နေချိန်မှာ ခင်ဗျားဟာ ရွာထဲက အိမ်တစ်အိမ်အိမ်ကိုသွားပြီး အိမ်ရှင်မသိအောင် ပစ္စည်းတစ်ခုခုကို ခိုးယူလာခဲ့ရမယ် . . ."

"ဗျာ . . ."

www.burmeseclassic.com

www.burmeseclassic.com



အနည်းငယ်ကျယ်လောင်သွားသော ဦးဘိုးမြစ်၏ လေသံကြောင့် အနီးဆက်စပ်တဲ့မှ လူများမှာ ဖျတ်ခနဲ လှမ်းကြည့်လိုက်ကြလေသည်။ သို့သော် ဦးဒိဗ္ဗပြောဆိုလိုက်သည့် အကြောင်းအရာကိုတော့ ဦးဘိုးမြစ်ကိုယ်တိုင်မှလွဲ၍ ဘယ်သူတစ်ဦးတစ်ယောက်မှ မကြား လိုက်ကြချေ . . .။

သူကြီး ဦးဘိုးမြစ်မှာလဲ သူ၏ သိက္ခာသမာဓိနှင့် လားလားမှ မကိုက်ညီသည့် အဒိန္နဒါနကံကို ကျူးလွန်ရမည်ဟု ဆိုသောအခါ လွန်စွာမှ ခေါင်းနပန်းတွေ ကြီးသွားရလေသည်။ တစ်ချိန်ထဲမှာပဲ ဇနီးဖြစ်သူ ဒေါ်သိန်းခင်၏ သေလုမျောပါးခံစားနေရသည့် ဝေဒနာကြီးက လုံးဝ ပျောက်ကင်းသွားရမည်ဟု ဆိုသောအခါ သူ့စိတ်တွေက မတင်မကျတွေနှင့် ဖြစ်နေမိ၏။

"ဒီလူ့ရဲ့ ဆေးနည်းတွေဟာ ရှိးမှရှိးရဲ့လား . . .၊ မတော်လို့များ ငါတို့နှစ်ယောက်တ ဒီကံတွေကို ကျူးလွန်ပြီးကာမှ ရောဂါကမပျောက်ခဲ့ရင်ကော ဘယ်လိုလုပ်မလဲ . . .၊ အို ရှုပ်ပါ တယ် . . . ဟုတ်သော်ရှိ၊ မဟုတ်သော်ရှိပေ့ါ . . .၊ မလွှဲသာမရှောင်သာမှတော့ အကုသိုလ်ဖြစ် ချင်လဲ ဖြစ်ပစေ၊ ငါ့မိန်းမသိန်းခင်ရဲ့ ဝေဒနာပျောက်ရင် ပြီးတာပဲ . . ."

ထိုအချိန်မှာပင် ဒေါ်သိန်းခင်၏ မျက်နှာမှာလဲ အကြီးအကျယ်ခံစားနေရသော ဝေဒနာကြောင့် ဘယ်လိုမှ မတတ်သာသည့်အဆုံး ဦးဒိဗ္ဗ၏ဆေးနည်းကို လက်ခံရုံသာရှိတော့ သည်ဆိုသည့် အမူအရာဖြစ်နေ၏။

ထို့နောက် သူကြီးဦးဘိုးမြစ်မှာ စိတ်ကိုဒုံးဒုံးချလျက်

"ဘယ်တတ်နိုင်မှာလဲ သိန်းခင်ရယ် . . .၊ ဆေးဖြစ်ဝါးဖြစ်သဘောပေ့ါ . . . ငါတို့တွေ တင်းပါးကို ဘယ်လောက်စောင့်ထိန်းကြတယ်ဆိုတာ မြတ်စွာဘုရားသခင်ကိုယ်တော်တိုင် အသိဆုံးပဲ . . ."

ဟုဆိုကာ ဦးဒိဗ္ဗ၏ဆေးနည်းတွေကို မနှစ်မြို့ဘဲ ခေါင်းငြိမ့်လက်ခံလိုက်ရတော့ သည်။

ဦးဘိုးမြစ်မှာ ထိုသို့စိတ်ကိုပိုင်းဖြတ်လိုက်ပြီးသည်နှင့် အိမ်စေမိန်းမကြီးတစ်ယောက် ကို အမဲသားနှင့် အရက်တို့ကို ဝယ်ခြမ်းခိုင်းလိုက်လေသည်။ သူ၏မျက်လုံးတွေကလဲ အိမ်ကြီး ပေါ်မှာ လာရောက်ကြည့်ရှုနေကြသည့် ရွာသားအချို့နှင့် အိမ်စေများရှိရာဘက်သို့ မဝံ့မရဲနှင့် လှမ်းကြည့်လိုက်ပြီး

"ဒီလူကြီး ငါ့နားကို တိုးတိုးကပ်ပြီးခိုင်းလိုက်တဲ့ ကိစ္စကိုတော့ ဘယ်သူမှ မသိတန် ကောင်းပါဘူး . . ."

ထိုသူတွေအားလုံးကတော့ ဦးဒိဗ္ဗ သူ့ကို တိုးတိုးကပ်ပြီး ခိုင်းစေလိုက်သည့်ကိစ္စတို့ နည်းနည်းမှ မရိပ်မိကြဘဲ နောက်ထပ် ဘာတွေဆက်ပြီးဖြစ်လာဦးမည်လဲဆိုသည်ကိုသာ အာ ရုံစိုက်နေမိကြသည်။

ထို့နောက် . . . သူကြီးဦးဘိုးမြစ်မှာ ခါးကုန်းကြီးဦးဒိဗ္ဗမပ[illegible]သဖြင့် ခိုင်းစေသည့်

www.burmeseclassic.com

www.burmeseclassic.com



ဒါမှအိနှာတာကို တချူးလွန်ရန် ချိတုန်ချတုန်တွေဖြစ်နေကာ အိမ်ကြီးပေါ်မှ မသိမသာဆင်း သွားခဲ့တော့သည်။

■

အနေတော် ပိုင်းဖြတ်ခုတ်ထစ်ပြီးသား အမဲသားတုံးတွေက ပန်းကန်ပြားတစ်ချပ် ထဲတွင် သွေးစိမ်းရှင်ရှင်နှင့် ညှီစို့စို့ဖြစ်နေ၏။ ထိုအမဲသားပန်းကန်၏ဘေးတွင်လဲ တောအရက် ပုလင်းတစ်လုံးကို ချထားလေရာ ထိုအနံ့တွေကြောင့် ဒေါ်သိန်းခင်တစ်ယောက် ပျို့ချင်အန်ချင် သည့်စိတ်တွေ ရင်ထဲမှ တစ်လိပ်လိပ် တက်လာ၏။

ထိုအချိန်မှာပင် ခါးကုန်းကြီးဦးဒိဗ္ဗက မျက်စေ့နှစ်လုံးကို စုံမှိတ်ကာ ဂါထာမန္တန်တွေ ကို တစ်တွတ်တွတ်နှင့် ရွတ်ဆိုနေလေတော့သည်။

"အဲဒီမျက်လှည့်ဆရာက မကောင်းတဲ့ အောက်လမ်းနည်းတွေသုံးပြီး ကုနေတာ လား မသိဘူးနော် . . ."

"ညည်းကလဲအေ . . . စောင့်မျှားကြည့်စမ်းပါဦးတော့လား . . ၊ အပြစ်တင်တွေ မ စောစမ်းပါနဲ့ . . ၊ ဒါမျိုးဆိုတာ ဓာတ်စာနဲ့ ဓာတ်ကြမ်းတိုက်တာတို့ဘာတို့ ဖြစ်ချင်ဖြစ်မှာပေါ့"

"အို . . . ဘာပဲဖြစ်ဖြစ် ကျုပ်တို့ မမလေးက ဒီလို အသားကြီးငါးကြီးတွေမပြောနဲ့ . . . မွေးနေ့ရောက်ရင်တောင် သတ္တဝါတွေကို ဘေးမဲ့လွှတ်ပေးနေကျ . . ၊ အခု အရက်ပါသောက် ရမယ်ဆိုတော့ . . ၊ ဒီဆေးဆရာဟာ စိတ်မှန့်ရဲ့လားတောင် မသိဘူး . . ."

"တိုးတိုးပြောကြစမ်းပါအေ . . . ခါးကုန်းကြီး ကြားသွားပါဦးမယ် . . ."

တစ်ယောက်တစ်ပေါက် ပြောဆိုနေသည့် စကားသံတွေက သူကြီးဦးဘိုးမြစ်တို့ အိမ်ကြီးပေါ်မှာ ဟိုနားကျိတ်ကျိတ်၊ ဒီနားကျိတ်ကျိတ်နှင့် ဖြစ်နေကြ၏။

ခဏအကြာ ဦးဒိဗ္ဗက

"ကဲ . . . ရော့ . . . စားပေတော့ . . ."

"ဝေါ့ . . ."

ဒေါ်သိန်းခင်၏ ပါးစပ်မှ ပျို့အန်ထွက်သွား၏။ သူ့နဖူးပေါ်တွင်လဲ ချွေးသီးချွေးပေါက်တွေက မြင်မကောင်းအောင် ထွက်နေပြီး ခြေဖျားလက်ဖျားတွေက တောင့်တင်းနေလေသည်။

ထိုအချိန်မှာပင် ဦးဒိဗ္ဗက ပန်းကန်ပြားထဲမှ သွေးရဲရဲသံရဲရဲဖြစ်နေသည့် အမဲသား စိမ်းတစ်တုံးကို သူ၏မျောက်ညှီ တောက်ခေါင်းအား လှမ်းပစ်ပေးလိုက်လေရာ . . . တောက်ခေါင် က လက်နှစ်ဖက်ဖြင့် ဖမ်းယူပြီး ပါးစပ်ထဲသို့ အငမ်းမရနှင့် ထိုးကျိတ်ထည့်လိုက်လေသည်။

"ဟင် . . ."

ထိုအခါမှ ဒေါ်သိန်းခင်ရော ဘေးမှဝိုင်းကြည့်နေကြသူတွေပါ မျက်လုံးသီးမွှေးညှင်း

www.burmeseclassic.com

www.burmeseclassic.com



တွေ တဖျန်းဖျန်းထကုန်ကြသည်။

"အမလေး . . . ကျောချမ်းစရာကြီးပါလား . . ."

"အလိုလေး . . . ပောဒီမျောက်ဟာ အရွယ်နဲ့မလိုက်အောင် အငမ်းမရစားနေပုံဟာ အစိမ်းသရဲဝင်နေသလား အောက်မေ့ရတယ် . . ."

ငတက်ခေါင်က ပါးစပ်ထဲတွင် ပြည့်ကျပ်နေသည့် အမဲသားစိမ်းတွေကို ချွန်မြနေသော သွားများဖြင့် ဖိကြိတ်ဝါးနေပြီး နှုတ်ခမ်းတစ်ဝိုက်မှ အမွေးအမှျင်တွေက သွေးအလူးလူးနှင့် ပေကျံနေလေသည်။ ထိုမြင်ကွင်းကိုကြည့်နေကြသည့်လူတွေအကုန်လုံးမှာ အံ့အားသင့်နေကြရုံမက လွန်စွာမှ အော့နလုံးနာနေကြလေသည်။

သို့သော် ဦးဒိဗ္ဗကတော့ သူမျောက်ငတက်ခေါင် အားရပါးရစားသောက်နေသည့် မြင်ကွင်းကိုကြည့်ကာ ခေါင်းတညိတ်ညိတ်ဖြင့် အားရကျေနပ်နေလေသည်။

ထို့နောက် ဦးဒိဗ္ဗက ပန်းကန်ပြားထဲတွင် ကျန်ရှိနေသည့် အမဲသားစိမ်းတွေကို မေးငေါ့ပြလိုက်ရင်း ဒေါ်သိန်းခင်ကို စားခိုင်းလေသည်။

"ဟင့်အင်း . . . ဟင့်အင်း . . . ကျွန်မ မစားဝံ့ဘူး . . ."

တကယ်တမ်း စားရတော့မည်ဆိုသောအခါ ခြေတစ်ခါခါ လက်တစ်ခါခါနှင့် ငြင်းဆန်နေသည့် ဒေါ်သိန်းခင်၏မျက်နှာက ထိတ်လန့်ချောက်ချားကာ သွေးဆုတ်ဖြူရော်၍ပင်နေလေသည်။

တစ်ချိန်ထဲမှာပင် သူမ၏ နှစ်ရှည်လများ သေလုမျောပါး ခံစားလာရသည့် ဝေဒနာတ ပန်းကန်ပြားထဲမှ အမဲသားတွေကို စားလိုက်ပြီးသည်နှင့် လုံးဝပျောက်ကင်းသွားရမည်တဲ့ ဆိုသောအခါ သူ့စိတ်တွေက ချက်ချင်းပင် တွေတွေဝေဝေတွေ ဖြစ်မိပြန်၏။

ထို့နောက် ဒေါ်သိန်းခင်မှာ အချိန်တော်တော်ကြာအောင် စိတ်တွေ ကယောက်တယက်ဖြစ်နေပြီး သူမ ခံစားနေရသည့် ဝေဒနာဆိုးကြီးကို ပျောက်ချင်ဇောနှင့် မျက်စေ့ကိုမှိတ် အတင်းမှိတ်ကာ သွေးစိမ်းရှင်ရှင်နှင့် အမဲသားတွေကို ပါးစပ်ထဲသို့ ထည့်လေတော့သည်။

"ဝေါ့ . . ."

"ရော့ . . . ရေတိုက် . . . ရေတိုက် . . ."

"ဟဲ့ . . . ကျောကိုနောက်က နည်းနည်းထုပေး . . . ဒါမှ လည်ချောင်းထဲ ကျသွားမှာ . . ."

"ဘုန်း . . . ဘုန်း . . . ဘုန်း . . ."

မဲ့ကာရွဲ့ကာနှင့် ချွေးသီးချွေးပေါက်ကြီးတွေကျပြီး မျိုချနေသည့် ဒေါ်သိန်းခင်တို့ ဘေးမှ အိမ်စေမိန်းမတွေက ရေတိုက်သူတိုက်၊ ကျောကိုထုသူကထုနှင့် ကျွတ်ကျွတ်ညည်းနေကြ သည်။ ဒီကြားထဲ ဒေါ်သိန်းခင်၏ ပါးစပ်ထဲမှ ပြန်ထွက်ကျလာသည့် အမဲသားအစအနတွေကို ငတက်ခေါင်က အလုအယက်နှင့် ကောက်ယူပြီး စားနေပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်မှာပင် . . .

"အူ . . . ဝူး . . . ဝူး . . ."

အိမ်ရှေ့ရွာလမ်းမကြီးပေါ်မှ နေ့ခင်းကြောင်တောင် ဆွဲဆွဲငင်ငင်ကြီး အူလိုက်သည့် ခွေးအူသံကြီးကို သူတို့အားလုံး ကြားလိုက်ရလေသည်။

သူကြီးဦးဘိုးမြစ်မှာ ရွာမြောက်ပိုင်းမှ အိမ်တစ်အိမ်ရှေ့တွင် အတန်ကြာအောင် ခေါက်တုန့်ခေါက်ပြန်လျှောက်နေမိကာ သူ့စိတ်တွေက အိမ်အတွင်းသို့ အကြောင်းမဲ့ဝင်ရန် ချီတုန်ချတုံဖြစ်နေမိ၏။ ပြီးတော့ တစ်ကြိမ်တစ်ခါမှ မလုပ်ဘူးသည့် အလုပ်တစ်ခုကို လူမသိသူမသိ လုပ်ရမည့်အတွက်လဲ သူ့ကိုယ်သူ မလုံမလဲနှင့် ဖြစ်နေမိသည်။

ထို့နောက် ပျာယီးပျာယာ မျက်လုံးတွေနှင့် ပတ်ဝန်းကျင်တစ်ခုလုံးကို အကဲခတ်ပြီး ထိုအိမ်အတွင်းသို့ ခပ်သုတ်သုတ်လှမ်းဝင်သွားလိုက်၏။ တစ်ရှမ်းရှမ်း တစ်ဖျတ်ဖျတ်မြည်နေသော ဘန်ကောက်ပိုးလုံချည်က သူ့ခြေထောက်နှစ်ချောင်းကို ဖမ်းဆုပ်ထားသလို ဖြစ်နေသဖြင့် လက်နှစ်ဖက်က ဆွဲမထားရလေရာ သူ့ပုံစံက ခိုးကြောင်ခိုးဝှက်နှင့် အရင်လိုနေသည့်ကိစ္စမှန်း သိသာနေလေသည်။

"အလို . . . သူကြီးပါလား . . . ကြွပါကြွပါ . . ။ ဆိုင်းမဆင့်ဗုံမဆင့်နဲ့ ရောက်လာပုံထောက်ရင် အကြောင်းထူးရှိလို့ မှတ်တယ်ခင်ဗျ . . ."

ခြံဝင်းထဲသို့ လှမ်းဝင်လိုက်သည်နှင့် အိမ်ရှင်ကိုသာဖျော့၏ ခရီးဦးကြိုပြု နှုတ်ဆက်လိုက်သည့်အသံကြောင့် ဦးဘိုးမြစ်၏ တစ်ကိုယ်လုံး လျှပ်စစ်ဓာတ်နှင့် အတို့ခံလိုက်ရသူလို တစ်ဆတ်ဆတ်ပင် တုန်ရင်သွား၏။

"ဪ . . . အင်း . . . အဲ . . . ကိစ္စကတော့ . . ."

လည်ချောင်းဝမှ ဆက်ပြီးထွက်မလာတော့သော စကားသံတွေကြောင့် ဦးဘိုးမြစ်၏ ရင်တစ်ခုလုံးမှာ ဗျောင်းဆန်ချင်တိုင်းပင် ဆန်နေသည်။ သို့သော် သူ၏ခြေလှမ်းတွေက အခုမှတော့ မထူးတော့ပြီဆိုသည့်သဘောနှင့် အိမ်ဦးခန်းအတွင်း အခန့်သား ဝင်ထိုင်လိုက်လေသည်။

ပြီးနောက် အိမ်ရှင် ကိုသာဖျော့ဆိုသူအား ပါးစပ်ထဲရှိရာ ပြောမိပြောရာ အကြောင်းတွေကို အစီအစဉ်မကျ အထစ်ထစ်အငေါ့ငေါ့ လေသံတွေနှင့် တရစပ် ပြောမိလေသည်။

"ဒီ . . . ဒီလိုပါ ကိုသာဖျော့ . . ။ ကျုပ် ဒီကိုလာတဲ့ကိစ္စက . . . အခွန်တော်ကိစ္စပါ . . ။ ခင်ဗျားတို့ ဒီနှစ်အတွက် လယ်ခွန် . . ."

ထိုစကားကြောင့် ကိုသာဖျော့က သူ့ခေါင်းမှာပတ်ပြီး ပေါင်းထားသည့် ပုဆိုးကြမ်းတစ်ထည်ကို ကပျာကယာဖြည်ချလိုက်ရင်း . . .

"ဟင် လယ်ခွန် . . . ဟုတ်လားသူကြီး . . ။ ပြီးခဲ့တဲ့ တမြန်မနေ့ကပဲ . . . သူကြီးကို

www.burmeseclassic.com

www.burmeseclassic.com



ကျုပ်ကိုယ်တိုင်ပဲ ပေးလိုက်တာလေ . . .”

ထိုအခါမှ ဦးဘိုးမြစ်၏ မျက်နှာတစ်ခုလုံးမှာ ဖိန်းတိမ်းရှိန်းတိမ်းတွေနှင့် ဖြစ်သွားပြီး ပျာယီးပျာယာနှင့်

“ဩော် . . . အင်း . . . ဟုတ်ပါရဲ့ဗျာ . . . မေ့နေလိုက်တာ . . .၊ ကျုပ်လဲ အခုတစ်လောဘာဖြစ်တယ်မသိဘူးဗျာ သတိတွေက ခပ်မေ့မေ့ရယ် . . .၊ စိတ်မရှိပါနဲ့ . . .”

မျက်စေ့မျက်နှာတွေပျက်သွားသော သူကြီးဦးဘိုးမြစ်မှာ ဖာဖာထေးထေးနှင့် ပြန်ပြောလိုက်ရသော်လည်း သူ့ကိုယ်သူ မလုံ့မလဲနှင့်ဖြစ်နေသည့်စိတ်တွေက ပုစွန်ဆိတ်တစ်ကောင်ကဲ့သို့ပင် ခုန်ပေါက်နေသည်။ ထိုသို့ အားတုံ့အားနာနှင့်ဖြစ်သွားသော သူကြီးဦးဘိုးမြစ်ကို အိမ်ရှင် ကိုသာဗျော့က

“ရပါတယ် သူကြီးရယ် ကိစ္စမရှိပါဘူး . . .။ သူကြီးက အခွန်ကိစ္စတင်မဟုတ်ဘူး . . .၊ ရပ်ရေးရွာရေးတွေပါ အားလုံးတာဝန်တွေယူနေရတော့ အလုပ်က အများသားမဟုတ်လား . . .။ တစ်ခါတစ်ရံလဲ မေ့မှာပေါ့ . . .။ ကဲ ရောက်တုန်းရောက်ခိုက် အဖန်ရည်လေး ဘာလေး သုံးဆောင်သွားပါဦး”

ဟုဆိုကာ ကိုသာဗျော့က အိမ်အတွင်းခန်းဆီသို့ သုတ်ခနဲဝင်သွားလေသည်။ သူကြီး ဦးဘိုးမြစ်မှာလဲ ထိုအခါမှ သက်ပြင်းတစ်ချက်ကို ခိုးချလိုက်ရင်း ကိုသာဗျော့ရဲ့ အိမ်ဦးခန်းတစ်ခုလုံးကို မျက်စေ့ကစားပြီး ကြည့်လိုက်မိသည်။

ကိုသာဗျော့၏အိမ်တွင်တော့ သူ့မိန်းမ မစိန်ကြည်ကော ကလေးများပါ မတွေ့ရချေ။ အိမ်ရှေ့ခန်းတွင်လဲ အကွက်ဖော်ပြီး ယက်လုပ်ထားသည့် ဝါးထရံတွေက အချို့နေရာတွေမှာ ဟောင်းလောင်းပေါက်တွေဖြစ်နေပြီး ပင့်ကူအိမ်တွေက တိုးလိုးတွဲလောင်းနှင့် ဖြစ်နေသည်။ အခန်း၏ ထောင့်နေရာတွင် ချထားသော မှိုင်းဝနေသည့် ရေနံဆီမီးခွက်ဟောင်းမှာလဲ ညေးညစ်ညစ်နှင့်ဖြစ်နေလေရာ ဘယ်လိုမှ ခိုးဝှက်ပြီး ယူချင်စရာမကောင်းသည့် ပစ္စည်းဖြစ်နေ၏။ ထို့နောက် ဦးဘိုးမြစ်က အိမ်၏အတွင်းခန်းနှင့် အိမ်ဦးခန်းကိုခြားကာ ကာရံထားသည့် ဝါးထရံပေါ်ကို လှမ်းကြည့်လိုက်ပြန်ရာ ထိုထရံတွင် ထိုးစိုက်ညှပ်ထားသည့် ကြက်တောင်မွှေးတစ်ချောင်းကို တွေ့လိုက်ရသည်။ ထိုကြက်တောင်မွှေးကို မြင်လိုက်သည်နှင့်

“ငါ့ကိုယူခိုင်းလိုက်တာ အဖိုးနည်းတယ်၊ များတယ်မဟုတ်ဘူး . . .၊ ပစ္စည်းတစ်ခုခုလို့ပဲ ပြောတာ . . .၊ ဒီကြက်တောင်မွှေးကို ယူသွားရင်ကော မဖြစ်ဘူးလား . . .”

ထိုအတွေးနှင့်အတူ ဦးဘိုးမြစ်က မလှမ်းမကမ်းမှ ထရံတွင်ထိုးညှပ်ထားသော ကြက်တောင်မွှေးကို ဆွဲနုတ်ယူရန် ထိုင်ရာမှ ထတပ်ပြင်လိုက်၏။

ထိုစဉ် . . .

အိမ်၏အတွင်းခန်းဆီမှ ကိုသာဗျော့ ပြန်ထွက်လာသည့် ခြေသံတိုလိုတို ကြားလိုက်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



"တင် . . ."

ရုတ်တရက် ထိုင်ရမလို ထရမလိုနှင့်ဖြစ်သွားသော ဦးဘိုးမြစ်မှာ မျက်လုံးတွေပင် ပြာဝေသွား၏။ သို့သော် ထိုခြေသံက ချက်ချင်းပြန်ပျောက်သွားရာ သက်ပြင်းတွေကို ဦးဘိုးမြစ် တစ်ယောက် အကြိမ်ကြိမ်စိတ်ပျက်လက်ပျက် ချလိုက်မိသည်။ ပြီးတော့ သူ့တစ်ကိုယ်လုံးမှာလဲ ချွေးသီးချွေးပေါက်တွေက မြင်မကောင်းအောင်ပင် ထွက်လာသည်။

တစ်ဒိတ်ဒိတ် တိုးဆောင့်နေသော သူ၏နှလုံးခုန်သံက ကိုသာဖျော့တို့ အိမ်ဦးခန်း အတွင်း ကျယ်ကျယ်လောင်လောင်ကြီးပင် ကြားနေရသလို ထင်ရသည်။ ထိုသို့ စိတ်တွေက သောင်းကနင်းဖြစ်နေသည်နှင့်အမျှ ဦးဘိုးမြစ်၏ လက်ချောင်းတွေကလဲ ကြမ်းပြင်ကို အကြောင်းမဲ့ တစ်ဒေါက်ဒေါက်နှင့် ခေါက်နေမိ၏။

ထိုအချိန်မှာပင် . . . ဦးဘိုးမြစ်၏ မျက်လုံးတွေက ကြမ်းပြင်ပေါ်မှာချထားသော ယွန်းတွမ်းအစ်ဆီသို့ အကြည့်ရောက်သွားသည်။

"ဟုတ်ပြီ . . .၊ ဒီကွမ်းအစ်ထဲက ကွမ်းသီးတစ်ခြမ်းလောက်ကို ယူသွားရင်လဲ ဖြစ်တာပဲ . . . ငါ့ဘာတွေလျှောက်စဉ်းစားနေတာလဲ"

ချက်ချင်းဆိုသလို သူ့မျက်လုံးတွေကလဲ အိမ်ခန်းအတွင်းမှ ကိုသာဖျော့ပြန်ထွက်အလာကို ထိတ်ထိတ်ပျာပျာနှင့်ပင် ကြည့်နေမိသည်။

"ဒီအချိန်မှာ ကိုသာဖျော့တစ်ယောက်များ အိမ်ထရံပေါက်ထဲကနေ ငါ့ကိုချောင်းကြည့်နေရင် . . . ဘယ်လိုလုပ်မလဲ . . . ငါ့ရဲ့မရိုးမဖြောင့်တဲ့ လုပ်ရပ်ကြောင့် အထင်သေးအမြင်သေးဖြစ်သွားရင် တစ်သက်လုံး စောင့်ထိန်းလာတဲ့ ဂုဏ်သိက္ခာတွေလဲ အလကားဖြစ်ကုန်မှာ သေချာတယ် . . ."

ထိုအတွေးကြောင့် ကွမ်းအစ်ဆီသို့လှမ်းနေသော သူ့လက်တစ်ဖက်ကို နောက်သို့ အလိုလိုပြန်ပြီး ယုတ်လိုက်ပြန်သည်။ ထိုအချိန်မှာပင် . . . ဦးဘိုးမြစ်၏နားထဲမှာ ခါးကုန်းကြီး ဦးဒီဃနိုင်းစေလိုက်သည့် စကားသံတွေက ပဲ့တင်ထပ်မျှ ပြန်ပြီးကြားလာရပြန်ရာ စိတ်ကို ယတိပြတ် ဒုံးဒုံးချလျှက် ကွမ်းအစ်ထဲမှ ကွမ်းသီးခြမ်းကို ဖမ်းဆုပ်ယူလိုက်လေသည်။

ထိုစဉ် . . .

"စိတ်မရှိပါနဲ့ သူကြီးရယ် . . .၊ ကျုပ်တို့က ဆင်းရဲတဲ့တောသူတောင်သားတွေဆိုတော့ . . ."

ရုတ်တရက်ကြားလိုက်ရသော ကိုသာဖျော့၏အသံကြောင့် ဦးဘိုးမြစ်မှာ မျက်ဖလဲဆံပျာနှင့်ဖြစ်သွားပြီး တစ်ကိုယ်လုံး တဆတ်ဆတ်တုန်ရင်သွားလေသည်။

"ဟင် . . . ငါ . . . ငါ ဒီကွမ်းအစ်ထဲက ကွမ်းသီးခြမ်းကို နှိုက်ယူလိုက်တာ . . . ကိုသာဖျော့များ တွေ့သွားပြီလား . . ."

ထိုအတွေးနှင့်အတူ ကွမ်းသီးခြမ်းကို ဆုပ်ကိုင်ထားမိသည့်လက်တစ်ဖက်ကလဲ အ

www.burmeseclassic.com

www.burmeseclassic.com



လိုလိုနေရင်း တဆတ်ဆတ်တုန်ရင်နေလေသည်။ ထို့နောက် ကိုသာဖျော့က သူ့စကားကို ဆက်ကာ

"ကျုပ်တို့က ဆင်းရဲတဲ့ တောသူတောင်သားတွေဆိုတော့ အခုလို သူကြီး အိမ်ကို ကြွလာတာကို ဖွယ်ဖွယ်ရာရာ ဧည့်မခံရလို့ စိတ်မကောင်းပါဘူး..."

ဟင်းကနဲသာ သက်ပြင်းခိုးချလိုက်ရသော်လည်း သူကြီးဦးဘိုးမြစ်၏မျက်နှာက ငိုးရိမ်သောကမအေးဘဲ မသာမယာနှင့် ဖြစ်နေ၏။ ကိုသာဖျော့မှာလဲ လင်ဗန်းကြီးတစ်ချပ်ထဲတွင် ရေနွေးကြမ်းအိုးရော၊ ထန်းလျက်ပေါက်ပေါက်ဆုပ်တွေပါ ထည့်လာကာ ဦးဘိုးမြစ်၏ရှေ့တွင် တည်ခင်းဧည့်ခံလိုက်လေသည်။

သူကြီးဦးဘိုးမြစ်မှာ ကိုသာဖျော့၏ မျက်နှာကိုပင် ရဲရဲပြန်ပြီး မကြည့်ဝံ့ဘဲ

"အ ဟင်း...ရပါတယ် ကိုသာဖျော့ရယ်...ကျုပ်က တခြားဧည့်သည်မှ မဟုတ်ဘဲ..."

ဟုဆိုကာ ကွမ်းသီးခြမ်းကို ဆုပ်ကိုင်ထားသည့် လက်တစ်ဖက်ကို တိုက်ပုံအကျီအောက်အိတ်ထဲသို့ နှိုက်ဟန်ဆောင်ပြီး ထည့်လိုက်လေ၏။

ထို့နောက် ကိုသာဖျော့တည်ခင်းသည့် ရေနွေးကြမ်းနှင့် ထန်းလျက်ပေါက်ပေါက်ဆုပ်တွေကို တို့ကနန်းဆိတ်ကနန်းနှင့်စားကာ တောင်ရောက်မြောက်ရောက် ဦးတည်ချက်မရှိသည့် စကားများကို တစ်ခွန်းနှစ်ခွန်းပြောပြီး ထိုအိမ်မှ ပြန်လှည့်ထွက်လာတော့သည်။

သူကြီးဦးဘိုးမြစ်မှာ ကိုသာဖျော့တို့ခြံဝမှ အတော်ကလေး လွန်လာခဲ့သည့်တိုင်အောင် တစ်ကိုယ်လုံး ဖိန်းတိန်းရှိန်းတိန်းတွေနှင့် ဖြစ်နေပြီး ခြေဖျားလက်ဖျားတွေက အေးစက်နေ၏။

ဦးဘိုးမြစ် သူ့အိမ်သို့ပြန်ရောက်လာချိန်တွင်တော့ ဇနီးဖြစ်သူ ဒေါ်သိန်းခင်မှာ အရက်၏အရှိန်ကြောင့်လား၊ မသတီဘဲ မျိုချနေရသည့် အမဲသားအစိမ်းတွေကြောင့်လားမသိ တအင်းအင်း တအဲအဲနှင့် အော်ဟစ်ညီးညူနေလေသည်။ သူမ၏ရှေ့မှ ပန်းကန်ပြားထဲတွင်လဲ အမဲသားတွေက ကုန်သလောက်နီးပါးဖြစ်နေကာ ထိုအခြေအနေတွေအကုန်လုံးကို ခပ်လှမ်းလှမ်းမှ မိန့်မိန့်ကြီးကြည့်နေသူက ခါးကုန်းကြီးဦးဒိဗ္ဗပင် ဖြစ်သည်။

ဦးဘိုးမြစ်က အိမ်ပေါ်သို့ရောက်သည်နှင့် သူခိုးဖက်ယူဆောင်လာသည့် ကွမ်းသီးခြမ်းကို ဦးဒိဗ္ဗ၏လက်ထဲသို့ ထည့်ပေးလိုက်၏။

ဦးဒိဗ္ဗက ထိုကွမ်းသီးခြမ်းကို သူ့လက်ဖဝါးထဲတွင်ထည့်ကာ တစ်စုံတစ်ရာကို ရွတ်ဖတ်သရဇယ်တွေလုပ်လိုက်ပြီး တံတွေးနှင့် နှစ်ချက်သုံးချက် စတိသဘောမျိုး ထွေးလိုက်၏။

"ထွီ...ထွီ...ထွမ်..."

ထို့နောက် သူကြီးကတော် ဒေါ်သိန်းခင်၏အနားမှ အိမ်စေမိန်းမကြီးတစ်ယောက်ကို လှမ်းပေးလိုက်ရင်း

www.burmeseclassic.com

www.burmeseclassic.com



"ရော့ . . . ဟောဒီကွမ်းသီးခြမ်းကို ကျောက်ပြင်ပေါ်မှာသွေးပြီး လူနာရဲ့ဗိုက်ကို လိမ်းပေးလိုက်"

ဟုဆိုကာ ဝေတက်ခေါင်ကို သူ့ပခုံးပေါ်တင်ခေါ်ကာ ဦးဘိုးမြစ်တို့အိမ်ကြီးပေါ်မှ သုတ်ခြေနဲ ပြန်ဆင်းသွားလေသည်။ ထိုအခါမှ သူကြီးဦးဘိုးမြစ်နှင့်အတူ အိမ်ကြီးပေါ်မှာရှိနေသူတွေ အကုန်လုံးမှာ ဦးဒိဗ္ဗ၏ကျောပြင်ကိုကြည့်ရင်း အံ့ဩမင်သက်မိကုန်ကြလေသည်။

မကြာမီ . . .

ထိုကွမ်းသီးခြမ်းကို ကျောက်ပြင်ပေါ်မှာသွေးပြီး ဒေါ်သိန်းခင်၏ ဝမ်းဗိုက်ကို လိမ်းကျံပေးလိုက်လေရာ . . . စောစောက သေလုမျောပါး ခံစားနေရသောဝေဒနာမှာ အမှန်ပင် ယူပစ်သလို ချက်ချင်းပျောက်ကင်းသွားလေသည်။

"ဟင် . . . တယ်လဲအံ့ဩစရာကောင်းပါလား . . ။ ကျုပ် . . . ကျုပ် ခံစားနေရတဲ့ဝေဒနာတွေ တကယ်ပဲ အရှင်းကြီးကို ပျောက်သွားပါရောလား . . ."

"ဟင် . . . ဘယ်လို မမလေး . . . မမလေးရဲ့ရောဂါ တကယ်ပျောက်ပြီ ဟုတ်လား"

ထိုအခါမှ ဦးဘိုးမြစ်၏မျက်နှာတစ်ခုလုံးမှာ ဝင်းကနဲလင်းလက်သွားပြီး

"ဘယ်နယ့်လဲ မသိန်းခင် . . . မင်း . . . မင်းတကယ်ပဲ မအောင့်တော့ဘူး ဟုတ်လား . . ."

ထိုအချိန်မှာပင် ဦးဘိုးမြစ်ရော အိမ်ကြီးပေါ်မှာရှိနေသည့်လူတွေအကုန်လုံးကပါ ခါးကုန်းကြီးဦးဒိဗ္ဗကို လှမ်းကြည့်လိုက်ရာ မြင်ကွင်းထဲမှ ပျောက်ခြင်းမလှ ပျောက်ကွယ်၍သွားလေသည်။

အားလုံးကလဲ ဒေါ်သိန်းခင်၏ နှစ်ရှည်လများ ခံစားလာရသည့် ဝေဒနာကြီး လုံးဝပျောက်ကင်းသွားသည်ဟုဆိုသောအခါ အတိုင်းမသိ ဝမ်းသာကြသည်ထက် မဟုတ်ကဟုတ်ကနည်းတွေနှင့် ကုသပေးသွားသော ခါးကုန်းကြီးဦးဒိဗ္ဗကို ပိုပြီး အံ့ဩမဆုံး ဖြစ်နေမိကြသည်။

သူကြီးဦးဘိုးမြစ်ကတော့ သူ့ဇနီးဖြစ်သူ ဒေါ်သိန်းခင်တစ်ယောက် ယခုကဲ့သို့ လန်းလန်းဆန်းဆန်းနှင့် ပြန်ဖြစ်လာပြီး ရောဂါဝေဒနာတွေ အရှင်းပျောက်ကင်းသွားသည်ကို အတိုင်းမသိပင် ဝမ်းသာသွားရသော်လည်း ခါးကုန်းကြီးဦးဒိဗ္ဗကို ဆေးဖိုးဝါးခအဖြစ် ငွေကြေးတစ်ပြားတစ်ချပ်မှ မပေးလိုက်ရသည့်အတွက် လွန်စွာမှ စိတ်မကောင်းဖြစ်မိလေသည်။ ဒါ့အပြင် စောစောက ဦးဒိဗ္ဗအပေါ် အထင်မှားအမြင်မှားဖြစ်မိတဲ့စိတ်တွေက အခုမှပြန်ပြီး အားတုံ့အားနာတွေ ဖြစ်မိလေသည်။

■

"တကယ်တော့ အဲဒီ ဦးဒိဗ္ဗဆိုတဲ့လူကြီးက အပြောအဆို ဟုဂလန့်ကျပြီး ပေါင်း

www.burmeseclassic.com

www.burmeseclassic.com



ရသင်းရခက်ပေမယ့် သူ့ပညာတွေက တကယ့်ကို အံ့မခန်းလောက်စရာပဲ မောင်တို့ရေ . . ၊ မင်းတို့ဒွေးလေးသိန်းခင်ရဲ့ဗိုက်အောင့်တဲ့ဝေဒနာက အဲဒီအချိန်ကတည်းက တစ်ချက်ကလေးမှ ပြန်ပေါ်မလာတော့တာ အခုအချိန်အထိ ဆိုပါတော့ကွာ . . .”

တိုးမောင်နှင့် နက်ကျော်တို့မှာ ခေါင်းတငြိမ့်ငြိမ့်နှင့်သာ နားထောင်နေရသော်လဲ ဦးဒိဗ္ဗဆိုသည့် ခါးကုန်းကြီး၏ ဆေးကုပုံကုသနည်းကို နားလည်ရခက်ပြီး တအံ့တဩနှင့် ဖြစ်နေကြ၏။ ထို့နောက် ဦးဘိုးမြစ်က

“ဒီလို ဆေးကုတဲ့သတင်းဟာ နေ့ချင်းညချင်းဆိုသလို တစ်ရွာလုံး ပျံ့နှံ့သွားတာနဲ့ အမျှ . . . တချို့ကလဲ မကောင်းတဲ့နည်းလမ်းတွေသုံးပြီး ကုတဲ့ဆေးဆရာဆိုပြီး စွတ်စွတ်စွဲစွဲ တွေနှင့် ပြောကြတာပေါ့ . . ၊ နောက်ပြီး ဒီလူ့ရဲ့ပုံစံက ကျောမှာဘုကြီးတစ်လုံးတင်ထားသလို ပုံဆိုးပန်းဆိုးကြီး ဖြစ်နေပြီး မျက်နှာပေါက်ကလဲ ခပ်ဆိုးဆိုးဆိုတော့ ရွာကလူတွေက သူ့ကို သိပ်ပြီး ဖက်လဲတကင်း မလုပ်ကြဘူး . . .”

“နို့ . . . နေပါဦး သူကြီးရဲ့ အဲဒီလူကြီးက အခုနေတဲ့ခြံဝင်းကြီးထဲမှာ ဘယ်လိုဖြစ်ပြီး နေဖြစ်သွားတာလဲ . . .”

ဦးဘိုးမြစ်၏စကားကို ကြားဖြတ်မေးလိုက်သည့် နက်ကျော်၏ မေးခွန်းကြောင့် သူကြီးဦးဘိုးမြစ်က သူ့ရင်ဘက်ကို လက်နှင့်ပုတ်ပြပြီး . . .

“ငါ့ကြောင့်ပေါ့ကွာ . . . ငါ့ကြောင့်ပေါ့ . . ။ အဲဒီတုန်းက ဦးဒိဗ္ဗက သူ့မှာနေစရာမရှိဘူး၊ ရွာထဲမှာ မြေနေရာတစ်နေရာလောက်ပေးပါဆိုတာနဲ့ . . ၊ ငါလဲ မင်းတို့ဒွေးလေးကို ဆေးကုပေးထားတဲ့ ကျေးဇူးက ရှိနေပြန်တော့ သူ့ကို ကျေးဇူးတုန့်ပြန်တဲ့အနေနဲ့ ရွာအစွန်မှာနေဖို့ နေရာပေးလိုက်တာပဲ . . .”

တိုးမောင်နှင့် နက်ကျော်တို့မှာ ထိုအခါမှ သူတို့စိတ်ဝင်တစားနှင့်ဖြစ်နေမိသည့် အိမ်ကြီးအတွင်း နေထိုင်လာခဲ့သူ ဦးဒိဗ္ဗကို ပိုပြီးတွေ့ချင်မြင်ချင်နေမိကြသည်။ ထို့နောက် သူကြီးဦးဘိုးမြစ်က ဆက်ပြီး

“အဲဒီ ဦးဒိဗ္ဗဆိုတဲ့လူကြီးက ငါပေးလိုက်တဲ့ မြေမှာ ခြံဝင်းတွေဘာတွေခတ်၊ အိမ်ဆောက်ပြီး တစ်သီးတခြားနဲ့နေလာလိုက်တာ အိမ်ထဲကအိမ်ပြင်ကိုထွက်တာတောင် မတွေ့သလောက်ပဲ . . ၊ နောက်ပြီး နေ့စဉ်ညတိုင်းလိုလို သူ့မျောက် ငတက်ခေါင်ကို ရိုက်တဲ့ နက်ဲ့အသံတွေဟာ အိမ်ကြီးထဲမှာ အမြဲပဲကြားကြားနေရတယ်။ ကုန်ကုန်ပြောရရင်ကွာ . . . ဒီကြီးကို အခုအချိန်အထိ ဘုန်းကြီးကျောင်းတို့ဘာတို့ သွားတာလဲ တစ်ခါမှ မတွေ့ဖူး ဘူး . . . အလှူအတန်းတွေ ကောင်းမှုကုသိုလ်တွေလုပ်တာလဲ တစ်ခါမှမတွေ့ဖူးဘူး . . ၊ နောက် တို့ရွာမှာလုပ်တဲ့ ကထိန်တို့၊ ရှင်ပြုတို့ရှိလို့ သူ့အိမ်ကို အလှူသွားခံရင်တောင် အလှူတွေကို အမြဲတမ်းမောင်းမောင်းထုတ်တယ် . . ၊ အဲဒီလူဟာ အတော့်ကို ဝွတိဝွတျ တဲ့လူပါကွာ . . . မင်းတို့လဲ အတတ်နိုင်ဆုံး ဒီလူနဲ့ အရောတဝင်တွေ သွားမလုပ်ကြနဲ့ . . .”

www.burmeseclassic.com



သူကြီးဦးဘိုးမြစ်က သူ့စကားကို ခဏရပ်ရင်း ချောင်းတစ်ချက်နှစ်ချက်ကို ဟန့်လိုက်သည်။ ပြီးမှ

"အခုလဲ မင်းတို့ကြားခဲ့ရတဲ့ အဲဒီအိမ်အိုကြီးထဲကအသံတွေဟာ . . . သူ့အတွေး သူ့အာရုံနဲ့ တစ်ခုခုလုပ်နေတဲ့အသံတွေနေမှာပေါ့ . . .၊ သွားကြည့်လဲ အလကားနေရင်း ဆဲဆိုမောင်းထုတ်တာခံနေကြရမယ်။ သူ့ဖာသာ သူ နေပါစေ . . ."

သူကြီးဦးဘိုးမြစ်၏ တားမြစ်စကားကြောင့် တိုးမောင်နှင့်နက်ကျော်တို့မှာ ဘာစကားမှ ပြန်ပြောမနေကြဘဲ ခေါင်းတညိတ်ညိတ်နှင့်သာ နားထောင်နေကြသည်။ သို့သော် . . .

သူတို့၏ ရင်ထဲမှာတော့ ထိုသို့မဲမှောင်နေသော ခြံဝင်းကျယ်ကြီးအတွင်း ဘယ်သူနှင့်မှ အရောတဝင်မနေဘဲ တစ်သီးတခြားနေထိုင်ကာ နားလည်ရခက်သည့် လုပ်ရပ်တွေကို လုပ်နေသည့် ခါးကုန်းကြီးဦးဒိဗ္ဗကို အထူးပင် တွေ့ချင်မြင်ချင်နေမိကြလေသည်။

ထို့နောက် တိုးမောင်နှင့် နက်ကျော်တို့မှာ သူကြီးဦးဘိုးမြစ်တို့အိမ်မှ အတွေးကိုယ်စီနှင့် လှည့်ပြန်လာခဲ့ကြတော့သည်။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၅)

တိုးမောင်နှင့် နက်ကျော်တို့နှစ်ဦး သူကြီးဦးဘိုးမြစ်အိမ်မှ ပြန်လာပြီး နောက်တစ်နေ့တွင် ကြက်ဆူတောရွာတစ်ရွာလုံး အုတ်အော်သောင်းတင်း ဖြစ်နေသည့်ကိစ္စက ရွာအစွန်မှ အိမ်အိုကြီးအတွင်း အသံတွေကြားနေရသည့်ကိစ္စနှင့် ရွာလမ်းမပေါ်အထိ ဖိတ်လျှံကျလာသော အပုတ်နံ့ဆိုးကြီးရနေသည့် ကိစ္စပင်ဖြစ်သည်။

တချို့ကလဲ ထိုအိမ်အိုကြီးအတွင်းသို့ ဝင်ကြည့်ကြရန် အမျိုးမျိုးကြိုးစားကြသော်လဲ အုံ့ဆိုင်းမဲမှောင်နေသော ခြံဝင်းကြီးအတွင်းသို့ အလွယ်တကူဝင်နိုင်ရန်ပင် ခက်ခဲရုံမက ထိုခြံဝင်းကြီးအတွင်းမှ အိုမင်း၍ ကြောက်မယ်ဖွယ်ရာကောင်းနေသော အိမ်ကြီး၏ ပုံသဏ္ဌာန်ကြောင့် ခြံဝမှပင် နောက်သို့ပြန်လှည့်လာကြသည်။

သူကြီးဦးဘိုးမြစ်တို့လို ရှေ့မီနောက်မီ ရွာသားများကတော့ ထိုအိမ်ကြီးအတွင်းမှာ နေထိုင်သူ မျက်လှည့်ဆရာ ခါးကုန်းကြီးမှာ မှော်အတတ်စွမ်းတွေအပြင် အခြားမကောင်းသည့် ဆေးဝါးမန္တန်အတတ်တွေကိုပါ တစ်ဖက်ကမ်းခတ်အောင် တတ်မြောက်သူဖြစ်သဖြင့် အိမ်ကြီးအတွင်းသို့ မဝင်ကြရန်ပင် တားမြစ်ပြောဆိုကြလေသည်။

သို့သော် တစ်စထက်တစ်စ ဆိုးရွားလာသောအခြေအနေကြောင့် တိုးမောင်နှင့်နက်ကျော်တို့လို ကာလသားတစ်သိုက်မှာ လူငယ်သဘာဝအတိုင်း စူးစမ်းချင်သည့်စိတ်တွေနှင့် အိမ်ကြီးအတွင်း ဝင်ကြည့်ကြရန် စိတ်အားထက်သန်မိကြလေသည်။

"ဘယ့်နှယ်လဲ တိုးမောင် ... ဒီအတိုင်းသာဆိုရင်တော့ ဒီအိမ်ကြီးမယ် ... တစ်ခုခုတစ်ခုများ ဖြစ်နေပြီလား ထင်ရတယ် ..."

www.burmeseclassic.com

www.burmeseclassic.com



နက်ကျော်က တိုးမောင်ကို အိမ်ကြီးအတွင်းသို့ ဝင်ကြည့်ရန် စည်းရုံးပြောဆိုလိုက်မိ နက်ကျော်သေားမှ သိန်းဖေ၊ တင်ဆောင်နှင့် ကံမြင်တို့ ကာလသားတစ်သိုက်မှာလဲ အရာရာကို ရှုစမ်းချင်သည့် လူငယ်တွေပီပီ အိမ်ကြီးအတွင်းသို့ ဝင်ရောက်ကြည့်ရှုကြရန် အဆင်သင့်ပင် ဖြစ်နေကြသည်။

"ငါလဲ ဒီလိုပဲတွေးမိတယ် နက်ကျော် . . .။ ဒီကိစ္စကို သူကြီးဦးဘိုးမြစ်ကို ထပ်ပြောမှဖြစ်မယ်၊ ငါတို့ချည်းပဲဝင်ကြည့်လို့ မသင့်တော်ဘူးမှတ်တယ် . . ."

ထိုအချိန်မှာပင် အပုပ်နံ့ကြီးက သူတို့နှာခေါင်းပေါက်တွေထဲသို့ အတားအဆီးမရှိ ဒလဟော တိုးဝင်လာပြန်လေသည်။

"ဝေါ့ . . . ထွီ . . ."

"မဖြစ်ဘူးဟေ့ . . . သူကြီးကို မြန်မြန်သွားခေါ်မှ ဖြစ်မယ် . . ."

"ဟုတ်တယ် . . . ဒီကိစ္စကို သူကြီးက ဟိုတစ်ခါလို မသွားကြဖို့တားရင်တောင် ငါတို့ မဖြစ်ဖြစ်တဲ့နည်းနဲ့ အိမ်ကြီးထဲကို ဝင်ကြည့်ရမယ် . . ."

သို့နှင့် တိုးမောင်နှင့်နက်ကျော်တို့အပြင် ကာလသား လေးငါးယောက်တို့မှာ သူကြီးဦးဘိုးမြစ်အိမ်သို့ ခပ်သုတ်သုတ်ခြေလှမ်းတွေနှင့် ထွက်လာကြ၏။ တစ်ရွာလုံးရှိ လူကြီးလူငယ်တွေ အကုန်လုံးမှာလဲ ရွာလမ်းမပေါ်တွင် ထိုကိစ္စကို ဟိုနားစုစု၊ ဒီနားစုစု တီးတိုးပြောဆိုနေကြရာ အားလုံးက စိတ်ဝင်တစားတွေနှင့် ဖြစ်နေကြသည်။

■

သူတို့လူစု သူကြီးဦးဘိုးမြစ်အိမ်သို့ ရောက်သောအခါ ဦးဘိုးမြစ်ကိုယ်တိုင်ကမူ ထိုကိစ္စကို အစမှပင် ပိုပြီး လေးလေးနက်နက် ဖြစ်နေပုံရကာ တိုးမောင်တို့အုပ်စုကို မြင်လိုက်သည်နှင့်

"ဘယ့်နှယ့်လဲ မောင်ရင်တို့ . . .၊ လာရင်းကိစ္စက ဟိုအိမ်ကြီးကိစ္စပဲ အောင့်မေ့တယ် . . .၊ ငါလဲ . . . ရွာထဲမှာ အုတ်အုတ်ကျက်ကျက်နဲ့ လူတွေပြောဆိုနေကြတာ ကြားပြီးပြီ၊ ဒီအိမ်ကြီးမှာ တစ်ခုခုတော့ ဖြစ်နေပြီ ထင်တာပဲ . . ."

"ဟုတ်ပသူကြီးရယ် . . . ကျုပ်တို့ ဒီအိမ်ကြီးထဲကို ဘယ်နည်းနဲ့မဆို ဝင်ကြည့်ဖို့တော့ ကောင်းနေပြီ . . ."

သူကြီးဦးဘိုးမြစ်မှာ ချက်ချင်းဆိုသလို အပေါ်အင်္ကျီတစ်ထည်ကို ကောက်ယူဝတ်ဆင်လိုက်ပြီး

"ကဲ . . . ပြောနေကြာပါတယ် . . . အခုပဲ သွားကြည့်ကြစို့ . . ."

ဟုဆိုကာ တိုးမောင်တို့အုပ်စုရှေ့မှ ဦးဆောင်ပြီး ထွက်လာခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ရွာလမ်းမပေါ်မှာ ရုတ်စုရုတ်စုတွေ ဖြစ်နေကြသော လူအုပ်ကြီးမှာလဲ သူကြီးဦးဘိုး မြစ်နှင့် တိုးမောင်တို့အုပ်စု ထိုအိမ်ကြီးဆီသို့ သွားကြသည်ကို တွေ့သည်နှင့် တစ်ပြုံကြီး နောက်ကလိုက်ပါလာကြလေသည်။

ထိုခြံဝင်းကျယ်ကြီးရှေ့သို့ ရောက်သည်နှင့် ဦးဘိုးမြစ်က

"ကဲ... ဒီအိမ်ကြီးထဲကို အကုန်လုံး လိုက်ဝင်ဖို့မလိုဘူး...၊ ကျုပ်နဲ့ ရွာသားနှစ် ယောက်သုံးယောက်လောက်ဆို ရပြီ...၊ ကျန်တဲ့သူတွေအားလုံး ဒီမှာပဲနေခဲ့ကြပါ..."

ဟု ဆိုလိုက်လေရာ ကြက်ဆူတောရွာမှ လူကြီးလူငယ် ယောက်ျားမိန်းမတို့မှာ ထို ခြံဝင်းကျယ်ကြီးရှေ့တွင်သာ တစ်ယောက်တစ်ပေါက်ပြောဆိုရင်း ကျန်ခဲ့ကြ၏။

ထိုအိမ်ကြီးအတွင်းသို့ သူကြီးနှင့်အတူ လိုက်ပါခွင့်ရသူတွေမှာ တိုးမောင်၊ နက်တော့၊ သိန်းဖေနှင့် တင်ဆောင်တို့ လူငယ်လေးယောက်ဖြစ်ပြီး ထိုလူငယ်တွေမှာ မခံမရပ်နိုင်အောင် ရနေသော အပုပ်နံ့ကြီးကြောင့် သူတို့၏နှာခေါင်းတွေကို ပုဆိုးစတွေနှင့် ဖိအုပ်ထားကြလေ သည်။

ခြံဝင်းကြီးထဲသို့ စပြီးဝင်မိလိုက်နှင့် အိမ်အိုကြီးဆီမှ ဒုန်း ဒုန်း ဒိုင်း ဒိုင်းမြည်နေ သော အသံတွေက ခါတိုင်းထက်ပင် ပိုပြီးကျယ်လောင်လာသလို ထင်နေ၏။

နှစ်ရှည်လများ မခုတ်မထွင် မရှင်းမလင်းဘဲ ပစ်စလက်ခတ်ထားခဲ့သော သစ်ပင် သစ်ကိုင်းတွေအပေါ် တွဲလျားကျနေသည့် နွယ်ကြိုးနွယ်မျှင်တွေက ရှည်လျားရှုပ်ထွေးနေပြီး လူသွားလမ်းကလေးမျှမရှိအောင် အုပ်ဆိုင်းလွှမ်းမိုးထားလေရာ သူတို့အားလုံး ခက်ခက်ခဲခဲနှင့် သွားနေရ၏။

တစ်ချိန်က ဂရုတစိုက်နှင့် စိုက်ပျိုးထားခဲ့ဟန်တူသော တိုက်ပန်းဖြူဒေါင်းဆရစ် နှင့် ဒဝယ်မှိုင်းကဲ့သို့ အလှစိုက်နွယ်ပင်အမျိုးအစားများမှာလဲ ပြုပြင်ကိုက်ညှပ်ပေးမည့်သူမရှိ တိုင်း ခြံအတွင်းရှိ မရမ်းပင်၊ စကားဝါပင်၊ သရက်ပင်ကြီးများပေါ်သို့ ကျူးကျော်ဖုံးလွှမ်းကာ ရှုပ် လုံးရှုပ်ပြောင်ကြီးများအလား ပတ်နွယ်ရစ်လိမ်ထားကြသည်။ ထိုနွယ်တွေက အပင်မြင့်ကြီး များပေါ်မှ မြေပြင်သို့ ပြန်ဆင်းရန် တွဲတိတွဲလောင်း စာဖူးတောင်းကြီးများပမာ တွဲလွဲကျနေသ ဖြင့် ခြံကြီးတစ်ခုလုံးမှာ အုပ်ဆိုင်းမဲမှောင်ကာ တောကြီးတစ်ခုလို ဖြစ်နေလေသည်။

"ဒုန်း... ဖျောင်း..."

"ခွမ်း..."

သူတို့အားလုံးမှာ ခြံဝင်းကြီးထဲ အတော်အတန် လျှောက်လာပြီးနောက် အိမ်ကြီး ဆီမှ ကြားလိုက်ရသောအသံကြောင့် ခြေလှမ်းတွေကို တုန့်ကနဲ ရပ်မိလိုက်ကြသည်။

ထိုအချိန်မှာပင် ရှေ့ဆုံးမှ ဦးဆောင်ပြီးသွားနေသော သူကြီးဦးဘိုးမြစ် တိုးမောင် တို့လူစုကို မျက်ရိပ်မျက်ကဲပြလျက် ထိုအသံတွေကို နားစိုက်ထောင်နိုင်းလိုက်၏။

အသံတွေက ပြန်ပြီးငြိမ်သက်သွားပြန်၏။ တိုးမောင်တို့လူစုမှာလဲ ထိုအိမ်ကြီးနှင့်

www.burmeseclassic.com

www.burmeseclassic.com



...လာသည်နှင့် ဘာကြောင့်မှန်းမသိ ကြောက်လန့်တုန်လှုပ်လာသည့်စိတ်တွေက တဖွားဖွားနှင့် ပေါ်လာကြသည်။ ထို့နောက် ဦးဘိုးမြစ်က အကျီစတစ်ဖက်ကို နာခေါင်းပေါ်ဖိထားရာမှ ရှေ့သို့ဆက်သွားရန် ခြေဟန်လက်ဟန်နှင့် ပြလိုက်သည်။

သူတို့အားလုံးမှာ မြက်ရိုင်းပင်တွေ၊ ဆူးခြုံတောတွေကို တိုးဝှေ့ရင်း ရှေ့သို့ နှစ်လှမ်းသုံးလှမ်း လှမ်းလိုက်သည်နှင့် တစ္ဆေတစ်ကောင်လို ကုန်းကွကွကြီးဖြစ်နေသည့် အိမ်အိုကြီးအား အတိုင်းသားမြင်လိုက်ရလေသည်။ ထိုအိမ်အိုကြီးမှာ ရေနံချေးများ မည်းနေအောင်သုတ်ထားပြီး ပျဉ်ချပ်တွေကို စိတ်ရှိတိုင်း အထပ်ထပ်ကာရံထားသဖြင့် မည်းမည်းနှင့် ဖြစ်နေလေသည်။ အိမ်ကြီး၏ အပေါ်ထပ်တွင်လဲ အောက်သို့ပြုတ်ကျလုလုဖြစ်နေသည့် မှန်ပြူတင်းတစ်ချပ်က လေတိုက်တိုင်း တကျွီကျွီနှင့် မြည်နေလေသည်။

ထိုစဉ် . . .

"ဟင် . . ."

တိုးမောင်၏ရှေ့မှ သွားနေသော နက်ကျော်က တစ်စုံတစ်ရာကို မြင်ပြီး ထိတ်လန့်တကြား ရေရွတ်လိုက်လေသည်။

နက်ကျော် လက်ညှိုးထိုးပြနေသည့်နေရာမှ မြေပြင်တွင် မြက်ရိုင်းပင်တွေက အဆုတ်လိုက် အဆုတ်လိုက် ဆွဲနုတ်ထားသလို အလဲလဲအပြိုပြိုတွေဖြစ်နေပြီး ထိုနေရာတစ်ပိုက်မှာ ညှီစို့စို့အနံ့ကြီးရနေကာ ယင်မဲရိုင်းကြီးတွေက တစ်ဝီဝီနှင့် ဝဲပျံနေ၏။

"ဒီ . . . ဒီနေရာကို မနေ့က ငါရောက်ခဲ့တုန်းက မြက်ပင်တွေ အခုလို ကျွတ်ထွက်မနေဘူး တိုးမောင် . . .၊ ဒါ . . . ဒါဘာဖြစ်တာလဲ မသိဘူး . . ."

အံ့ဩတကြီးဖြစ်နေသည့် နက်ကျော်၏စကားကြောင့် သူကြီးဦးဘိုးမြစ်ရော၊ တိုးမောင်တို့ပါ ထိုနေရာတွင် အတန်ကြာအောင် ကြက်သေ သေနေမိကြ၏။

ထို့နောက် ဆယ်ပေပတ်လည်ခန့် အဆုပ်လိုက် ကျွတ်ထွက်နေသော မြက်ရိုင်းပင်တွေနားမှာ သံသယကိုယ်စီဖြင့် ဆက်ပြီးလျှောက်လာကြ၏။

သို့နှင့် သူတို့လူစု အိမ်ကြီးအနီးသို့ ရောက်လာချိန်တွင် မခံမရပ်နိုင်အောင် ရနေသော အပုပ်နံ့ကြီးကလဲ ခါတိုင်းထက်ပိုပြီး ဆိုးဆိုးရွားရွားပင်ရလာသည်။

"ဝေါ့ . . . ထွီ . . ."

စိတ်ကို အကြိမ်ကြိမ် ချုပ်တီးထားကြသော်လဲ ရင်ထဲမှ အလိပ်လိုက်တက်လာသည့် ပျို့အန်ချင်စိတ်ကြောင့် ထွီကနဲ၊ ဝေါ့ကနဲတွေ ဖြစ်နေကြသည်။

အိမ်ကြီး၏ အဝင်တံခါးမကြီးနားသို့အရောက်တွင် သူကြီးဦးဘိုးမြစ်က တိုးမောင်တို့လူစုကို မျက်ရိပ်မျက်ကဲပြကာ ကျွန်းတံခါးမ မဲမဲကြီးကို နားနှင့်ကပ်ပြီး နားထောင်လိုက်သည်။ အိမ်ကြီးအထဲတွင်တော့ ဘာသံဆို ဘာသံမှ မကြားရအောင် ငြိမ်သက်တိတ်ဆိတ်၍နေမြဲနေသည်။

www.burmeseclassic.com

www.burmeseclassic.com



အားလုံး၏ အတွေးတွေကလဲ ဒီအိမ်ကြီးအတွင်းမှာနေထိုင်သူ ခါးကုန်းကြီးဦးဘိုးမှာ သူတို့ဝင်လာကြသည်ကို သိနှင့်ပြီး တစ်နေရာရာမှ တိတ်တဆိတ် ပြန်ပြီးချောင်းမြောင်းနေလိမ့်မည်ဟု တွေးနေမိကြ၏။

"ဂျို . . ."

တံခါးက လက်နှင့်အသာတွန်းရုံနှင့် အလိုက်သင့်ပင် ပွင့်သွား၏။

မဲမှောင်နေသော အိမ်ကြီးအတွင်း ဘာဆိုဘာမှ သဲသဲကွဲကွဲမမြင်ရသဖြင့် အမှောင်နှင့်ကျင့်သားရသွားအောင် သူတို့အားလုံး၏ မျက်စေ့တွေကို ခဏမှိတ်ထားလိုက်ကြသည်။

ထို့နောက် မျက်စေ့တွေကို ဖြည်းဖြည်းချင်း ပြန်ဖွင့်ကြည့်လိုက်ကြလေရာ . . . ပင့်ကူမျှင်တွေ တွဲခိုပြီး ဖုန်အလိမ်းလိမ်းတက်နေသော အခန်းကျယ်ကြီးတစ်ခန်းအတွင်း ရောက်နေသည်ကို တွေ့ရသည်။ ထိုအခန်းကျယ်ကြီးအတွင်းမှာ သံစည်ပိုင်းကြီးတွေ သုံးလေးလုံးရှိနေပြီး ထိုစည်ပိုင်းကြီးတွေပေါ်မှာ ပုံသဏ္ဌာန်အမျိုးမျိုးနှင့် ဖန်ပုလင်းလွတ်များ ရှိနေသည်ကို တွေ့ရလေသည်။

သူကြီးဦးဘိုးမြစ်နှင့်အတူ တိုးမောင်တို့တစ်သိုက်မှာ ပုပ်ပောင်နေသော အနံ့ဆိုးကြီးကြောင့် ပါးစပ်နှင့်နှာခေါင်းတွေကို ပုဆိုးများနှင့် ဖုံးဖိထားကြရလေရာ ခြေဟန်လက်ဟန်တွေနှင့်ပင် အချက်ပြပြောဆိုနေကြရသည်။

ဦးဘိုးမြစ်ကတော့ လွန်ခဲ့သော နှစ်နှစ်ဆယ်ကျော်ဝန်းကျင်ကမှ ဆောက်လုပ်ထားသည့် ဒီအိမ်ကြီး၏အနေအထားကိုကြည့်ကာ သာမန်ထက်ပိုပြီး အိုမင်းပျက်စီးလျက်ရှိသည်ဟုပင် ထင်မိလေသည်။

ထို့နောက် သူတို့အားလုံး တဖြည်းဖြည်း အိမ်ကြီးအတွင်းပိုင်းသို့ ဝင်လာခဲ့ကြရာ သံစည်ပိုင်းများထားရာနေရာသို့အရောက်တွင် အပေါ်ထပ်သို့တက်ရာ လှေကားမဲမဲကြီးတစ်ခုကို တွေ့ရလေသည်။ ထိုလှေကားမဲမဲကြီးပေါ်မှနေ၍ ဆိုးဆိုးရွားရွားရနေသော အပုပ်နံ့ကြီးကြောင့် အားလုံးက အပေါ်ထပ်ဆီသို့ မျက်မှောင်ကျုံ့ရင်း လှမ်းကြည့်လိုက်ကြ၏။

သို့သော် လေဝင်ပေါက်တိုင်း တဖျန်းဖျန်းမြည်ကာ လန်နေသော သွပ်ပြားပေါင်းတစ်ချပ်မှ ဝင်လာသည့် အလင်းရောင်က ဖျတ်ကနဲ ဖျတ်ကနဲ လင်းလက်သွားလေရာ အပေါ်ထပ်မှ ဘီရိုအဟောင်း၊ ကျွန်းသေတ္တာအဟောင်းများကို အတိုင်းသားနှင့် လှမ်းမြင်နေရသည်။

ထို့နောက် လှေကားအတိုင်း အပေါ်ထပ်သို့ တဖြည်းဖြည်း တက်သွားကြလေရာ အပေါ်ထပ်တစ်ထပ်လုံးမှာ ပုလင်းကွဲများ၊ မှန်ကွဲစများနှင့် ပေစာပုရပိုက်စာ အထုပ်တွေက ဖွစာကျဲနေပြီး ကြိမ်နှင့်ရက်လုပ်ထားသည့် ပခြုပ်တွေက ဟိုတစ်ခု ဒီတစ်ခု လွင့်စင်နေ၏။ ထိုသို့ ရှုပ်ထွေးနေသော အစအနတွေ၏ တစ်ဖက်တွင်တော့ သစ်သားပျဉ်ချပ်တွေနှင့် ကာရန်ထားသော အခန်းတစ်ခန်းကို တွေ့ရလေသည်။

ထိုအခန်းကြီးအနားသို့ ရောက်သည်နှင့် ဦးဘိုးမြစ်နှင့် တိုးမောင်တို့လူငယ်တွေက

www.burmeseclassic.com

www.burmeseclassic.com



အခန်းအတွင်း တစ်စုံတစ်ရာကို တွေ့ရမည်အထင်နှင့် ပျဉ်ချပ်များကြားမှနေ၍ ချောင်းမြောင်းကြည့်ရှုလိုက်ကြသည်။ သို့သော် ဘာမှ သဲသဲကွဲကွဲမမြင်ရဘဲ အပုပ်နံ့ကြီးကသာ ထိုအခန်းအတွင်းမှ ထောင်းထောင်းထအောင် ထွက်နေ၏။ အခန်းကိုစေ့ပိတ်ထားသော တံခါးမကြီးမှာလဲ အတွင်းမှ မင်းတုတ်ချထားလေရာ ဦးဘိုးမြစ်တို့လူစုမှာ အထဲသို့ အလွယ်တကူ မဝင်ရောက်နိုင်ဘဲ ရှိနေလေသည်။

ထို့နောက် သူကြီးဦးဘိုးမြစ်က တိုးမောင်တို့လူငယ်တွေကို အင်အားသုံးပြီး တံခါးမကြီးကို တွန်းဖွင့်ရန် ခြေဟန်လက်ဟန်နှင့် ပြလိုက်သည်။ တိုးမောင်တို့ လေးယောက်စလုံးမှာလဲ ဦးဘိုးမြစ်အချက်ပြသည်နှင့် ပြိုင်တူဆိုသလို အရှိန်နှင့်ဆောင့်တွန်းပြီး ဖွင့်လိုက်လေရာ . . .

"ဝုန်း . . ."

"ဟင် . . ."

"အမလေး . . ."

"ဟာ . . ."

ထိုအခန်းကြီးထဲတွင်တော့ ပုပ်ပွပြီး ပုံပျက်ပန်းပျက်သေဆုံးနေသော ဦးဒိဗ္ဗ၏အလောင်းကြီးကို တွေ့လိုက်ရလေသည်။ ထိုသို့ ယင်တလောင်းလောင်းနှင့်ဖြစ်နေသော ဦးဒိဗ္ဗ၏ အလောင်းကြီး၏ဘေးတွင်တော့ သူမွေးထားသည့် တောက်ခေါင်ဆိုသည့်မျောက်က ဆောင့်ကြောင့်ထိုင်ကာ မမြင်အပ်ဖွယ်ရာတွေ ပြုလုပ်နေသည်ကို သွေးပျက်လုမတတ် တွေ့လိုက်ကြရလေသည်။

ထိုစက်ဆုတ်ဖွယ်ရာ မမြင်အပ်မတွေ့အပ်သည့် မြင်ကွင်းကို မြင်လိုက်ရသည်နှင့် သူကြီးဦးဘိုးမြစ်ရော တိုးမောင်တို့ပါ မျက်နှာတွေကို တခြားတစ်ဖက်သို့ လွှဲလိုက်ကြရလေသည်။

■■■

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၆)

ထိုနေ့က . . .

ဦးဒိဗ္ဗ၏ ပုံပျက်ပန်းပျက် အလောင်းကြီးကို ဖြစ်သလို သင်္ဂြိုလ်လိုက်ကြသော်လည်း ကြိုးတုပ်ကာ ဖမ်းဆီးခေါ်ဆောင်လာခဲ့သည့် တေက်ခေါင်ဆိုသည့် မျောက်ကိုတော့ ဦးဘိုးမြစ်ကော တိုးမောင်တို့ပါ ကြောက်ကြောက်နှင့် ဘယ်လိုလုပ်ရမှန်းပင်မသိ ဖြစ်နေကြ၏။

အချို့ရွာသားတွေကတော့ သူကြီးအိမ်အောက်တွင် ကြိုးဖြင့်ချည်နှောင်ထားသည့် တေက်ခေါင်ကို ရိုးမတောကြီးထဲသို့ ပြန်လွှတ်လိုက်ကြရန် အကြံပေးကြ၏။ သူကြီးကတော် ဒေါ်သိန်းခင်ကတော့ ထိုမျောက်ကိုမြင်တိုင်း လွန်ခဲ့သည့် နှစ်ပေါင်းနှစ်ဆယ်ကျော်က အဖြစ်အပျက်တို့ကို ပြန်မြင်ယောင်ကာ ကြက်သီးမွေးညှင်းများပင် တဖျန်းဖျန်းပြန်ထလာ၏။ ထိုစဉ်က ဒီ တေက်ခေါင်ဆိုသည့်မျောက်မှာ မည်းခြောက်ခြောက် ပိန်လှီလှီနှင့် ကလေးအရွယ်သာသာ သာ ရှိသေးသော်လည်း ယခုတော့ အစွယ်တွေအဖွေးသားနှင့် ကြီးမားသန်စွမ်းသည့် မျောက်ကြီးတစ်ကောင်ပင် ဖြစ်နေပေပြီ . . .။

ထိုတေက်ခေါင်ဆိုသော မျောက်ကြီးမှာ ဦးဘိုးမြစ်တို့ အိမ်အောက်မှတိုင်တွင် ကြိုးဖြင့်ချည်နှောင်ထားသော်လည်း တစ်ချက်ကလေးမှ အငြိမ်မနေဘဲ လာရောက်ကြည့်ရှုကြသည့် ရွာသားများအား သွားစွယ်များဖြဲကာ တခွီးခွီးနှင့်မာန်ဖီနေပြီး ပမာမခန့်တွေ လုပ်ပြနေ၏။ သူ့ မျက်နှာတစ်ခုလုံးမှာလဲ လွန်စွာမှကြည့်ရဆိုးပြီး ပြူးကြောင်ကြောင်ဖြစ်နေသည့် မျက်လုံးတွေက ရက်စက်ကြမ်းကျုတ်သည့် အသွင်ကို ဆောင်နေသလို မာကြောခက်ထန်နေသည်။

သူကြီးကတော် ဒေါ်သိန်းခင်က တေက်ခေါင်၏ ကျက်သရေကင်းမဲ့သောမျက်နှာကိုကြည့်ကာ အလိုလိုနေရင်း ကျောထဲစိမ့်သလို ဖြစ်လာသည်။ ထို့နောက် အိမ်ရှေ့တွင်ဝိုင်းအုံ ထိုင်နေကြသော လူစုထဲမှ ဦးဘိုးမြစ်ကို

www.burmeseclassic.com

www.burmeseclassic.com



"ခိုးကိုးရာမဲ့ဖြစ်တာလဲ ဖြစ်တာပေါ့ ကိုဘိုးမြစ်ရယ် . . . အဲဒီမျောက်ကိုကြည့်ရတာ ရှုပ်မျက်စေ့ထဲ တစ်မျိုးကြီးပဲ . . .၊ ယူမယ့်သူရှိရင်လဲ မြန်မြန်သာပေးလိုက်ပါတော့ . . ."

ဟူ၍ စိတ်ပျက်လက်ပျက်နှင့် ငြူစူပြီးပြောလေရာ ဦးဘိုးမြစ်မှာလဲ နဂိုကတည်းက ထိုမျောက်၏ စက်ဆုတ်ဖွယ်ရာ မြင်ကွင်းကြီးကို မြင်ဖူးထားသူပီပီ ပို၍ပင် မနှစ်မြို့ဘဲရှိလေရာ . . .

"အေးပါ သိန်းခင်ရယ် . . .၊ ယူမယ့်သူရှိတော့လဲ ပေးရတာပေါ့ . . .၊ နို့ပေမယ့် သူ့ မျော ဒီအချိန်မှာ အားကိုးမဲ့နေလေတော့ ဒို့ကပဲ အစာရေစာကျွေးထားဦးမှ တော်မှာကွဲ့ . . ."

တိုးမောင်၊ နက်ကျော်နှင့် တင်ဆောင်တို့ တစ်သိုက်မှာလဲ သူတို့အိမ်ကြီးပေါ်မှာ မြင် လာခဲ့ရသည့် မြင်ကွင်းကြောင့် အလွန်တစ်ရာမှပင် ချောက်ချားတုန်လှုပ်လျက်ရှိနေကြရာ တစ် ယောက်ကိုတစ်ယောက် စကားပင်မပြောနိုင်ကြလောက်အောင် ဖြစ်နေကြသည်။

ထိုအချိန်မှာပင် . . . မျောက်ကြီး တေက်ခေါင်က သူ့အမြီးကြီးကို သစ်သားတန်း ပေါ်တွင် ချိတ်လျက် ဇောက်ထိုးအနေအထားဖြင့် ကိုယ်ကို လွှဲခါလှုပ်ရမ်းနေ၏။ ထိုမျောက်ကို ဝိုင်းအုံပြီးကြည့်နေကြသော ကလေးတစ်သိုက်မှာလဲ တုတ်နှင့်ထိုးသူထိုး၊ ခဲနှင့်ပေါက်သူပေါက် မေားကာနဲ့ဝါးကနဲ အမျိုးမျိုး စနောက်နေကြလေသည်။ ခဏအကြာ . . .

"ခွီး . . . ဝေါ့ . . . ဝေါ့ . . . ဗွီး"

တွဲလောင်ကြီးဖြစ်နေသော မျောက်ကြီး၏ပါးစပ်မှ မဆန့်မပြဲစားထားသော အစာ တွေ ပြန်အန်ထွက်ကျလာလေသည်။ ထိုအစာဟောင်းတွေက ညှီစို့စို့ ပုပ်အဲ့အဲ့တွေဖြစ်နေကာ အသားမျှင် အသားစတွေဖြစ်နေ၏။

"ဟင် . . ."

ဝိုင်းအုံကြည့်နေကြသော ရွာသားများမှာ မျောက်ပါးစပ်ထဲမှ ထွက်ကျလာသည့် အစာဟောင်းတွေကို မြင်လိုက်သည်နှင့် လွန်စွာမှ အော့နလုံးတွေ နာမိကြလေသည်။

"ထွီ . . . ရွံစရာကောင်းလိုက်တာ . . ."

"ဟုတ်ပါရဲ့ . . . ဒီမျောက်ဟာ အန်ထွက်လောက်အောင် ဘာတွေများ မဆန့်မပြဲ စားထားလဲ မသိဘူး . . ."

သို့သော် ဦးဘိုးမြစ်နှင့် တိုးမောင်တို့လူစုကတော့ ထိုအရာတွေကို မြင်လိုက်မိသည် နှင့် တစ်ယောက်မျက်နှာကိုတစ်ယောက်ကြည့်ကာ မသတီသည့်စိတ်တွေနှင့် စက်ဆုတ်ရွံရှာ ဆေုံး ဖြစ်မိကြလေသည်။

ထိုအချိန်မှာပင် ဦးဘိုးမြစ်တို့ခြံဝင်းထဲသို့ အပြေးတစ်ပိုင်းနှင့် ဝင်လာသော ဒေါ်သွား ရှင်က ဘုမသိဘမသိတွေနှင့်

"မျောက်ကလေးက သနားစရာပါတော် . . . မွေးမဲ့သူများမရှိရင် ကျုပ်ကိုပေးပါ လား သူကြီးမင်းရယ် . . ."

www.burmeseclassic.com

www.burmeseclassic.com



ဟုဆိုလေရာ မမြင်အပ်မတွေ့အပ်သည့်မြင်ကွင်းကို မြင်ဖူးထားသူ တိုးမောင်တို့ ကာလသားတစ်သိုက်က စိတ်ပေါက်ပေါက်တွေနှင့် အော်ငေါက်လိုက်ကြသည်။

"ဒီမှာ ဒေါ်ဘွားရှင် . . . ခင်ဗျား ဒီမျောက်အကြောင်း ဘယ်လောက်သိလို့လဲ . . . ဒုက္ခရောက်သွားချင်လို့လား . . ."

ရုတ်တရက် ဝိုင်းပြီးတားမြစ်လိုက်ကြသည့်စကားကြောင့် ဒေါ်ဘွားရှင်မှာ ဘယ်လိုမှ နားမလည်နိုင်အောင် ဖြစ်သွားပြီး

"ဘာ . . . ဘယ်လို . . .၊ ဒီမျောက်က . . ."

ဒေါ်ဘွားရှင်၏ မေးခွန်းမဆုံးခင်မှာပင် ခြံဝမှ ခြူသံတဒေါင်ဒေါင်နှင့် မောင်းဝင်လာသော နွားလှည်းတစ်စီးကို မြင်လိုက်ကြရလေသည်။

"ဗျို့ သူကြီး . . . ဒီမှာ မြို့က ဧည့်သည်တွေ ပါလာတယ်ဗျို့ . . ."

လှည်းမောင်းသူ၏အသံကြောင့် သူကြီးဦးဘိုးမြစ်ရော ရွာသားများကပါ လှည်းပေါ်ပါလာသူ ဧည့်သည်တွေကို လှမ်းကြည့်လိုက်ကြ၏။

"အလို . . . မြို့အုပ်မင်း မစ္စတာ ရော်ဂျာပါလား . . . ကြွပါကြွပါ . . .။ အခုလို သတင်းမပေး ဘာမပေးနဲ့ အလောတကြီးကြွလာပုံက အကြောင်းထူးရှိလို့ မှတ်တယ် . . ."

ဦးဘိုးမြစ်၏ ခရီးဦးကြိုပြု နှုတ်ဆက်သံနှင့်အတူ စောစောက မျောက်ကြီးကို ဝိုင်းကြည့်နေသည့် ပရိသတ်ကြီးမှာလဲ အလျှိုအလျှို ပျောက်ကွယ်ကုန်ကြလေရာ . . . တိုးမောင်တို့ ကာလသား တစ်ယောက်စ နှစ်ယောက်စသာ သူကြီးအိမ်တွင် ဝေယျာဝစ္စလုပ်ရင်း ကျန်ခဲ့ကြသည်။

"လာရင်းကိစ္စက အခွန်တော်ကိစ္စပဲ ဆိုပါတော့ဗျာ . . .၊ ပြီးတော့ ရပ်ရွေးရွာရေး ကိစ္စလဲ စနည်းနာရအောင် ထွက်လာခဲ့တာပဲ . . ."

ပြောပြောဆိုဆို လှည်းပေါ်မှဆင်းလာသော မြို့အုပ်မင်း မစ္စတာရော်ဂျာမှာ အင်္ဂလိပ်တပြားတစ်ယောက်ဖြစ်ပြီး မြန်မာစကားကို ကျွမ်းကျင်ပိုင်နိုင်စွာ ပြောဆိုတတ်သူ လူငယ်တစ်ယောက် ဖြစ်လေသည်။ ထိုမစ္စတာရော်ဂျာနှင့်အတူ လိုက်ပါလာသည့် လူငယ်နှစ်ယောက်မှာလဲ ကုလားလူမျိုးများဖြစ်ကြပြီး လှည်းအောက်ရောက်သည်နှင့် မစ္စတာရော်ဂျာ၏ ကုတ်အင်္ကျီပေါ်မှ ဖုန်တွေကို အလိုက်တသိနှင့် ခါပေးနေကြလေသည်။

ထို့နောက် သူကြီးဦးဘိုးမြစ်တို့ ခြံဝင်းထဲမှ ခန်းတန်းရှည်ပေါ်တွင် ဝင်ထိုင်လိုက်ကြပြီး အမောအပန်းဖြေလိုက်ကြ၏။ သူကြီးကတော် ဒေါ်သိန်းခင်နှင့် အိမ်စေများမှာလဲ မြို့အုပ်မင်းအတွက် စားဖွယ်သောက်ဖွယ်တွေကို ချက်ချင်းပဲ တည်ခင်းဧည့်ခံကြလေသည်။

"အခုလို မြို့အုပ်မင်းကြွလာတာကို ကြိုသိရင် ဒီထက်ပိုပြီး ဖွယ်ဖွယ်ရာရာနဲ့ ဧည့်ခံနိုင်မှာပါ . . . အခုတော့ . . ."

"ရပါတယ် သူကြီးကတော်ရယ် . . . ကျုပ်တို့က မြို့မှာ မြို့စာတွေပဲစားနေရတာ

www.burmeseclassic.com

www.burmeseclassic.com



ဆိုတော့ ဒီလို ဒေသထွက် မုန့်ပဲသရေစာတွေစားရရင်ဖြင့် ကျေနပ်လှပါပြီ . . ."

ထိုအချိန်မှာပင် ဦးဘိုးမြစ်က အိမ်ကြီးပေါ်မှ စာရင်းစာအုပ်နှင့်တကွ ကောက်ခံထားသော အခွန်တော်ငွေတွေကို မြို့အုပ်မင်းရှိရာသို့ ယူဆောင်လာလေသည်။

မြို့အုပ်မင်းလဲ အခွန်တော်ငွေတွေကို စာရင်းဇယားနှင့် တိုက်ဆိုင်စစ်ဆေးလိုက်ပြီး သေချာစွာလက်ခံယူလေ၏။ ထို့နောက် သူကြီးဦးဘိုးမြစ် တည်ခင်းဧည့်ခံသည့် အလိပ်နှစ်ဆယ်ဝင် သံဘူးထဲမှ စီးကရက်ကို မီးညှိဖွာရှိုက်ကာ ရပ်ရေးရွာရေး ကိစ္စတွေကို ပြောဆိုကြလေသည်။

မစ္စတာရော်ဂျာမှာ အသက်အရွယ်အားဖြင့် လေးဆယ်သာသာရှိသူဖြစ်ပြီး သေသပ်ကျနစွာ ဝတ်ဆင်ထားသော အနောက်တိုင်းဝတ်စုံကြောင့် လူကြီးလူကောင်းတစ်ဦး၏ ပုံပန်းသဏ္ဌာန်က ပိုပြီးထင်ရှားသိသာနေလေသည်။ ဆံပင်ကိုလဲ ကော်စမစ်တွေနှင့် နောက်သို့ လှန်ကာ ဖြီးသင်ထားပြီး သွယ်လျသောနှာတံနှင့် လေးထောင့်မကျတကျ မေးရိုးက သူ၏မျက်နှာပေါ်မှာ လွန်စွာမှ လိုက်ဖက်ညီနေလေသည်။ မစ္စတာရော်ဂျာ၏ အသားအရည်မှာ အဖြူဘက်ကို ပါသော်လည်း နီစွေးနေသော နှုတ်ခမ်းက အမြဲလိုလို ဂရုတစိုက် ရိတ်သင်ထားသည့် မုတ်ဆိတ်မွေး၊ နှုတ်ခမ်းမွေးများကြားတွင် သေသပ်ပိရိနေ၏။

ခဏအကြာ မစ္စတာရော်ဂျာ၏ မျက်လုံးတွေက ဦးဘိုးမြစ်တို့အိမ်အောက်တွင် ချည်နှောင်ထားသည့် မျောက်ကြီးတောက်ခေါင်ကို တွေ့မြင်သွားလေရာ . . .

"အလို . . . ဦးဘိုးမြစ်က မမွေးစဖူး တိရစ္ဆာန်တွေဘာတွေ မွေးလို့ပါလား . . ."

"အဲ . . . မွေးတယ်ရယ်လို့လဲ မဟုတ်ပါဘူး မြို့အုပ်မင်းရယ် . . . ပြောရရင် ဒီမျောက်ဟာ ခိုးကိုးရာမဲ့ပြီး ဒုက္ခရောက်နေလို့ ကျုပ်က ခဏစောင့်ရှောက်ထားတာပါ . . ."

သူကြီးဦးဘိုးမြစ်၏ စကားပင်မဆုံးသေးခင် မစ္စတာရော်ဂျာက မျောက်ကြီးတောက်ခေါင်ကို ချည်နှောင်ထားရာနေရာသို့ လျှောက်သွားလေ၏။ ထို့နောက် သူ့လက်ထဲမှ ဦးဘိုးမြစ်၏ကတော် တည်ခင်းဧည့်ခံထားသည့် ထန်းလျက်ပေါက်ပေါက်ဆုပ်တွေကို တစ်ခုပြီးတစ်ခု ချကျွေးနေကာ အလွန်တစ်ရာမှ စိတ်ဝင်စားသွားသည့်မျက်လုံးတွေနှင့် စိုက်ကြည့်နေလေသည်။

ထိုအချိန်မှာပင် မျောက်ကြီးတောက်ခေါင်ကလဲ ထူးထူးခြားခြား မတ်တပ်ရပ်လျက် လက်နှစ်ဖက်ကိုဖြန့်ကာ သနားစဖွယ်အမူအရာနှင့်အတူ အစာတောင်းနေရုံသာမက အစာကျွေးလိုက်တိုင်း ကျွမ်းတစ်ပတ်ထိုးပြနေသဖြင့် မစ္စတာရော်ဂျာနှင့်အတူ အဖော်ပါလာသော တုလားလူမျိုးနှစ်ယောက်ကပါ လွန်စွာမှ သဘောကျနေကြလေသည်။

ထိုမြင်ကွင်းကိုမြင်နေရသော ဦးဘိုးမြစ်နှင့် တိုးမောင်တို့တစ်သိုက်မှာ သို့မျောက်ကြီး တောက်ခေါင်ကိုကြည့်ကာ အံ့ဩတွေဝေကုန်ကြ၏။

"ဒီမျောက်ဟာ တယ်လဲ ဉာဏ်နီဉာဏ်နက်များတဲ့ မျောက်ပေပဲ . . .၊ ကြည့်စမ်း

www.burmeseclassic.com

www.burmeseclassic.com



ပါဦး တစ်ခါမှမတွေ့ဘူးတဲ့ မစ္စတာရော်ဂျာကိုတောင် တရင်းတနှီးနဲ့ဖြစ်နေပုံများ . . .၊ ပြီးတော့ အမြဲလိုလို ရန်လိုနေတဲ့ သူ့မျက်လုံးတွေက အခုတော့ တကယ်ပဲ အပြစ်ကင်းတဲ့ ကလေးတစ်ယောက်လို ဖြစ်နေပုံက ယုံတောင်မယုံနိုင်စရာပဲ . . .”

ထိုစဉ်မှာပင် မစ္စတာရော်ဂျာက

“ဒီလောက် လိမ္မာပြီး လူ့စကားကို နားလည်တဲ့မျောက်မျိုး ဒီတစ်ခါပဲ တွေ့ဖူးတယ် ဦးဘိုးမြစ်ရေ၊ ကျုပ်တော့ ပေါဒီမျောက်ကို သဘောကျသွားပြီဗျို့ . . .”

ဟုဆိုကာ အိမ်တိုင်တွင်ချည်ထားသည့် ကြိုးကိုဖြုတ်ကာ သူ့ပခုံးပေါ်သို့ မျောက်ကို တက်စေလေသည်။

BURMESE CLASSIC

ထိုမျောက် တောက်ခေါင်မှာ မစ္စတာရော်ဂျာ၏ ပခုံးပေါ်သို့ရောက်သောအခါ ဦးဘိုးမြစ်တို့ကို ရန်လိုမုန်းတီးနေသည့် အကြည့်တွေနှင့် ပြန်စိုက်ကြည့်နေပြီး သူ့ခြေထောက်မှ ဖုန်တွေသဲတွေက မစ္စတာရော်ဂျာ၏ ကုတ်အင်္ကျီပေါ် ပေကျံသွားသည်ကိုပင် စောစောက ကုလားနှစ်ယောက်လုပ်သလို လက်နှစ်ဖက်နှင့်ပြန်ပြီး ပုတ်ခါပေးနေပြန်လေသည်။ ထိုမြင်ကွင်းကို မြင်လိုက်သည်နှင့် မစ္စတာရော်ဂျာရော ကုလားလူမျိုးနှစ်ယောက်တို့ကပါ လွန်စွာမှ သဘောတကျကြလေသည်။

“ပေါဒီမျောက်ကတော့ တကယ့်ကို လိမ္မာတဲ့မျောက်ပဲ ဦးဘိုးမြစ်ရေ . . . ကျုပ်တော့ ဒီကောင်ကြီးကို ပြန်ရင် တစ်ခါတည်း ခေါ်သွားတော့မယ်ဗျာ . . .၊ သူ့မှာလဲ ဦးဘိုးမြစ်ပြောသလို အားကိုးမရှိ ဒုက္ခရောက်နေတာဆိုတော့ . . .၊ ကျုပ်ပဲ ဆက်ပြီးမွေးမယ်ဗျာ . . .”

“ဒီ . . . ဒီ တောက်ခေါင်က . . .”

တိုးမောင်၏ ပျာပျာသလဲနှင့် ဝင်ပြီးပြောဆိုလိုက်သည့် စကားမဆုံးခင်မှာပင် မစ္စတာ ရော်ဂျာက အလွန်အမင်း ဝမ်းသာပြုံးရွှင်သော မျက်နှာထားနှင့်

“ဘယ် . . . ဘယ်လို . . . ဒီမျောက်ရဲ့ နာမည်က တောက်ခေါင် . . . ဟုတ်လားတား ဟား ဟား နာမည်က အဆန်းပဲဟေ့ . . .”

ဟုဆိုကာ ဖွတ်အတင်း သဘောအကျကြီးကျနေသည်ကို သူကြီးဦးဘိုးမြစ်ရော တိုးမောင်တို့ပါ မျက်စိမျက်နှာတွေပျက်ပြီး ဘာစကားတစ်ခွန်းမှ ဆက်ပြီးပြောမထွက်နိုင်တော့ဘဲ ခတ်ဆိတ်ဆိတ်ပင် နေလိုက်ကြရတော့သည်။

ထို့နောက် မစ္စတာ ရော်ဂျာနှင့်အတူ ကုလားလူမျိုးနှစ်ယောက်တို့မှာ မျောက်ကြီးတောက်ခေါင်ကို အသင့်စောင့်နေသော လှည်းပေါ်တင်ကာ မြို့သို့ ခေါ်ဆောင်သွားလေတော့သည်။ ထိုမျောက်တောက်ခေါင်က လှည်းပေါ်မှ ပြန်လှည့်ကြည့်နေသော မျက်လုံးများကိုတော့ ဦးဘိုးမြစ်နှင့် တိုးမောင်တို့မှလွဲ၍ ဘယ်သူတစ်ဦးတစ်ယောက်မှ သိနိုင်ကြမည် မဟုတ်ချေ . . .။

■■■

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၇)

မြို့၏အစွန်ဖြစ်သော လူနေကျဲပါးရာ ရပ်ကွက်ကြီးတစ်ခုအတွင်း သရက်ပင်၊ ပိန္နဲပင်နှင့် မရမ်းပင်မြင့်မြင့်ကြီးများ အုံ့ဆိုင်းနေသော ခြံဝင်းကျယ်ကြီးတစ်ခုက ထီးထီးကြီးတည်ရှိနေပြီး၊ ထိုခြံဝင်းကြီးထဲတွင်တော့ ခေတ်ဆန်ဆန်ဆောက်လုပ်ထားသည့် မစ္စတာရော်ဂျာ၏ နှစ်ထပ်တိုက်အိမ်ကြီးက ခမ်းနားထည်ဝါစွာ တည်ရှိနေလေသည်။

ထိုသို့ အေးဆေးတည်ငြိမ်သည့် မစ္စတာရော်ဂျာ၏ နှစ်ထပ်အိမ်ကြီးမှာ အမြဲလိုလို လူသံသူသံတွေ တိတ်ဆိတ်နေပြီး ခြံဝင်းကျယ်ကြီး၏ အပြင်ဘက် ကတ္တရာလမ်းမပေါ်မှသာ မြင်းလှည်းမောင်းသံ၊ လန်ချားဆွဲသံတို့ကို တစ်ခါတစ်ရံ ကြားရတတ်လေသည်။

သို့သော် ထိုအိမ်ကြီးဆီသို့ တေက်ခေါင်ရောက်လာသောအခါ တိတ်ဆိတ်နေသော တစ်အိမ်လုံးမှာ ခါတိုင်းနှင့်မတူဘဲ ပိုပြီးစည်စည်ကားကား ဖြစ်လာရလေသည်။ မစ္စတာရော်ဂျာ၏ ဇနီးဖြစ်သူ ဒေါ်ခင်ခင်ထားက တေက်ခေါင်ကို လူတစ်ယောက်ကဲ့သို့ အဖော်ရနေသဖြင့် လွန်စွာမှကျေနပ်ပီတိတွေဖြစ်နေရုံမက သူတို့၏ ခုနစ်နှစ်အရွယ် တစ်ဦးတည်းသော သမီးလေး ရှိစီအတွက် ကစားဖော်ရသဖြင့် ပိုပြီးဝမ်းပမ်းတသာနှင့် ဖြစ်မိလေသည်။

တေက်ခေါင်မှာလဲ ထိုအိမ်ကြီးဆီသို့ ရောက်လာသည့်နေ့မှစပြီး အိမ်မှုကိစ္စတွေကို အကူအညီရရုံမက မစ္စတာရော်ဂျာ အလုပ်ကိစ္စနှင့် အပြင်ထွက်တိုင်း ရှူးဖိနပ်နှင့် ခေါက်ထီးတို့ကို အလိုက်တသိနှင့် ယူပေးတတ်သဖြင့် သားသမီးတစ်ယောက်နှင့်မခြား များစွာဂရုစိုက်ခြင်း ခံရလေသည်။

မစ္စတာရော်ဂျာက

"သားကြီး တေက်ခေါင်ရေ ... ပေါ့ဟိုက သတင်းစာကို ပါပုံခ်ဆီ ယူခဲ့ပေးပါကွယ်"

လူစကားကို ရေရေလည်လည် နားလည်နေသော တေက်ခေါင်မှာ ခြံအတွင်းကျနေသော သတင်းစာတစ်စောင်ကို ကပျာကယာပင် ပြေးကောက်ပြီးယူလာ၏။

www.burmeseclassic.com

www.burmeseclassic.com



"တော်တယ်ကွာ...။ ခင်ရေ... ဒီလောက်လိမ္မာတဲ့ သားကြီးကို ပေါင်မုန့်လေး ဘာလေး ကျွေးစမ်းပါဦးကွဲ..."

ဒေါ်ခင်ခင်ထားမှာလဲ အသံကြားလိုက်သည်နှင့် မီးကင်ပြီးသားပေါင်မုန့်နှစ်ချပ်ကို နို့ဆီများပင်သုတ်လိုက်ပြီး တေက်ခေါင်အား ကျွေးလေသည်။

ထိုအချိန်မှာပင် မစ္စတာရော်ဂျာမွေးထားသော ခွေးကြီးဂေါ်ကီက ခြံထောင့်မှနေ၍ ဆွဲဆွဲငင်ငင်ကြီး အူလိုက်လေသည်။

"ဝူး... အူး... ဝူး..."

ထိုအခါမှ မစ္စတာရော်ဂျာလဲ သတိတရနှင့်ဖြစ်သွားပြီး ခြံစောင့်ကုလား ဟာဆင်နှင့် မာမွတ်တို့ကို ခွေးကြီးဂေါ်ကီအား အစာကျွေးခိုင်းရလေသည်။ ထိုခြံစောင့်ကုလား ဟာဆင်နှင့် မာမွတ်တို့မှာ မစ္စတာရော်ဂျာ၏ လူယုံတပည့်တပမ်းများ ဖြစ်ကြရုံသာမက အစစအရာရာ သစ္စာစောင့်သိရိုသေကြသူတွေ ဖြစ်သဖြင့် မစ္စတာရော်ဂျာက လွန်စွာမှ အားကိုးသမှုပြုသူတွေ ဖြစ်လေသည်။

အထူးသဖြင့် မစ္စတာရော်ဂျာ၏ဇနီးဖြစ်သူ ဒေါ်ခင်ခင်ထား၏ သီးခြားစီးပွားရေး တစ်ခုဖြစ်သည့် ရတနာကျောက် အရောင်းအဝယ်ကိစ္စတွေကြောင့် ဟာဆင်နှင့်မာမွတ်တို့မှာ အိမ်ကြီးအတွင်း လူဝင်လူထွက်ကအစ အထူးဂရုစိုက်ပေးကြရသူတွေဖြစ်၏။

ထို့နောက် မစ္စတာရော်ဂျာက သမီးလေးရိုစီနှင့် တေက်ခေါင်တို့ ပျော်ရွှင်စွာဆော့ကစားနေကြသည်ကို မြင်သောအခါ

"ခင်ရေ... ဒါလင်တို့တော့ ဟောဒီလို လိမ္မာရေးခြားရှိတဲ့ တိရိစ္ဆာန်တစ်ကောင် မွေးရတာ အတော့်ကို ကံထူးတာပဲဟေ့..."

"အို... ဒါလင်ကလဲ... တိရိစ္ဆာန်လို့ မပြောစမ်းပါနဲ့... ဒီလောက်လိမ္မာပြီး လူ့စကားကိုနားလည်နေတဲ့ဟာကို...၊ သားသမီးတစ်ယောက်ရတယ်လို့ပဲ ပြောစမ်းပါ..."

ဟုဆိုသောအခါ မျောက်ကြီးတေက်ခေါင်မှာ စကားကိုနားလည်သည့်အလား ဒေါ်ခင်ခင်ထား၏ ခန္ဓာကိုယ်ကို ကလေးတစ်ယောက်ပမာ ခေါင်းဖြင့်တိုးဝှေ့ကျီစယ်လိုက်လေသည်။

ဒေါ်ခင်ခင်ထားမှာ အသက်အရွယ်အားဖြင့် သုံးဆယ်ကျော်အရွယ်ခန့်ရှိသူဖြစ်ပြီး ကိုယ်လုံးကိုယ်ဟန် အတော်အတန်ကြည့်ကောင်းသော မြန်မာအမျိုးသမီးတစ်ဦးဖြစ်ပြီး မင်းကတော်စိုးကတော်ဟု အခေါ်ခံရလောက်အောင် ဣန္ဒြေသိက္ခာအပြည့်ရှိသူဖြစ်၏ ဒီ့ အပြင် ဂုဏ်သရေရှိ အသိုက်အဝန်းများကြားတွင်လဲ ရတနာစိန်ကျောက်ရောင်းဝယ်သူ တန်သည်တစ်ပိုင်းဖြစ်နေလေရာ အားလုံးက အထူးပင် တလေးတစားနှင့် ဆက်ဆံနေရသူ ဖြစ်လေသည်။

မစ္စတာရော်ဂျာနှင့် ဒေါ်ခင်ခင်ထားတို့၏ တစ်ဦးတည်းသော သမီးလေး ရိုစီက

www.burmeseclassic.com



တောက်ခေါင်နှင့် ကစားနေရာမှ

"ပါပါနဲ့မာမာ . . .၊ သမီးတို့အပြင်သွားတိုင်း ဟောဒီ တောက်ခေါင်ကို ခေါ်သွားမယ်နော် . . ."

"ခေါ်သွားမှာပေါ့ သမီးရဲ့ . . .၊ ပြီးတော့ သမီးလို စက်ဘီးစီးတတ်အောင်လဲ ပါပါက သူ့အတွက် စက်ဘီးလေးတစ်စီး ဝယ်ပေးဦးမှာ . . ."

ထိုစကားကြောင့် ရိုစီကလေးမှာ ဖခင်ဖြစ်သူ မစ္စတာရော်ဂျာ၏ပခုံးကို သိုင်းဖက်လိုက်ရင်း လွန်စွာမှ ဝမ်းပန်းတသာနှင့် ဖြစ်သွားရလေသည်။

"ဝေး . . . ဒါမှ ဒို့ပါပါကြီး . . . ကွ"

ထိုအချိန်မှာပင် ခြံအတွင်းသို့ မောင်းဝင်လာသော အော်စတင်ကားပြာလေးကြောင့် ဒေါ်ခင်ခင်ထားရော၊ မစ္စတာရော်ဂျာပါ လှမ်းကြည့်လိုက်လေရာ . . . ကျောက်ပွဲစားဒေါ်ခင်မာလာဆို သူ၏ ကားမှန်းသိလိုက်ကြလေသည်။

"ဟင် . . . ပွဲကတော်ကြီး ဒေါ်ခင်မာလာပါလား ကြွပါရှင် . . . ကြွပါ . . . တယ်လီဖုန်းကလေးမှ ကြိုပြီးမဆက်နိုင်လောက်အောင် တကယ့်ကို အရောင်းအဝယ်တွေ ဖြစ်နေကြတယ် ဆိုပါတော့ . . ."

"အဟင်း ဟင်း . . . ဟုတ်ပ့ါ မစ္စခင်ရယ် . . . အခုတလော ပစ္စည်းကောင်းလေးတွေ အဝယ်လိုက်နေတာနဲ့ . . . ဒီကို ကတိုက်ကရိုက် ထွက်လာခဲ့တာပဲ . . ."

ဒေါ်ခင်မာလာ အိမ်ကြီးအတွင်းသို့ လှမ်းဝင်လိုက်သည်နှင့် ဧည့်ခန်းအတွင်းမှ ဆိုဖာဆက်တီပေါ်တွင် ဆောင့်ကြောင့်ကြီးထိုင်နေသည့် တောက်ခေါင်ကို မြင်းကန်မြင်တွေ့လိုက်လေရာ

"အ မ လေး . . .၊ မျောက် . . . မျောက်ကြီး . . ."

ရုတ်တရက် လန့်ပြီးအော်လိုက်သည့် ဒေါ်ခင်မာလာ၏လက်ထဲမှ စီးကရက်မှာ ကြမ်းပြင်ပေါ်သို့ ဒေါက်ကနဲပင် ပြုတ်ကျသွား၏။ ထိုအခါမှ ဒေါ်ခင်ခင်ထားမှာလဲ အားတုံ့အားနာ ဖြစ်မိသွားပြီး

"ဟင်း ဟင်း . . . ဟင်း . . . မလန့်ပါနဲ့ ပွဲကတော်ကြီးရယ် . . . ဒါ ကျွန်မတို့ရဲ့ မွေးစားသားကြီးလေ တောက်ခေါင်တဲ့ . . . အရမ်းလိမ္မာပြီး လူ့စကားကိုလဲ အင်မတန်နားလည်လို့ တစ်အိမ်လုံးက ဝိုင်းပြီးချစ်နေကြတာ . . ."

ဒေါ်ခင်ခင်ထားကသာ ထိုသို့ပြောဆိုနေသော်လဲ ပွဲကတော် ဒေါ်ခင်မာလာ၏ မျက်နှာက ထိတ်လန့်တုန်လှုပ်သည့် အမူအယာတွေအပြင် သွေးဆုတ်ပြီး ဖြူရော်ရော်ပင်ဖြစ်သွား၏။ ထိုမျောက်ကြီး တောက်ခေါင်မှာလဲ ဒေါ်ခင်မာလာ၏မျက်နှာကို ရန်လိုသည့်မျက်လုံးများနှင့် ပြန်ပြီးစိုက်ကြည့်နေသည်မှာ စားတော့ဝါးတော့မတတ်ပင် ရှိနေ၏။ ဒါကို ဒေါ်ခင်ခင်ထားရော မစ္စတာရော်ဂျာပါ မသိမမြင်မိကြသော်လဲ ခြံစောင့်ဟာဆင်နှင့် မာမွတ်တို့နှစ်ဦးက တအံ့

www.burmeseclassic.com

www.burmeseclassic.com



တသြန်နှင့် မြင်လိုက်ကြရလေသည်။

ထို့နောက် မြို့အုပ်ကတော် ဒေါ်ခင်ခင်ထားက ပွဲကတော်ကြီး ဒေါ်ခင်မာလာအား အရည်အသွေးကောင်းသော ကျောက်မျက်ရတနာတို့အား စားပွဲပေါ်တွင် ချခင်းတာပြသလေသည်။ ဒေါ်ခင်မာလာမှာလဲ ထိုကျောက်မျက်ရတနာတို့ကို အထူးဂရုတစိုက် ကြည့်နေရသည့်အထဲ မလှမ်းမကမ်းမှ ဆောင့်ကြောင့်ထိုင်ကာ ပြူးကြောင်ကြောင်စိုက်ကြည့်နေသည့် တောက်ခေါင်ကြောင့် လွန်စွာမှ စိတ်အနှောင့်အယှက်တွေဖြစ်မိလေသည်။

"မစ္စရယ် . . . မစ္စတို့ရဲ့ ခေတ်မီပြီး ထယ်ဝါခမ်းနားတဲ့ ဟောဒီစံအိမ်ကြီးက ဒီလိုကြောက်စရာကောင်းတဲ့ မျောက်သတ္တဝါမျိုးနဲ့ မသင့်တော်ပါဘူး . . .၊ ပြီးတော့ သူ့ကိုကြည့်ရတာလဲ ကျွန်မစိတ်ထဲ ဘယ်လိုကြီးမှန်း မသိဘူး . . ."

ဒေါ်ခင်မာလာက ထိုမျောက်ကြီးကိုမနှစ်မြို့သော်လဲ မစ္စတာရော်ဂျာနှင့် မစ္စခင်ခင်ထားတို့၏မျက်နှာကြောင့် ဖာဖာထေးထေးနှင့် ပြောလိုက်သည်။ တကယ်တော့ အခုလို ကျက်သရေကင်းမဲ့ပြီး ကြောက်စရာကောင်းသည့်မျောက်ကို ဆက်ပြီးမမွေးစေလိုသည့် ဆန္ဒတွေတာ ဒေါ်ခင်မာလာ၏ရင်ထဲတွင် အပြည့်ရှိလေသည်။

ထိုအချိန်မှာပင် မျောက်ကြီးတောက်ခေါင်က သူ့ကိုနာခေါင်းရှုံ့ကာ မနှစ်မြို့သည့် အမူအယာနှင့်ဖြစ်နေသော ဒေါ်ခင်မာလာအား သွားဖြဲကာ ပမာမခန့်နှင့် လုပ်ပြနေလေသည်။ ဒေါ်ခင်ခင်ထားကတော့ အရယ်အမောမပျက်ဘဲ

"ပွဲကတော်ကြီးရယ် . . . ပွဲကတော်ကြီးက မျောက်ကို တော်တော်လေးကြောက်တတ်ပုံရတယ် . . .၊ ကဲ ကဲ ဟာဆင်တို့ မာမွတ်တို့ရေ သားကြီးတောက်ခေါင်ကို ဝေးဝေးကို ခေါ်သွားပေးလိုက်ကြပါကွယ် . . .၊ သွား သွား သားကြီးကလိမ္မာတယ် . . ."

ဟုဆိုကာ အခြားတစ်နေရာသို့ ခေါ်သွားခိုင်းလေသည်။ ခြံစောင့်ကြီး ဟာဆင်နှင့် မာမွတ်တို့နှစ်ယောက်မှာလဲ ထိုမျောက်ကြီးကို ခပ်ကြောက်ကြောက်နှင့်ပင် အိမ်ရှေ့ခြံဝင်းထဲသို့ ခေါ်သွားကြလေသည်။ သူတို့ အိမ်ရှေ့ခြံဝင်းကြီးထဲသို့ရောက်သည်နှင့် ခွေးကြီးဂေါ်ကီတာ တောက်ခေါင်ကိုမြင်ပြီး လှောင်အိမ်ထဲက သဲသဲမဲမဲပင် ထိုးဟောင်တော့သည်။

ထိုအချိန်မှာပဲ . . . မျောက်ကြီးတောက်ခေါင်ကလဲ ခွေးကြီးဂေါ်ကီကို သွားစွယ်များဖြဲကာ ရန်လိုတိုက်ခိုက်ချင်သည့် အကြည့်တွေနှင့် တခွီးခွီး ပြန်ပြီး မာန်ဖီလိုက်လေသည်။

■

နောက်တစ်နေ့ နံနက်တွင် မစ္စတာရော်ဂျာနှင့် မစ္စခင်ခင်ထားတို့၏ တစ်ဦးတည်းသော သမီးလေး ရှီစီမှာ ကောက်ကာငင်ကာကြီးဆိုသလို အပြင်းဖျားလေတော့သည်။ ထိုအခါမှ မစ္စတာရော်ဂျာတို့ ဇနီးမောင်နှံမှာလဲ လွန်စွာမှ စိုးရိမ်သောကတွေ ဖြစ်ကုန်ကြရလေတော့

www.burmeseclassic.com

www.burmeseclassic.com



ထမင်းချက်မိန်းမကြီး ဒေါ်စောမြရော၊ ခြံစောင့် ဟာဆင်တို့နှစ်ယောက်ပါ အလုပ်တွေရှုပ်ကုန်ကြသည်။

ခဏအကြာ . . . မစ္စတာရော်ဂျာ ဖုန်းဆက်ပြီး ခေါ်ထားသည့် ဆရာဝန် ဒေါက်တာဆင်းမ်ရောက်လာပြီး ရိုစီကို စမ်းသပ်ကြည့်ရှုလေသည်။

ဒေါက်တာဆင်းမ်က ရိုစီ၏ ပါးစပ်ထဲမှ အဖျားတိုင်းသည့် ပြဒါးတိုင်ကို ဆွဲထုတ်ပြီး ကြည့်လိုက်ရာ

"အလို . . . အဖျားက တစ်ရာ့နှစ်တောင် ရှိနေပါလား . . ."

ဟုဆိုကာ

ပြဒါးတိုင်ကို တဖျတ်ဖျတ်ခါလိုက်ပြီး ဘေးမှနေ၍ မျက်နှာမသာမယာနှင့် ဖြစ်နေသော မြို့အုပ်မင်းနှင့် ဇနီးတို့ကို

"မစိုးရိမ်ပါနဲ့ မြို့အုပ်မင်းရယ် ဆေးထိုးလိုက်ရင် အဖျားက ချက်ချင်းကျသွားမှာပါ . . ."

ထို့နောက် ဒေါက်တာဆင်းမ်က ဆေးသေတ္တာထဲမှ ဆေးထိုးအပ်တွေကို ပွက်ပွက်ဆူနေသော ရေနွေးဇလုံထဲသို့ထည့်ပြီး ပြုတ်လိုက်၏။ ထိုအခါမှ ဒေါ်ခင်ခင်ထားမှာ

"သမီးလေးက အခုလောက် အဖျားတစ်ခါမှ ကြီးကြီးမားမား မတက်ဖူးပါဘူး ဒေါက်တာရယ် . . . ဒီတစ်ခါမှ ဘယ်လိုဖြစ်တယ်မသိပါဘူး . . .။ ကြည့်စမ်းပါဦး မျက်နှာတွေတောင် ဖြူဖတ်ဖြူရော်တောင် ဖြစ်သွားသလိုပဲ . . ."

"နနယ်တဲ့ကလေးဆိုတာ ဒီလိုပါပဲ မြို့အုပ်ကတော်ရဲ့ . . .၊ တစ်ခါတစ်ရံ သွားတာလာတာ စားတာသောက်တာ အနေအထိုင်ကလေး နည်းနည်းမှားရင်လဲ ဖြစ်တတ်တာပါပဲ . . . မပူပါနဲ့ဗျာ ဆေးထိုးပြီးရင် အဖျားကျသွားမှာပါ"

ဟု ပြောပြောဆိုဆို ဒေါက်တာဆင်းမ်က ရိုစီကို ဆေးတစ်လုံးထိုးပေးပြီး သောက်ဆေးများကိုပေးကာ မစ္စတာရော်ဂျာတို့ အိမ်ကြီးဆီမှ ပြန်ကြွသွားလေသည်။ မစ္စတာရော်ဂျာနှင့် ဒေါ်ခင်ခင်ထားတို့မှာလဲ သူတို့၏ တစ်ဦးတည်းသောသမီးလေး ရိုစီကို အရိပ်တကြည့်ကြည့်နှင့်ပင် ဖြစ်နေကြကာ စောင်များဖြင့် အထပ်ထပ်လွှမ်းခြုံပေးထားကြလေသည်။

ထိုအချိန်မှာပင် အိမ်ကြီး၏အောက်ထပ်ဆီမှ အမောတကောနှင့် ပြေးတက်လာသော ထမင်းချက်မိန်းမကြီး ဒေါ်စောမြက

"အမလေး . . . မမလေးရေ . . . ဒုက္ခပါပဲ . . .၊ ညစာအတွက် ချက်ဖို့လုပ်ထားတဲ့ အမဲသားတွေ အတွဲလိုက်ကြီး ဘယ်ပျောက်သွားသလဲ မသိဘူး . . .၊ လုပ်ပါဦး . . ."

"ဟင် . . ."

ရုတ်တရက် ကြားလိုက်ရသော ဒေါ်စောမြစ်၏အထိတ်တလန့် စကားကြောင့် မစ္စတာရော်ဂျာရော ဒေါ်ခင်ခင်ထားပါ တအံ့တသြနှင့် ဖြစ်သွားကြ၏ ။ ထို့အပြင် တစ်ကြိမ်

www.burmeseclassic.com

www.burmeseclassic.com



တစ်ခါမှ မဖြစ်ဖူးသောကိစ္စကြောင့်လဲ သူတို့၏ စိတ်ထဲတွင် လွန်စွာမှ တသိတအောက်တွေ ဖြစ်သွားကြ၏။

ထို့နောက် မစ္စတာရော်ဂျာက ဒေါ်စောမြကို စိတ်ပေါက်ပေါက်နှင့်

"ဒီမှာ . . . ဒေါ်စောမြ ကလေးနေမကောင်းလို့ စိတ်ညစ်နေကြရတဲ့အထဲမှာ . . ။ အမဲသားပျောက်တာ လာပြောနေရသေးတယ် . . ။ ခင်ဗျားအထားမှားတာဖြစ်ချင်ဖြစ်မှာပေါ့ . . ။ သွားဗျာ . . . သွား၊ တော်တော်ခက်တဲ့လူတွေ . . ."

ဟူ၍ အော်ငေါက်လိုက်လေရာ ဒေါ်စောမြမှာ ပါးစပ်အဟောင်းသားနှင့် အောက်ထပ်သို့ပြန်ဆင်းသွားရလေသည်။ ဒေါ်ခင်ခင်ထားကတော့ တစ်စိုးတစ်စိမှပင် ဝင်ရောက်ပြောဆိုခြင်းမရှိဘဲ သမီးလေးရိုစီကို ရေငွေ့အိတ် ကပ်ပေးနေလေသည်။

ထိုအချိန်မှာပင် အောက်ထပ်မှ ဘီရိုကြီးတစ်လုံးပေါ်တွင် ဆောင့်ကြောင့်ထိုင်တာ တစ်စုံတစ်ရာကို ပါးစပ်က တပြတ်ပြတ်နှင့်ဝါးနေသော မျောက်ကြီးတောက်ခေါင်ကို ဒေါ်စောမြရော၊ ဟာဆင်နှင့် မာမွတ်တို့ပါ အသဲတယားယားနှင့် တွေ့မြင်လိုက်ကြရသည်။

■

တစ်နေ့ပြီးတစ်နေ့ ကုန်ဆုံးလာသည်နှင့်အမျှ ရိုစီ၏အဖျားက တက်လိုက်ကျလိုက်နှင့် လုံးဝပျောက်ကင်းသွားသည်ဟူ၍ မရှိဘဲ ခန္ဓာကိုယ်က ပျော့ခွေနုံးချည့်လာသည်။ ဒေါက်တာဆင်းမ်မှာလဲ နေ့စဉ်လိုလို ဆေးတွေကို အမျိုးမျိုးပြောင်းပြီး ပေးနေရသဖြင့် ဦးနှောက်ပင်ခြောက်သလိုလို ဖြစ်လာ၏။

ဒို့အပြင် မစ္စတာရော်ဂျာမှာလဲ အလုပ်ထဲတွင် အထက်လူကြီးတွေနှင့် အဆင်မပြေတွေ ဖြစ်လာကာ နေ့ရှိသ၍ အရက်ကိုသာ တွင်တွင်ကြီး ဖိသောက်လာလေသည်။ သို့နှင့် ဒေါ်ခင်ခင်ထားမှာ သမီးရိုစီအတွက် ပူပင်သောကတွေ ဖြစ်နေရုံမက ယောကျ်ားဖြစ်သူ မစ္စတာရော်ဂျာ၏ အလုပ်အကိုင်တွေက တစ်နေ့တခြား အဆင်မပြေတွေ ဖြစ်နေသည့်အတွက် လွန်စွာမှ စိုးရိမ်သောကတွေ ရောက်နေလေရာ . . .

သူတို့မိဘများ လက်ထက်ကတည်းက ကိုးကွယ်လာသည့် အထက်ဂိုဏ်းဆရာ ဆရာမြဆီသို့ အားကိုးတကြီးနှင့် သွားရောက်အကူအညီတောင်းလေသည်။ ထိုခေတ်က ဝုဏ်တဂုဏ်ပြိုင် အထက်တန်းလွှာမိန်းမများမှာ စီးပွားရေး၊ ကျန်းမာရေး၊ လူမှုရေးကအစ အခက်အခဲတွေနှင့် ရင်ဆိုင်လာရသောအခါ ထိုဆရာမြထံသို့သွားပြီး ယတြာ၊ လက်ဖွဲ့တို့ကို သုံးပြီးတင်တောင်းယူကြလေ့ရှိရာ ဒေါ်ခင်ခင်ထားမှာလဲ ယောကျ်ားဖြစ်သူ မစ္စတာရော်ဂျာ မသိအောင်ပြည့် ကြားမှာပင် ထိုဆရာမြထံသို့သွားပြီး အဆောင်ယတြာတို့ကို တောင်းယူလေသည်။

ဆရာမြက အဖြူရောင်အမြစ်ဥများမှနေ၍ ရိုးတံနှင့်အရွက်တို့ ဖားလျားတွဲနေ

www.burmeseclassic.com

www.burmeseclassic.com



သော အပင်ငယ်တစ်ပင်ကို ဒေါ်ခင်ခင်ထားအား လှမ်းပေးလိုက်ရင်း

"ဟောဒီဂမုန်းပင်ဟာ နတ်ဆေးဂမုန်းလို့ ခေါ်တယ်ကွဲ့...။ ဒီဂမုန်းပင်ကို အိမ်ရဲ့ သန့်ရှင်းတဲ့နေရာမှာ ပန်းအိုးနဲ့ ကျကျနနစိုက်ထားပြီး အမွှေးနံ့သာတိုင်တွေ၊ ဖယောင်းတိုင်တွေနဲ့ နေ့တိုင်းမပြတ်ပူဇော်ပေးပါ...။ ကလေးမရဲ့သမီးလေး ကျန်းမာရေးပြန်ကောင်းလာရုံတော စီးပွားလဲ တစ်နေ့တခြား တိုးပွားလာလိမ့်မယ်...။ အဲ... တစ်ခုတော့မှာလိုက်မယ် ဒီဆေးဂမုန်းကို တရိုတသေမထားဘဲ ဖြစ်သလိုစိုက်မယ်ဆိုရင်တော့ လူကိုပြန်ပြီး ခိုက်တတ်တယ် သတိထားကွဲ့..."

ဟုဆိုလိုက်လေရာ အိမ်သို့ပြန်ရောက်သည်နှင့် ဒေါ်ခင်ခင်ထားကိုယ်တိုင်ပင် အမွှေးနံ့သာတိုင်များ ထွန်းညှိပူဇော်ရင်း နတ်ဆေးဂမုန်းပင်ကို ပန်းအိုးတစ်လုံးအတွင်း ကျကျနနဆုတောင်းပြီး စိုက်ပျိုးလေသည်။ တစ်အိမ်လုံးရှိ ထမင်းချက်မိန်းမကြီး ဒေါ်စောမြနှင့်ဟာဆင်တို့နှစ်ယောက်မှာလဲ ထိုဂမုန်းပင်ကို လွန်စွာမှ မထိရက်မကိုင်ရက်ပဲ ဖြစ်နေကြရုံမက ထိုပန်းအိုးအနီးအနားမှပင် ဖြတ်လျှောက်ပြီး မသွားဝံ့ကြချေ။

ထိုအချိန်မှာပင် မျောက်ကြီးတောက်ခေါင်မှာ ထိုနေရာတစ်ဝိုက်တွင် ရစ်သီရစ်သီနှင့် လုပ်နေလေရာ ဒေါ်ခင်ခင်ထားက

"သားကြီး တောက်ခေါင်... ဟောဒီအပင်လေးကို မထိရ၊ မကိုင်ရဘူးနော်...။ ပြီးတော့ ဒီအပင်လေးနားကိုလဲ ဘယ်တော့မှ မလာရဘူး ကြားလား၊ သားကြီးကလိမ္မာတယ်...။ သွား... သွား..."

ဟု ချော့ကာမော့ကာနှင့် ပြောလိုက်သောအခါ တောက်ခေါင်မှာ ဒေါ်ခင်ခင်ထား၏ စကားကို နားလည်သည့်အလား အနီးမှ ချာကနဲပင် လှည့်ထွက်သွားလေသည်။

ထိုမြင်ကွင်းကို မြင်လိုက်ရသော ဒေါ်စောမြနှင့် မြဲစောင့်ကုလား ဟာဆင်တို့နှစ်ယောက်မှာ တောက်ခေါင်ဆိုသောမျောက်ကို ဘယ်လိုနားလည်ရမှန်းပင် မသိဘဲ ဖြစ်နေကြရလေသည်။ သို့သော် သူတို့အားလုံး၏ တူညီသည့် ထင်မြင်ယူဆချက်တွေကတော့ ထိုမျောက်ကြီး တောက်ခေါင်မှာ လွန်စွာမှ ကြောက်မက်ဖွယ်ရာ ဉာဏ်နီဉာဏ်နက်တွေရှိနေသည့် မျောက်စဉ်းလဲကြီးတစ်ကောင် ဖြစ်နေသည်ဟူသော အချက်ပင်ဖြစ်သည်။

■■■

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၈)

နောက်တစ်နေ့နံနက်တွင် မစ္စတာရော်ဂျာနှင့် ဒေါ်ခင်ခင်ထားတို့၏ သမီးလေး ရိုစီမှာ အဖျားကျသွားပြီး ထူထူထောင်ထောင်နှင့် ပြန်ဖြစ်လာ၏။ ထိုအခါမှ တစ်အိမ်သားလုံးမှာလဲ ရွှင်ရွှင်ပြပြနှင့် ပြန်ဖြစ်လာကြကာ ခါတိုင်းကဲ့သို့ပင် အိမ်မှုကိစ္စတွေကို ပြန်ပြီးလုပ်နိုင်လာကြသည်။ ထိုသို့ ပြန်ပြီး နေကောင်းလာသည်နှင့် ရိုစီလေးမှာလဲ မျောက်ကြီးတက်ခေါင်းနှင့် ခါတိုင်းလိုပင် ပျော်ရွှင်စွာ ဆော့ကစားနိုင်လေသည်။

ဒေါ်ခင်ခင်ထားမှာလဲ ထိုသို့ သမီးလေးရိုစီ ပြန်ပြီးနေကောင်းလာခဲ့သည်မှာ ဆရာမြ၏ နတ်ဆေးဂမုန်းအစွမ်းကြောင့်ပင်ဖြစ်မည်ဟု တစ်ထစ်ချယုံကြည်ကာ နတ်ဆေးဂမုန်းပင်အား နေ့စဉ် အမွှေးနံ့သာတိုင်များ မပြတ်ထွန်းညှိပူဇော်ပေးလျက်ရှိသည်။

"ခင်ကလဲကွာ . . . တစ်နေ့တစ်နေ့ အဲဒီ ဘာမဟုတ်တဲ့အပင်နားမှာ အမွှေးတိုင်တွေကို ဘာကြောင့် ဒီလောက်တောင် ထွန်းနေရတာလဲ . . .၊ အသက်ရှူတွေတောင် ကျပ်လာပြီ"

"အို ဒါလင်ကလဲ ဒါ သာမန်အပင်တစ်ပင်မဟုတ်ဘူး . . .၊ နတ်ဆေးဂမုန်းရှင့် သိရဲ့လား . . .၊ ဒီဂမုန်းပင်ကြောင့် သမီးလေး အခုလို ပြန်ပြီးနေကောင်းလာတဲ့အပြင် ဒါလင့်အလုပ်အကိုင်တွေလဲ တဖြည်းဖြည်း ပြန်ပြီးအဆင်ပြေလာတာပဲ မဟုတ်လား . . ."

မစ္စတာရော်ဂျာမှာ အင်္ဂလိပ်လူမျိုးတစ်ဦးပီပီ ထိုအယူအဆတွေကို နည်းနည်းမှ အယုံအကြည်မရှိသလို၊ ဒေါ်ခင်ခင်ထားမှာလဲ ထိုခေတ်က လူကုန်ထံအမျိုးသမီးတိုင်း သကြာ အဆောင်လက်ဖွဲ့တွေကို ယုံကြည်အားကိုးလေ့ရှိသည့်အတိုင်း လွန်စွာမှ အယုံသည်းလျက်ရှိနေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် မစ္စတာရော်ဂျာက ဘာစကားတစ်ခွန်းမှ ပြန်ပြောမနေတော့ဘဲ နတ်ဆေးဝမုန်းပင် စိုက်ပျိုးထားရာ ပန်းအိုးအနီးမှနေ၍ အိမ်ကြီး၏အပေါ်ထပ်သို့ လှေကားအတိုင်း တက်လာခဲ့လေသည်။

အိမ်ကြီး၏အပေါ်ထပ်တွင်တော့ သမီးကလေးရိုစီနှင့် မျောက်ကြီးတောက်ခေါင်တို့မှာ ပျော်ရွှင်စွာဆော့ကစားနေကြကာ သူတို့အနီးတွင်လဲ ကစားစရာ အမွေးပွအရုပ်ကြီးတွေနှင့် အဝတ်ဖြတ်စညှပ်စပေါင်းတွေက ရှုပ်ထွေးပွရောင်းနေလျက်ရှိသည်။

မစ္စတာရော်ဂျာ လှေကားထိပ်သို့ ရောက်သောအခါ သမီးလေးရိုစီမှာ နောက်ခိုင်းထိုင်လျက် တစ်စုံတစ်ရာကို သဲကြီးမဲကြီးငုံ့ပြီး လုပ်နေကာ . . . ရိုစီ၏အနောက်ဖက်တွင်တော့ မျောက်ကြီးတောက်ခေါင်က သံချေးတက်နေသော ကပ်ကျေးတစ်လက်ကို လက်ထဲတွင် ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထားသည်ကို တွေ့လိုက်ရ၏။

"ဩော် . . . ဒီနစ်ယောက် ငြိမ်ချက်သားကောင်းနေပါတယ် အောင့်မေ့တယ်။ ဒီအိမ်ပေါ်မှာလာပြီး အမှိုက်တွေ ဖွနေကြတာကိုး . . ."

မစ္စတာ ရော်ဂျာ၏အသံကိုကြားလိုက်သည်နှင့် ရိုစီနှင့်အတူ မျောက်ကြီးတောက်ခေါင်တို့မှာ နောက်သို့ ပြိုင်တူဆိုသလို လှည့်ကြည့်လိုက်ကြသည်။ တစ်ချိန်ထဲမှာပဲ တောက်ခေါင်ကလဲ သူ့လက်ထဲတွင် ဆုပ်ကိုင်ထားသော ကပ်ကျေးကို ကြမ်းပြင်ပေါ်သို့ ဒေါက်ကနဲ လွှတ်ချလိုက်လေသည်။

ထို့နောက် . . . တောက်ခေါင်၏ မျက်နှာမှာ ရုတ်တရက် အကြံအစီပျက်သွားသူလို အလိုမကျနှင့်ဖြစ်သွားပြီး မစ္စတာရော်ဂျာရှိရာသို့ အူယားဖားယားနှင့် ပြေးလာကာ သူ့မဟုတ်သလို ကွိကွိကွကွနှင့် ပလူးပလဲ လုပ်လိုက်လေသည်။

သို့သော် မစ္စတာရော်ဂျာကတော့ တောက်ခေါင်၏ ယုတ်မာပက်စက်သည့် အကြံအစည်ကို တစ်စိုးတစ်စိမှ မရိပ်မိရှာမျှမက သမီးဖြစ်သူ ရိုစီလေးမှာလဲ ကျောခိုင်းထိုင်လျက် အဆော့မက်နေလေရာ ဘာတစ်ခုမှပင် မသိလိုက်ချေ။

ထို့နောက် ရိုစီက

"ပါပါ တောက်ခေါင်နဲ့ သမီးနဲ့ အတူတူစီးဖို့ စက်ဘီးလေးတစ်စီး ဝယ်ပေးမယ်ဆို . . . ဘယ်တော့ဝယ်ပေးမှာလဲ . . ."

ဟုဆိုကာ စာကြည့်ခန်းအတွင်းသို့ ဝင်သွားလေသည်။ ထိုအခါမှ တောက်ခေါင်မှာလဲ နောက်ထပ်အကြံအစည်တစ်ခုကို ထပ်ပြီးစဉ်းစားအကြံထုတ်နေသလိုနှင့် အိမ်ကြီး၏ အောက်ထပ်ဆီသို့ လှေကားအတိုင်း ပြန်ဆင်းသွားလေသည်။

ထိုအချိန်မှာပင် . . . ခြံဝင်းထဲမှ ခွေးကြီးဂေါ်ကီ၏ ဆွဲဆွဲငင်ငင် အူသံကြီးကို နေ့ခင်းကြောင်တောင် ကျယ်ကျယ်လောင်လောင်ကြီး ကြားလိုက်ရလေသည်။

■

www.burmeseclassic.com

www.burmeseclassic.com



ခြံစောင့်ကုလားကြီး ဟာဆင်နှင့်မာမွတ်တို့ နှစ်ယောက်မှာလဲ တစ်နေ့တခြား ကောက်ကျစ်ယုတ်မာလာသည့် တေက်ခေါင်၏ အကျင့်စရိုက်တွေကြောင့် ပိုပိုပြီး မျက်မုန်းကျိုးမိလာကြသည်။ ဒါ့အပြင် ထိုမျောက်၏ ကြောက်စရာကောင်းပြီး ကျက်သရေတာခဲ့သည့် မျက်နှာနှင့် ပါးစပ်ဖြဲလိုက်တိုင်း အထင်းသားပေါ်လွင်နေသည့် သွားစွယ်ကြီးနှစ်ချောင်းကြောင့် တစ်စုံတစ်ရာကို သံသယပင် ဖြစ်လာမိကြသည်။

ထို့နောက် ဟာဆင်က ခြံဝင်းကြီးအတွင်းရှိ ပိန်းပင်များကိုရေလောင်းနေရာမှ

"ဗျို့ ကိုမာမွတ် . . .၊ ကျုပ်ဖြင့် ဟို တေက်ခေါင်ဆိုတဲ့ မျောက်ကိုကြည့်ရတာ သိပ်ပြီး မသင်္ကာချင်တော့ဘူးဗျ . . ."

"ဟုတ်ပါ့ဗျာ . . .၊ ကျုပ်လဲ အဲဒီမျောက် ဒီအိမ်ကြီးပေါ် စပြီးရောက်လာကတည်းက အလုပ်လုပ်ရတာ ခါတိုင်းလို စိတ်ပါလက်ပါတွေ မဖြစ်တော့သလိုပဲ . . .၊ ပြီးတော့ ကိုယ့်နောက်ကျောကိုလဲ အလိုလိုနေရင်း မလုံမလဲဖြစ်နေမိတယ် . . .၊ ကျုပ်အထင်တော့ ဒီမျောက်ဟာ သာမန်တိရစ္ဆာန်တစ်ကောင်ထက် ပိုပြီးထူးခြားနေသလိုပဲ . . ."

မာမွတ်၏စကားကြောင့် ဟာဆင်မှာ ခါးကြားတွင်ညှပ်ထားသော ဆေးပြင်းလိပ်တို ကိုထုတ်ကာ မီးညှိဖွာရှိုက်လိုက်ပြီး . . .

"ဟုတ်တယ် . . . ကိုမာမွတ် . . . ဒီမျောက်ကြီးတေက်ခေါင်ဟာ ခင်ဗျားတို့ကျုပ်တို့ မသိလို့ မမြင်လို့သာရှိရမယ်။ သူ့ပုံစံက ဘယ်လိုပြောရမလဲ ဗမာအယူအဆနဲ့ဆိုရင် ဖုတ်ဝင်နေတဲ့ သတ္တဝါနဲ့တောင် ပိုပြီးတူနေတယ်။ နောက်ပြီး မျက်လုံးတွေက လူတစ်ယောက်ကို ရက်စက်ယုတ်မာဖို့ အမြဲချောင်းမြောင်းနေတဲ့အပြင် . . . အစားအသောက်ဆိုလဲ သားစိမ်း၊ ငါးစိမ်းတွေကိုမှ စားတာဆိုတော့ . . . သာမန်မျောက်တစ်ကောင်တော့ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူး . . .။ ခင်ဗျားကြည့်လေ ဟိုတစ်ရက်က မီးဖိုချောင်ကပျောက်သွားတဲ့ အမဲသားတွဲကလဲ ဒင်းပဲဆွဲသွားတာ . . .။ ဒီကြားထဲ ခွေးကြီးဂေါ်ကီကလဲ နေ့ကောညပါ ထူးထူးဆန်းဆန်း အူနေလေတော့ . . .၊ ဒီမျောက်ဟာ မျောက်လို့တောင် ပြောရခက်နေပြီ . . ."

ထို့နောက် ဟာဆင်က သက်ပြင်းတစ်ချက်ကို လေးလေးပင်ပင်နှင့်ချရင်း

"အေးလေ . . . ခက်တာက မစ္စတာရော်ဂျာနဲ့ မမလေးခင်ခင်ထားတို့က ဒီလိုယုတ်မာပြီး ကြောက်စရာကောင်းတဲ့ မျောက်ကိုမှ အရေးတယူနဲ့ မျက်နှာသာပေးနေလေတော့ ကျုပ်တို့မှာ ပြောရအခက်သားလားဗျာ . . ."

ဟာဆင်နှင့် မာမွတ်တို့မှာ ပြောလဲပြော အိမ်ကြီးဆီသို့လဲ မကြာခဏ လှမ်းလှမ်းပြီး ကြည့်မိကြသည်။ သူတို့၏စိတ်ထဲတွင်တော့ ထိုမျောက်ကြီး တေက်ခေါင်ကို နည်းနည်းမှ ပင် အယုံအကြည်မရှိတော့သည့်အပြင် မစ္စတာရော်ဂျာတို့ ဖနီးမောင်နှံအတွက်လဲ တတွေး အေးဘဲ ဖြစ်နေကြလေသည်။

ထို့နောက် မာမွတ်က တစ်စုံတစ်ရာကို စဉ်းစားသလိုနှင့် လှမ်းပြောလိုက်ပြီး . . .

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်တစ်ခု စဉ်းစားမိတယ် ကိုဟာဆင် . . .၊ ကျုပ်အသိမိတ်ဆွေတစ်ယောက်ရဲ့ အိမ်မှာ နဂါးဦးစွန်းဂမုန်းလို့ခေါ်တဲ့ အပင်တစ်မျိုးရှိတယ်ဗျ . . .၊ အဲဒီအပင်စိုက်ထားတဲ့အိမ်မှာ ဆိုရင် မကောင်းတဲ့ သရဲတစ္ဆေတွေ မဝင်နိုင်မကပ်နိုင်ကြရုံမက . . .၊ နှစ်ပေါင်းများစွာကတည်းက မကျွတ်မလွတ်သေးတဲ့ ဘီလူး၊ သဘက်ကြီးတွေတောင် မနေနိုင်မထိုင်နိုင် ထွက်ပြေးကြရတယ်ဆိုပဲ . . ."

မာမွတ်၏စကားကြောင့် ဟာဆင်မှာ သူ့လက်ဖဝါးနှစ်ဖက်ကို ဖျန်းကနဲနေအောင် ရိုက်လိုက်ပြီး . . .

"ဟင် . . . ဟုတ်လား ကိုမာမွတ်ရဲ့ ဒီလိုဆိုရင်ဖြင့် အဲဒီဂမုန်းကို ကျုပ်တို့ ဒီအိမ်ကြီးထဲမှာ စိုက်ရင်ကော ဘယ့်နှယ့်လဲ . . ."

ထိုအချိန်မှာပင် မာမွတ်က အိမ်ကြီးဆီသို့ မသိမသာနှင့် လှမ်းကြည့်လိုက်ပြီး

"တစ်ခုတော့ရှိတယ် ကိုဟာဆင်ရဲ့ . . . ဒီကိစ္စကို အိမ်ကြီးပေါ်က မမလေးနဲ့ မစ္စတာရော်ဂျာတို့ မသိအောင်လုပ်မှဖြစ်မယ်။ တော်ကြာ သူတို့ချစ်တဲ့ တောက်ခေါင်ကြီးကို ကျုပ်တို့က မနေနိုင်အောင် လုပ်ပါတယ်ဆိုပြီး ကျုပ်တို့အပေါ် အပြစ်ပုံကျလာမှာလဲ စိုးရတယ် . . ."

"အိုဗျာ . . . ကိုမာမွတ်ကလဲ ကျုပ်တို့က မကောင်းတဲ့စိတ်နဲ့လုပ်တာမှ မဟုတ်ဘဲ သိသွားတော့ကော ဘာဖြစ်သေးလဲ . . .၊ အရေးကြီးတာက အဲဒီကောင်ကြီး ဒီအိမ်မှာရှိနေတာ တစ်နေ့မဟုတ် တစ်နေ့ အားလုံး ဒုက္ခရောက်ကုန်ကြလိမ့်မယ် . . ."

ထိုစဉ်မှာပင် . . .

"ဖျောက် . . ."

သစ်ကိုင်းခြောက်တစ်ခုကို တက်နင်းမိသည့် အသံတစ်ချက်ကို သူတို့၏နောက် ကျောဖက်ဆီမှ ကြားလိုက်ရ၏။

"ဟင် . . ."

"ဟာ . . ."

သူတို့၏နောက်ကျောဖက်တွင်တော့ ဘယ်အချိန်ကတည်းက ရောက်နေမှန်းမသိသည့် မျောက်ကြီးတောက်ခေါက်က အရာရာကိုသိနှင့်ပြီးလူတစ်ယောက်ကဲ့သို့ ဟာဆင်နှင့်မာမွတ်တို့ကို မကျေမနပ်နှင့် စူးစူးဝါးဝါး ပြန်စိုက်ပြီး ကြည့်နေလေသည်။

■■■

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၄)

နောက်တစ်နေ့နံနက်တွင် မြို့အုပ်မင်း မစ္စတာရော်ဂျာမှာ လုပ်ငန်းဆိုင်ရာ အထူးစီခံချက်တစ်ခုဖြင့် အရေးပေါ်ခရီးထွက်ရန် ပြင်ဆင်ရလေသည်။ မစ္စတာရော်ဂျာ၏ ဇနီးဖြစ်သူ ဒေါ်ခင်ခင်ထားမှာလဲ မကြာခဏဆိုသလို ခရီးဝေးထွက်နေရသူ ခင်ပွန်းအား ဘာတစ်ခုမှ မလစ်ဟင်းရအောင် ပစ္စည်းပစ္စယာတွေကို ထည့်ပေးနေသလို၊ သမီးလေးရှိစီကလဲ မစ္စတာရော်ဂျာ၏ပါးကို တရှုံ့ရှုံ့နမ်းရင်း သူလိုချင်ရာတွေကို ပါးစပ်က တတွတ်တွတ်နှင့် မှာကြားနေလေသည်။

"ပါပါ. . . ဒီတစ်ခေါက်ပြန်လာရင် သမီးအတွက် ဝက်ဝံရုပ်ကလေးနဲ့ တောက်ခေါင်အတွက် စက်ဘီးလှလှလေးတစ်စီး ဝယ်ခဲ့နော် . . ."

"အေးပါးသမီးရယ် . . .၊ ဪ ဒါနဲ့ တောက်ခေါင်ရော ဒီတစ်မနက်လုံးမတွေ့ပါလား"

မစ္စတာရော်ဂျာက ခါတိုင်းသမီးလေးရှိစီနှင့်အတူ တွေ့နေရသော တောက်ခေါင်ကို အခန်းအတွင်း ဟိုဟိုဒီဒီ ကြည့်ရင်းနှင့် မေးလိုက်၏။

"ဪ ဒါလင်ကလဲ . . . ဒါလင်ခရီးသွားမှာကို သူသိနေလို့ စိတ်မကောင်းဖြစ်ပြီး အနားကိုမလာတာနေမှာပေါ့ . . ."

ဒေါ်ခင်ခင်ထား၏ စကားအဆုံးမှာပင် အိပ်ခန်းအတွင်းရှိ ဘီရိုကြီးတစ်လုံးပေါ်မှ "ခွီး" ဟနဲ့အသံပေးကာ ဆောင့်ကြောင့်ကြီးထိုင်ကြည့်နေသည့် တောက်ခေါင်ကို လှမ်းတွေ့လိုက်ရလေသည်။ တောက်ခေါင်၏မျက်နှာမှာလဲ ခါတိုင်းနှင့်မတူဘဲ တစ်စုံတစ်ရာကို မနှစ်သက်သလိုဖြစ်နေပြီး ညိုမွဲသော အမွေးအမျှင်တွေအောက်မှ မျက်လုံးအစုံတို့က ပြူးကြောင်ကြောင်ဖြင့် စိုက်ကြည့်နေ၏။

www.burmeseclassic.com

www.burmeseclassic.com



"လတ်စသတ်တော့ . . . သားကြီးတေက်ခါင်က ပါပါခရီးသွားမှာကို စိတ်ကောက်ပြီး ဒီမှာလာပုန်းနေတာကိုး . . . လာ လာ . . . ပါပါ့ဆီကို လာပါဦးကွယ် . . ."

ဟုဆိုကာ ဘီရိုကြီးပေါ်မှ တေက်ခါင်ကို လက်နှစ်ဖက်ဆန့်တန်းရင်း လှမ်းခေါ်လိုက်လေသည်။ တေက်ခါင်မှာလဲ မျက်လုံးမျက်ဆံကြောင်ကြီးများနှင့် မစ္စတာရော်ဂျာကို ပြန်စိုက်ကြည့်နေရင်း ရှေ့သွားချွန်ချွန်ကြီးတွေကိုဖြဲပြကာ ဘီရိုအနောက်ဘက်မှ နံရံကို သူ့ကျောပြင်နှင့် ကပ်ထား၏။

မစ္စတာရော်ဂျာ ဘီရိုကြီးအနီးသို့ ကပ်လာသောအခါ မျောက်ကြီးတေက်ခါင်မှာ မီးဝင်းဝင်းတောက်နေသောမျက်လုံးများနှင့် ဘီရိုအပေါ်မှ လွှားကနဲခုန်အုပ်လိုက်လေသည်။

"ဝုန်း . . ."

"အား . . ."

ရုတ်တရက် နောက်သို့လန်ကာ ကြမ်းပြင်ပေါ်ဖင်ထိုင်ရက်ကျသွားသော မစ္စတာရော်ဂျာ၏ အော်သံနှင့်အတူ ဒေါ်ခင်ခင်ထား၏ အထိတ်တလန့်အော်လိုက်သံကလဲ ကျယ်ကျယ်လောင်လောင်ကြီးပင် ဖြစ်သွား၏။

"အ မ လေး . . .။ ဟင် . . . ဒါလင် . . ."

မစ္စတာရော်ဂျာမှာ ပါးစပ်က တကျွတ်ကျွတ်နှင့် စုတ်တသတ်သတ်ဖြစ်နေပြီး သူ့ညာဖက်လက်ခုံကို ဘယ်ဖက်လက်တစ်ဖက်ဖြင့် ဆုတ်ကိုင်ထားလေသည်။

"ဒါ . . . ဒါလင် ဘာဖြစ်သွားသေးလဲဟင် . . ."

ဟုဆိုကာ ဒေါ်ခင်ခင်ထားမှာလဲ ပျာပျာသလဲနှင့် မစ္စတာရော်ဂျာ၏ လက်ခုံပေါ်မှ အဏာရာကိုကြည့်လိုက်လေရာ လက်မဝက်ခန့် အစင်းကြောင်းကြီးဖြစ်သွားပြီး ထိုအစင်းကြောင်းမှ သွေးတွေက စိမ့်ထွက်လျက်ရှိနေသည်။

"လက်သည်းနဲ့ နည်းနည်းကုတ်မိသွားတာပါ . . .၊ ကိစ္စမရှိပါဘူးခင်ရယ် . . .၊ ဆေးထည့်လိုက်ရင် ပျောက်သွားမှာပါ . . .၊ အခုတစ်လော ဒီကောင်ကြီး ဘာဖြစ်နေတယ် မသိဘူးကွာ လူနားတောင် သိပ်မကပ်တော့ဘူး"

ထိုမျောက်ကြီး တေက်ခါင်မှာလဲ မစ္စတာရော်ဂျာ၏အပေါ်သို့ ခုန်အုပ်လိုက်ပြီးသည်နှင့် တစ်ပြိုင်နက် အိပ်ခန်းအတွင်းမှ လျှင်မြန်စွာထွက်ပြေးပျောက်ကွယ်သွားလေသည်။

ဒေါ်ခင်ခင်ထား၏အော်သံကြောင့် အိမ်ကြီး၏အောက်ထပ်မှ ပြေးတက်လာကြသော ဟာဆင်နှင့်မာမွတ်တို့မှာလဲ လွန်စွာမှ စိုးရိမ်တစ်ကြီးဖြစ်သွားသည့် လေသံတွေဖြင့် ဝိုင်းမေးလိုက်ကြ၏။

"ဟင် . . . ဆရာ၊ လက်မှာလဲ သွေးတွေနဲ့ပါလား . . .၊ ဘယ်လိုဖြစ်တာလဲ ဆရာရယ် . . ."

"အေးဗျာ . . . ကျုပ်က ဘီရိုပေါ်က တေက်ခါင်ကို လှမ်းအခေါ်မှာ ဒီကောင်ကြီး

www.burmeseclassic.com

www.burmeseclassic.com



လန့်ပြီးခုန်ချလိုက်တယ်နဲ့ တူပါတယ်ဗျာ . . . ကျုပ်လက်ကို ကုတ်မိသလိုဖြစ်သွားတာ . . . ကိစ္စမရှိပါဘူး . . ."

ဒေါ်ခင်ခင်ထားမှာလဲ မစ္စတာရော်ဂျာ၏လက်မှ ဒဏ်ရာကို ဆေးများထည့်ပေးကာ ပတ်တီးစည်းပေးလိုက်ရင်း

"ကြည့်ရတာ . . . သားကြီးတောက်ခေါက်က သူ့ပါပါ ခရီးထွက်မှာကို စိတ်ကောက် နေပုံရပါတယ် ဟာဆင်နဲ့မာမွတ်ရယ် . . . ခါတိုင်းတော့လဲ ဒီလိုမဟုတ်ရှာပါဘူး . . ."

ဟူ၍ ကာကာဆီးဆီးနှင့် ပြောဆိုလိုက်လေရာ ဟာဆင်နှင့်မာမွတ်တို့မှာလဲ သတ် ပြင်းကိုယ်စီ ခိုးပြီးချလိုက်မိလေသည်။ သို့သော် သူတို့နှစ်ယောက်စလုံးမျက်နှာတွေက တစ်စ ထက်တစ်စ ဆိုးသွမ်းယုတ်မာလာသော မျောက်ကြီးတောက်ခေါင်ကို လွန်စွာမှ စက်ဆုတ်ရွံရှာ နေသည့်မျက်နှာတွေ ဖြစ်နေကြလေသည်။

ထိုနေ့က . . . ဟာဆင်နှင့်မာမွတ်တို့မှာ မစ္စတာရော်ဂျာ ခရီးထွက်သွားသည်နှင့် သူတို့ တိတ်တဆိတ် တိုင်ပင်ထားကြသည့်အတိုင်း နဂါးဦးစွန်းဂမုန်းဟုခေါ်သော နာနာဘာဝ တွေ မနေနိုင်သည့် သစ်ပင်ကို မာမွတ်၏မိတ်ဆွေထံမှ တောင်းယူကာ ခြံဝင်းကြီး၏ ဒေါင့် တစ်နေရာတွင် ဘယ်သူမှမသိအောင် စိုက်ပျိုးထားလိုက်ကြလေသည်။

ထိုခြံဝင်းကြီး၏ ဒေါင့်နေရာမှာလဲ အခြား သစ်ပင်ပန်းပင်များနှင့် ရောထွေးနေလေ ရာ အိမ်ကြီးပေါ်မှ ဒေါ်ခင်ခင်ထားတစ်ယောက် ဘယ်လိုမှ သတိမထားမသိရှိနိုင်သည့်နေရာ ဖြစ်နေလေသည်။

"ကဲ ကိုဟာဆင်ရေ . . . ကျုပ်တို့တော့ အခုအချိန်ကစပြီး ဟိုကောင်ကြီးကို မျက် ခြေမပြတ် စောင့်ကြည့်နေဖို့ပဲ ရှိတော့တယ် . . ."

ဟုဆိုကာ မာမွတ်က နဂါးဦးစွန်းဂမုန်း စိုက်ပျိုးထားရာ ပန်းအိုးအတွင်းသို့ မြေကြီး ခဲတွေကို ထပ်ဖြည့်ထည့်လိုက်လေသည်။ ဟာဆင်မှာလဲ တစ်ကြိမ်တစ်ခါမှ မကြုံဘူး မတွေ့ ဘူးသည့် အဖြစ်အပျက်တို့ကို မြင်ရတွေ့ရမည်ဟုဆိုသောအခါ ထိုနေ့တစ်နေ့လုံး အလုပ်ပင် ဖြောင့်အောင်မလုပ်နိုင်ဘဲ မျောက်ကြီးတောက်ခေါင်ကို တစ်စေ့တစ်စောင်း အကဲခတ်နေမိ တော့၏။

■

ထိုညက . . .

ကောင်းကင်ကြီးတစ်ခုလုံးမှာ မိုးသားမိုးရိပ်တွေ အုံ့ဆိုင်းမဲမှောင်နေပြီး တစ်ခါတစ် ခါလင်းလက်သွားသော လျှပ်စီးတန်းကြီး၏ အလင်းရောင်က ထုံးတွေဖွေးနေအောင်သုတ် ထားသည့် မစ္စတာရော်ဂျာတို့အိမ်ကြီးပေါ်သို့ ဝင်းကနဲလက်ကနဲပင် ကျရောက်နေသည်။ ထို

www.burmeseclassic.com

www.burmeseclassic.com



အိမ်ကြီးမှာ ခြံစောင့်ကုလားကြီး ဟာဆင်နှင့် မာမွတ်တို့နေထိုင်ရာ အလုပ်သမားတန်းလျား နှင့် မလှမ်းမကမ်းတွင်ရှိနေပြီး အိမ်ကြီးအတွင်းတွင်တော့ မစ္စတာရော်ဂျာ၏ ဇနီးဖြစ်သူ ဒေါ်ခင်ခင်ထားနှင့် သမီးကလေးရှိစီအပြင် ထမင်းချက်မိန်းမကြီး ဒေါ်စောမြတို့ မိန်းမသားသုံး ယောက်သာ ရှိနေလေသည်။

"ဂျိမ်း . . ."

ရုတ်တရက် ကျယ်ကျယ်လောင်လောင်ကြီး ကြားလိုက်ရသော မိုးခြိမ်းသံကြီးနှင့် အတူ အိမ်ကြီး၏ ဆင်ဝင်အောက်မှ ကြိုးဖြည်ကာလွှတ်ထားသည့် အင်းစပ်ခွေးကြီးဂေါ်ကီ၏ အူသံကြီးက ထိုညအဖို့ ပိုပြီးထူးခြားနေသလို ထင်ရသည်။

"အူး . . . ဝူး . . . ဝူး . . ."

ခဏအကြာ မိုးစက်မိုးပေါက်တွေက တဖွဲဖွဲနှင့် ကျလာလေ၏။

ထိုအချိန်အထိ အိမ်ကြီး၏အပေါ်ထပ်မှ ဒေါ်ခင်ခင်ထားမှာလဲ အိပ်မပျော်နိုင်သေး ဘဲ မိုးရေမိုးစက်တွေ တဖွဲဖွဲနှင့် လာပြီးထိမှန်နေသော မှန်ပြူတင်းပေါက်ရှိရာဆီသို့ ဘာရယ် မဟုတ်ဘဲ ငေးကြည့်နေမိသည်။

ထိုမှန်ပြူတင်းပေါက်မှာ လင်းကနဲ လက်ကနဲနှင့် လျှပ်စီးတန်းကြီးကို မြင်နေရပြီး တစ်ခါတစ်ခါ လေတိုက်လိုက်တိုင်း ခြံအတွင်းမှ သစ်ပင်သစ်ကိုင်းတွေ၏ အရိပ်မဲမဲကြီးများက တစ္ဆေတစ်ကောင်၏ လက်ချောင်းတွေလို မှန်ချပ်တွေပေါ်မှာ ယိမ်းထိုးလှုပ်ရမ်းလျက် တွေ့နေရ သည်။

"ဟင် . . . ဒီအရိပ်မဲမဲတွေ လှုပ်ရှားနေပုံက သာမန်သစ်ကိုင်းသစ်ခက်တွေ လှုပ် ရှားပုံမျိုးမဟုတ်ဘဲ တစ်ယောက်ယောက်က သူ့ဆီကို လာခဲ့ဖို့ လက်ယပ်ခေါ်နေသလိုပါလား . . .၊ နောက်ပြီး ပြူတင်းပေါက်ရဲ့မှန်ချပ်တွေပေါ်မှာ တွဲခိုစီးကျနေတဲ့ ရေစက်ရေပေါက်တွေကို ကြည့်ရတာလဲ မကောင်းဆိုးရွားတစ်ကောင်ရဲ့မျက်နှာနဲ့တောင် ပိုတူနေပါလား . . .၊ အို . . .ငါ ဘာတွေလျှောက်တွေးမိနေတာပါလိမ့် . . ."

ဒေါ်ခင်ခင်ထား၏ အတွေးမဆုံးခင်မှာပင် မိုးရေမိုးစက်တွေက ပိုပြီးကျလာသလို လေကလဲ ဟူးဟူးဟဲဟဲပင် အော်မြည်တိုက်ခတ်လာသည်။ ခင်ပွန်းဖြစ်သူ မစ္စတာရော်ဂျာ ခရီးထွက်သွားသည်မှာ ခါတိုင်းကဲ့သို့မဟုတ်ဘဲ ဒီတစ်ခါမှ သူမ၏စိတ်တွေက ထူးထူးခြားခြား ပင် လေးလံနေမိ၏။ ထို့နောက် ဒေါ်ခင်ခင်ထားမှာ နံရံပေါ်မှ မီးခလုတ်ကို ပိတ်လိုက်ပြီး ကုတင် ခြေရင်းမှစောင်ကို ခါးအောက်ပိုင်းအထိဆွဲခြုံကာ မျက်လုံးတွေကို ဖွတ်တင်းမိတ်လျက် အိပ် ပျော်နိုင်ရန် ကြိုးစားတော့သည်။

ခဏအကြာ သူမ၏ အသက်ရှူသံတွေက တဖြည်းဖြည်းနှင့် လေးလံပြီးကွေးလာ တာ မေ့ကနဲပင် အိပ်ပျော်သွားလေတော့သည်။

■

www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ်မှာပင် . . .

တစ်စုံတစ်ခုကို တစ်ယောက်ယောက်က တက်နင်းလိုက်သံလိုမျိုး နားထဲမှာ ချွင်တနဲ ကြားလိုက်ရ၏။

"ဟင် . . ."

ချက်ချင်းဆိုသလို ဒေါ်ခင်ခင်ထားမှာ အိပ်ယာပေါ်မှ လူးလဲထလိုက်ပြီး တိုတိုဒီဒီကို လှည့်ပတ်ကြည့်လိုက်၏။ သို့သော် အိပ်ခန်းအတွင်း ဘာဆိုဘာမှမတွေ့ရဘဲ အမှောင်ထုသာ ကြီးစိုးနေ၏။ ထို့နောက် အိပ်ယာပေါ်မှဆင်းကာ မိုးရေမိုးစက်တွေ တဖွဲဖွဲထိမှန်နေသော မှန်ပြူတင်းပေါက်အနီးသို့ တဖြည်းဖြည်းတိုးကပ်သွားကာ အပြင်ဖက်သို့ လှမ်းကြည့်လိုက်မိသည်။ အပြင်ဖက်တွင်တော့ သစ်ပင်သစ်ကိုင်းကြီးများကသာ လေတိုက်တိုင်း ယိမ်းထိုးလှုပ်ရမ်းလျှက်ရှိနေသည်။

ထို့နောက် ဒေါ်ခင်ခင်ထားက ပြူတင်းပေါက်တံခါးကိုဖွင့်ကာ မဲမှောင်နေသော သုတ်ျုံခဝင်းကျယ်ကြီးဆီသို့ လှမ်းကြည့်လိုက်လေရာ အရာရာက တိတ်ဆိတ်နေပြီး ခြံဝင်းကြီးထဲမှ သရက်ပင်၊ မရမ်းပင်ကြီးများ၏ အကိုင်းတွေက မိုးရေမိုးစက်တွေကြောင့် ကိုင်းညွတ်နေကြပြီး မြေပြင်ကို တရှဲရှဲနှင့် ပွတ်တိုက်ယိမ်းနွဲ့နေကြသည်။

ထိုအချိန်မှာပင် အရိပ်မဲမဲကြီးတစ်ခုက ဒေါ်ခင်ခင်ထားရှိရာ အခန်းအတွင်းသို့ တံခါးကို အသံမကြားအောင် တွန်းဖွင့်ပြီး ဝင်လာလေသည်။

ဒေါ်ခင်ခင်ထားမှာ ပြူတင်းပေါက်ကို မျက်နှာမူလျှက် အခန်းတံခါးဖက်ကို ကျောခိုင်းလျှက်ရှိလေပြန်ရာ သူမ၏အခန်းအတွင်းသို့ ခြေသံလုံလုံနှင့် လျှောက်လာသော အရိပ်မဲမဲသဏ္ဍာန်ကို ဘယ်လိုမှ မမြင်ရချေ။

တဖြည်းဖြည်းနှင့် အရိပ်မည်းကြီးက ဒေါ်ခင်ခင်ထား၏ကျောပြင်နှင့် လက်တစ်ကမ်းအကွာသို့ပင် ရောက်လာနေပြီ . . .။

ထိုစဉ်မှာပင် . . .

ဒေါ်ခင်ခင်ထားက ပြူတင်းတံခါးကို အသာအယာဆွဲပိတ်လိုက်ပြီး နောက်သို့လှည့်ကြည့်လိုက်ရာ . . .

"အား . . ."

ဒေါ်ခင်ခင်ထား၏ ကြောက်လန့်တကြား အော်ဟစ်လိုက်သံက အခန်းတစ်ခန်းလုံး ဆူဆူညံညံ ပျံ့နှံ့သွား၏။

သူမနှင့် မျက်နှာချင်းဆိုင်တွင်တော့ မီးကျီမီးခဲတစ်ခုလို ရဲရဲနီနေသည့် မျက်လုံးတစ်စုံ . . .။ ထိုမျက်လုံးက သူမနှင့် လက်တစ်ကမ်းအကွာမှာပင်ရှိနေပြီး မျက်တောင်မခတ်ဘဲ စိုက်ကြည့်နေ၏။

တစ်ချိန်ထဲမှာပင်

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ခင်ခင်ထား၏ နှလုံးခုန်သံတွေက တစ်ကိုယ်လုံးရှိ သွေးကြောအနှံ့ဆီသို့ တစ်ဟုန်ထိုး တိုးဆောင့်သွားပြီး ခြေဖျားလက်ဖျားတွေက အေးစက်တောင့်တင်းသွား၏။ ထိုမျက်လုံးအစုံကလဲ သူမ၏ သွေးပျက်ချောက်ချားနေသော မျက်လုံးတွေကို စူးစူးစိုက်စိုက်နှင့် မရွှေ့မလျားဘဲ ပြန်ပြီး စိုက်ကြည့်နေလေရာ သူမ၏တစ်ကိုယ်လုံးမှာ အသေကောင်လို မလှုပ်မယှက်နှင့် ငေးကြောင်နေမိ၏။

"အောင်မလေး . . . ကယ်ကြပါဦးရှင် . . ."

သူမ အာခေါင်ခြစ်ပြီးအော်လိုက်ပေမယ့် အထစ်ထစ်အငေါ့ငေါ့တွေနှင့် လျှာတွေက လေးလံနေကာ အသံက လည်ချောင်းဝမှပင် ထွက်မလာတော့ . . .။

"ဟင် . . . ငါ့ရဲ့လျှာတွေ လေးလာပြီး . . . မျက်ခွံတွေက ဘာဖြစ်လို့ မှေးစင်းလာရတာလဲ . . . မဟုတ်ဘူး . . .၊ ဒါ . . . ဒါဟာ . . ."

တခဏအတွင်းမှာပင် ဒေါ်ခင်ခင်ထား၏ စိတ်တွေက ဗျောင်းဆန်ချင်တိုင်း ဆန်တုန်တော့၏။ ထိုအချိန်မှာပင် တစ်ကိုယ်လုံးရှိသမျှ အားအင်တွေကိုစုကာ ဖြစ်ညှစ်ပြီး ကုန်းအော်လိုက်ပြန်သည်။

သို့သော် သူမ၏အသံကတော့ ဘယ်လိုမှ ထွက်မလာတော့သည့်အပြင် တစ်ကိုယ်လုံး လေးလံပျော့ခွေလာ၏။

ဝန်းကျင်တစ်ခုလုံးမှာလဲ ကယ်မည့်သူမရှိသည့်အပြင် တဝေါဝေါမြည်နေသည့် မိုးသံလေသံတွေကသာ သူမအပေါ်သို့ ဖုံးအုပ်လွှမ်းခြုံထားသည်။ ခန္ဓာကိုယ်ကလဲ ကြောက်စိတ်ကြောင့် ဇောချွေးတွေနှင့် အေးစက်စက်ဖြစ်လာပြီး အားမျှမတင်းထားလျှင် ခြေထောက်တွေက ညွတ်ခွေပျော့ကျသွားမတတ်ဖြစ်နေ၏။

ထိုအချိန်မှာပင်

အရိပ်မည်းကြီးက သူမ၏ရင်ဘတ်ကို ဆောင့်တွန်းလိုက်လေရာ အရုတ်ကြီးပြုတ်နှင့် အိပ်ယာပေါ်သို့ ပက်လက်လဲကျသွား၏။

"ဘုန်း . . ."

တုန်ရင်နေသော လက်တွေက မလှုပ်ရှားနိုင်ရုံမက စူးစူးဝါးဝါးစိုက်ကြည့်နေသော မျက်လုံးအစုံကြောင့် ဒေါ်ခင်ခင်ထား၏ မျက်ခွံတွေမှာ လေးလံထိုင်းမှိုင်းလာကာ စိတ်အညှို့ခံထားရသူလို အသိစိတ်တစ်ခုလုံးက လွတ်ထွက်သွားမတတ်ဖြစ်လာပြီး အာရုံတွေဝေဝါးလာသည်။ ထိုအချိန်မှာပင် သူမ၏ပါးစပ်က တစ်စုံတစ်ရာကို အော်ဟစ်လိုက်ရန် ကြိုးစားသော်လည်း အားအင်ချိနဲ့သူတစ်ယောက်လို ပါးစပ်က ဟစိဟစိနှင့် ဖြစ်နေ၏။

"ဂျိမ်း . . ."

ရုတ်တရက် မိုးခြိမ်းသံကျယ်ကျယ်လောင်လောင်ကြီးနှင့်အတူ လင်းလက်သွားသော လျှပ်စီးတန်းကြီးတစ်ခုကြောင့် သူမအပေါ်မှ မိုးအုပ်လုဆဲဆဲရှိသော အရိပ်မည်းကြီး

www.burmeseclassic.com

www.burmeseclassic.com



၏လက်ထဲမှာ အသွားထက်ထက်နှင့် ဓားဦးချွန်တစ်လက်ကို လက်ကနဲမြင်လိုက်ရလေသည်။

"မ မလုပ် . . . ပါနဲ့ . . ."

"ကယ် ကယ်ကြပါဦးရှင် . . . ဒီ . . . ဒီမှာ . . ."

သို့သော် ဒေါ်ခင်ခင်ထား၏ သွေးရူးသွေးတမ်းအော်လိုက်သံကြီး ထွက်ပေါ်လာခင်မှာပင် . . . ချွန်မြနေသော ဓားဦးက သူမ၏ ရင်ညွန့်ဆီသို့ ထိုးစိုက်ဝင်သွားပြီး ချက်တိုင်သို့ရောက်အောင် ခွဲချခံလိုက်ရလေသည်။

"အား . . ."

■

"အား" ကနဲ အော်လိုက်သံနှင့်အတူ ဒေါ်ခင်ခင်ထား၏ မျက်လုံးတွေက ယောင်ယမ်းပွင့်ဟသွားပြီး အိပ်ယာမှ လန့်နိုးသွား၏။

"ဟင် . . . ငါ . . . ငါ အိပ်မက်တွေ မက်နေတာပဲ . . .၊ ဘုရား ဘုရား . . . တကယ်ဖော့တ်လို့ တော်သေးတာပေါ့ . . .၊ ဒီလိုကြောက်စရာကောင်းတဲ့အိပ်မက်မျိုးကို ဘာကြောင့်များ မက်ရတာလဲ . . ."

ထိုအတွေးနှင့်အတူ ဒေါ်ခင်ခင်ထား၏ လက်ဝဲဖက် အောက်မျက်ခမ်းတွေက ရုတ်တရက် ဆွဲခါသလို တဆတ်ဆတ် လှုပ်ရမ်းသွားပြန်သည်။

"ဟင် . . ."

ထိုအချိန်မှာပင် ဒေါ်ခင်ခင်ထား၏စိတ်တွေက ခရီးရက်ရှည်သွားနေသော ခင်ပွန်းဖြစ်သူ မစ္စတာရော်ဂျာကို ပြေးပြီးပူပန်သွားမိ၏။ ထို့နောက် လက်နှစ်ဖက်ကို လက်အုပ်ချီကာခင်ဘာတ်ပေါ်တင်လျက်

"ဘုရား ဘုရား . . . ဒါလင်တစ်ယောက် သွားလမ်းသာလို့ လာလမ်းဖြောင့်ပြီး ဘာအန္တရာယ်တွေမှ မတွေ့ရ မကြုံရပါစေနဲ့ဘုရား . . ."

သူမ၏ ရင်တစ်ခုလုံးမှာ ဖားဖိုတစ်ခုလို နိမ့်ချည်မြင့်ချည်နှင့် ဖြစ်နေပြီး တစ်ကိုယ်လုံး ချွေးစေးတွေက မြင်မကောင်းအောင် ရွှဲရွှဲစိုလျက်ရှိနေသည်။

တဆက်ထဲမှာပင် ဒေါ်ခင်ခင်ထား၏ အသိစိတ်တွေက တစ်ဖက်ခန်းတွင် အိပ်ပျော်နေသော သမီးလေးရှိစီကိုလဲ သတိရသွားမိပြန်သည်။

"သ . . . သမီးကလေး ရှိစီ . . . ရှိစီကော . . .၊ အခုလိုအချိန်မျိုးမှာ ငါ့ရင်ခွင်ထဲမှာရှိနေသင့်တာပေါ့ . . .၊ ဟုတ်ပါရဲ့ . . .၊ ဒါလင်မရှိတဲ့အချိန်မှာ . . . သမီးကလေးက ငါနဲ့အတူအိပ်ချင်ရှာမှာပဲ . . ."

ညကြီးသန်းခေါင် အရူးတစ်ယောက်လို စိတ်တွေ ကယောက်ကယက်ဖြစ်နေသော

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ခင်ခင်ထားမှာ ချက်ချင်းဆိုသလို ကုတင်ပေါ်မှ အပြေးအလွှားနှင့်ဆင်းကာ သမီးလေးရိုစီ ရှိရာ အခန်းဖက်ဆီသို့ ထထွက်လာခဲ့သည်။

သူမ အခန်းတံခါးကို ဆွဲဖွင့်ပြီး ထွက်လိုက်ချိန်တွင် အိပ်ခန်း၏ အပြင်ဖက် စကြိန် တစ်ခုလုံးမှာ မှောင်မဲတိတ်ဆိတ်လျက်ရှိနေပြီး နံရံတွင်ကပ်မှီထားသော တိုင်ကပ်နာရီကြီးထံ မှ တစ်ချောက်ချောက်ရွေ့လျားနေသော လက်တံချိန်သီး၏အသံကိုသာ ကြားနေရသည်။

ထိုအခါမှ ဒေါ်ခင်ခင်ထားမှာ ညဦးပိုင်းက အိပ်ခန်းတံခါးကို လော့ချမထားမိမှန်းကို လဲ သတိထားမိသွား၏။

"ဟင် . . . ငါ ညက အခန်းတံခါးကိုတောင် ဂျက်မချဘဲ အိပ်ပျော်သွားမိပါလား . . ."

ထို့နောက် တိုင်ကပ်နာရီကြီးအနီးမှ မီးခလုတ်ကို ဖွင့်လိုက်လေရာ စကြိန်တစ် လျှောက် ဖန်မီးလုံးကလေးများက လင်းလာ၏။ ထိုအချိန်မှာပင် နာရီလက်တံတွေကိုကြည့် လိုက်မိလေရာ အချိန်က ည ဆယ့်နှစ်နာရီထိုးရန် မိနစ်အနည်းငယ်သာလိုတော့ကြောင်း သိ လိုက်ရသည်။

"အလို . . . ဆယ့်နှစ်နာရီတောင် ထိုးတော့မှာပါလား . . ။ ဒီအချိန်ဆို သမီးလေး ရိုစီ နှစ်နှစ်ခြိုက်ခြိုက်ကို အိပ်ပျော်နေမှာပဲ . . ။ တော်ကြာ ငါသွားမှ လန့်နိုးသွားရင်ဖြင့် . . ။ အို . . . ဘာပဲဖြစ်ဖြစ်ပေါ့ သမီးကလေး စောင်တွေဘာတွေမှ ခြုံထားရဲ့လား . . . သွားတော့ ကြည့်လိုက်ဦးမှ . . ."

ထိုအတွေးနှင့်အတူ ဒေါ်ခင်ခင်ထားမှာ ရိုစီအိပ်ပျော်နေရာ အခန်းမှ တံခါးကို အသာ တွန်းဖွင့်ပြီး ဝင်လိုက်လေသည်။

ရိုစီအိပ်ပျော်နေသော ကုတင်မှာ အခန်းဝကလှမ်းကြည့်လျှင် မျက်နှာချင်းဆိုင် နံရံ ဖက်ကို ကပ်နေသဖြင့် ထိုနံရံပေါ်မှ မှန်ပြူတင်း၏အလင်းရောင်က အိပ်ယာပေါ်ပြာလဲ့လဲ့ထင် ကျရောက်နေသည်။

ထိုအချိန်မှာပင် အခန်းအဝင်အထွက်ပေါက်ဝနားမှ မီးခလုတ်ကို ဖွင့်လိုက်လေရာ ရိုစီအခန်းတစ်ခုလုံး မီးများလင်းထိန်သွားသည်။

သို့နှင့် ဒေါ်ခင်ခင်ထားမှာ ရိုစီအိပ်ပျော်နေရာ ကုတင်နားသို့ ခြေသံဖွဖွနင်းရင်း တိုး လျှောက်သွားပြီး ငုံ့ကြည့်လိုက်လေရာ . . .

"ဟင် . . ."

ရိုစီမှာ မျက်လုံးတွေဖွင့်ဟနေလျက် သူမကို ပြန်မော့ကြည့်နေသည်ကို တွေ့လိုက် ရသည်။

"ဟင် . . . သမီးကလေးရိုစီ အခုအချိန်အထိ မအိပ်သေးဘူးလား . . ."

အိပ်ယာပေါ်မှ ပြန်မော့ကြည့်နေသည့် ရိုစီမှာ မျက်လုံးကလေး ပေကလပ်ပေ လပ်လုပ်ရင်း ဘာတစ်ခုမှ ပြန်မဖြေဘဲ အရုပ်တစ်ရုပ်လိုပင် ငြိမ်သက်နေ၏။ ဒါ့အပြင် အံ့ဩ

www.burmeseclassic.com

www.burmeseclassic.com



စရာကောင်းသည်က အခုလို လေကြီးမိုးကြီးကျနေသည့် ညနက်သန်းခေါင် အချိန်ကြီးမှာ အိပ်မပျော်ဘဲနိုးနေသည့် ကလေးတစ်ယောက်က မိခင်ဖြစ်သူကို မြင်လိုက်ရသည်နှင့် တစ်ဆော် ကလေးမှ ငိုလဲမငို၊ စကားလဲမပြော ဖွင့်ဟနေသော မျက်လုံးတွေကသာ အညှို့ခံထားရသူတစ်ယောက်လို ဖြစ်နေခြင်းပင် ဖြစ်သည်။

ထိုအချိန်မှာပင် ဒေါ်ခင်ခင်ထားက ရှိစီကို အိပ်ယာပေါ်မှ ပွေ့ယူကောက်ချီလိုက်ပြီး

"အမလေးသမီးလေးရယ် . . . အခုအချိန်အထိ အိပ်မပျော်သေးတာ ပုံပုံကို သတိရနေတယ်နဲ့တူတယ် . . . လာ . . . လာ . . . မာမာတို့ အိပ်ခန်းကိုသွားကြမယ်။ မာမာရယ် သမီးလေးရယ် အတူအိပ်ကြမယ်နော် . . ."

ဟုဆိုကာ ထိုအခန်းထဲမှ အပြင်သို့ ထွက်လာခဲ့လေသည်။

ဒေါ်ခင်ခင်ထားတို့ သားအမိ အခန်းထဲက အပြင်သို့ထွက်လာချိန်မှာတော့ ရှိစီလေး၏ အခန်းထောင့်ရှိ ဘီရိုကြီးကြားတွင် သံချေးတက်နေသော ကပ်ကျေးတစ်လက်ကို လက်ထဲတွင် ကျစ်ကျစ်ပါအောင်ဆုပ်ကိုင်းထားသည့် မျောက်ကြီးတေက်ခေါင်က ဒေါ်ခင်ခင်ထား၏ ကျောပြင်ကို စူးစူးဝါးဝါး စိုက်ကြည့်နေလေသည်။

ဒါကိုတော့ ဒေါ်ခင်ခင်ထားတစ်ယောက် ဘယ်လိုမှ မသိလိုက်ရှုံမက၊ မသိစိတ်၏ တိုက်တွန်းမှုကြောင့် အကြောင်းအရာ မယ်မယ်ရရမရှိဘဲ သမီးကလေးကို လာခေါ်မိသည်မှာ လက်မတင်ကလေး ကံကောင်းသွားသည်ဆိုတာကိုလဲ ဒေါ်ခင်ခင်ထားတစ်ယောက် ဘယ်လိုမှ ရိပ်မိလိမ့်မည်မဟုတ်ချေ . . .။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၁၀)

နောက်တစ်နေ့နံနက်တွင် ခြံစောင့်ကုလားကြီး ဟာဆင်မှာ သူမြင်လိုက်ရသည့် မြင်ကွင်းကြောင့် ထိုနေရာမှာပင် ပါးစပ်အဟောင်းသားနှင့်ဖြစ်သွားပြီး မျက်လုံးတွေက ပြာဝေမှုန်ဝိုက်သွားရလေသည်။

ထိုမြင်ကွင်းကတော့ . . .

အင်းစပ်ခွေးကြီး ဂေါ်ကီ ခြံထောင့်တွင် ကပ်ကျေးတန်းလန်းစိုက်ဝင်လျက် သေဆုံးနေခြင်းပင် ဖြစ်သည်။

"ဟင် . . . ဒါ . . . ဒါ . . . ဘယ်လိုဖြစ် . . ."

မယုံနိုင်လောက်စရာ အဖြစ်ဆိုးကြီးနှင့် သေဆုံးနေသော ဂေါ်ကီ့ကိုကြည့်ကာ ဟာဆင်တစ်ကိုယ်လုံး တုန်တုန်ရီရီတွေပင် ဖြစ်နေ၏။

ထိုအချိန်မှာပင် နောက်ကျောဖက်ဆီမှ ခပ်သုတ်သုတ်ပြေးလာသော ခြေသံတစ်ချို့ ဟာဆင်ကြားလိုက်ရ၏။

ချက်ချင်းပင် နောက်သို့လှည့်ကြည့်လိုက်ရာ မျက်စိပျက်မျက်နှာပျက်နှင့် အနားသို့ရောက်လာသော မာမွတ်ကို တွေ့လိုက်ရလေသည်။ မာမွတ်မှာလဲ ဟာဆင့်ကိုတွေ့လိုက်ရသည်နှင့် ဘေးဘီကိုမကြည့်နိုင်ဘဲ အမောတကော လေသံတွေဖြင့်

"ကို . . . ကိုဟာဆင် . . . ကျုပ် . . . ကျုပ်တို့ရဲ့ နဂါးဦးစွန်းဂမုန်းပင် မရှိတော့ဘူး . . .၊ အကိုင်းကော အရွက်တွေကော ချိုးဖဲ့ထားတဲ့အပြင် . . . ပန်းအိုးကြီးတစ်လုံးပါ အစိတ်စိတ် အမွှာမွှာကွဲနေပြီ . . ."

"ဘာ . . ."

www.burmeseclassic.com

www.burmeseclassic.com



ကျယ်လောင်သော ရေရွှတ်သံကြီးနှင့်အတူ ဟာဆင်က ခြံထောင့်တွင် တင်ထား တန်းလန်းစိုက်ဝင်လျက် ရုပ်ပျက်ဆင်းပျက်သေနေသော ခွေးကြီးဇော်ကီကိုလဲ မာမွတ်အား ပြလိုက်လေသည်။

"ဒီမှာလဲ ဇော်ကီအဖြစ်ကိုကြည့်ပါဦး ကိုမာမွတ်ရယ် . . ."

"ဟာ . . . ဇော်ကီ . . ."

မာမွတ်မှာ သူ့မျက်လုံးကိုပင် သူဘယ်လိုမှ မယုံကြည်နိုင်လောက်အောင်ဖြစ်သွားပြီး ထိုနေရာမှာပင် မှင်သက်ငေးကြောင်နေမိ၏။

တစ်ချိန်ထဲမှာပင် ဟာဆင်နှင့် မာမွတ်တို့မှာ တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်ရင်း ဒီအဖြစ်အပျက်တွေ အကုန်လုံးမှာ မျောက်ကြီးတောက်ခေါင်၏လက်ချက်မှန်း စိတ်ကအလိုလိုသိလိုက်မိကြ၏။ ဒါ့အပြင် . . . ပြီးခဲ့သည့်ရက်က သူတို့စိုက်ပျိုးထားခဲ့သည့် အစွမ်းထက်ပြီး အစောင့်အရှောက်တွေ ရှိပါသည်ဆိုသော နဂါးဦးစွန်းဂမုန်းပင်ကိုပါ မကြောက်မရွံ့ ဖျက်ဆီးသွားသည့် မျောက်ကြီးတောက်ခေါင်ကိုလဲ လွန်စွာမှ ထိတ်လန့်တုန်လှုပ်သွားမိကြသည်။

"ဒီမျောက်က ကျုပ်တို့ထင်ထားတာထက်တောင် ပိုပြီးကြောက်စရာကောင်းနေပါလား . . ."

ဟုတ်တယ်ကိုဟာဆင် ကျုပ်တို့ ဒီကောင်ကြီးကို နည်းနည်းမှ အလစ်ပေးလို့ မဖြစ်တော့ဘူး . . ."

ထိုအချိန်မှာပင် သူတို့နှစ်ယောက်၏ နောက်ကျောဖက်ဆီမှ တစ်စုံတစ်ယောက်က စိုက်ကြည့်နေမှန်း စိတ်ကအလိုလို သိလိုက်မိကာ ပြိုင်တူဆိုသလို နောက်သို့လှည့်ကြည့် လိုက်ကြ၏။

"ဟင် . . ."

သူတို့နှင့် မလှမ်းမကမ်းရှိ အိမ်ကြီး၏ဆင်ဝင်အောက်တွင်တော့ မျောက်ကြီးတောက် ခေါင်မှာ မြေကြီးမြေခဲတွေ ပေပွနေသော လက်နှစ်ဖက်ကို တဖျန်းဖျန်းခါရင်း ရန်လိုသည့်မျက် နှာနှင့် စိုက်ကြည့်နေသည်ကို တွေ့လိုက်ရလေသည်။

"တောက် . . ."

မချေမငံနှင့် ပမာမခန့်တွေလုပ်ပြနေသော တောက်ခေါင်ကို ဟာဆင်က ဒေါသထွက် ပြီး ခဲနှင့်ပေါက်မည်ပြုလိုက်စဉ်မှာပင် တောက်ခေါင်မှာ ဆင်ဝင်အောင်မှ လှစ်ကနဲထွက်ပြေး သွားလေသည်။

ထို့နောက် ဟာဆင်က

"ဒီခွေးကြီး ဇော်ကီ့ကိုသတ်ထားတာဟာ ကျုပ်တို့အသက်ကိုပါ ခြိမ်းခြောက်လိုက် တဲ့ သဘောပဲဗျ . . ."

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် . . . ကိုဟာဆင် . . . ဘာပဲပြောပြော အသက်ကိုတောင် ရန်ပြုလာပြီ ဆိုတော့ ဒင်းကို ကျုပ်တို့က လက်ဦးထားမှ ဖြစ်မယ် . . ."

ဟာဆင်နှင့်မာမွတ်တို့ နှစ်ဦးမှာ ထိုမျောက်ကြီးကို လွန်စွာမှ ဒေါသတွေထွက်နေကြသည့်အပြင် တွေ့သည့်နေရာမှာပင် ကိစ္စတုံး သတ်ဖြတ်ပစ်ကြရန် စိတ်ဆန္ဒတွေ စောနေမိကြသည်။

သို့နှင့် ဟာဆင်နှင့် မာမွတ်တို့မှာ ခွေးကြီးဂေါ်ကီကို ခြံဝင်းတစ်နေရာမှာပင် မြေမြှုပ်လိုက်ကြပြီး ထိုနေ့မှစ၍ အခါအခွင့်သင့်တိုင်း မျောက်ကြီးငတက်ခေါင်ကို သတ်ဖြတ်ပစ်လိုက်ဖို့ အမျိုးမျိုးချောင်းမြောင်းနေမိကြလေသည်။

■

တဖြည်းဖြည်းနှင့် ထိုအဖြစ်အပျက်များဖြစ်ပြီး နှစ်ရက်သုံးရက်ခန့်ကြာသောအခါ ဒေါ်ခင်ခင်ထားနှင့် သမီးကလေးရိုစီတို့မှာ အကြောင်းကိစ္စတစ်ခုဖြင့် အပြင်သို့သွားနေကြလေရာ အိမ်ကြီးအတွင်း ထမင်းချက်မိန်းမကြီး ဒေါ်စောမြနှင့်အတူ ခြံစောင့်ကုလားကြီး ဟာဆင်တို့နှစ်ယောက်သာ ရှိနေကြလေသည်။

ထိုနေ့ တစ်မနက်လုံးမှာလဲ ဟာဆင်နှင့်မာမွတ်တို့မှာ ဒေါ်ခင်ခင်ထားခိုင်းစေခဲ့သည့် အလုပ်တွေကို ခြံကြီးအတွင်း မနားမနေ လုပ်ကိုင်နေကြရသည်ဖြစ်ရာ အိမ်ကြီးပေါ်မှ မျောက်ကြီးငတက်ခေါင်ကို သတိပင်မထားမိသလောက် ဖြစ်နေကြ၏။

ထိုအချိန်မှာပင် . . .

"အမလေး . . . လာ . . . လာကြပါဦးရှင် . . . ဒီ . . . ဒီမှာ . . ."

ရုတ်တရက်ကြားလိုက်ရသည့် ထမင်းချက်မိန်းမကြီး ဒေါ်စောမြ၏အသံကြောင့် ဟာဆင်နှင့်မာမွတ်တို့မှာ လုပ်လက်စအလုပ်တွေကိုပစ်ကာ အိမ်ကြီးဆီသို့ ဒယောသောပါးနှင့် ပြေးသွားကြ၏။ တစ်ချိန်ထဲမှာပင် ဟာဆင်က အသွားမတပ်ရသေးသော ပေါက်တူးရိုးတစ်လက်ကို ဘယ်နေရာကဘယ်လို ကောက်ယူလိုက်သည်မသိ လက်ထဲတွင်ပါလာ၏။

"ဘာဖြစ်တာလဲ . . . ဘာဖြစ်တာလဲ ဒေါ်စောမြ . . ."

သူတို့နှစ်ယောက်မှာ ဒေါ်စောမြကို ပါးစပ်က တကြော်ကြော်ဟစ်ခေါ်ရင်း အိမ်ကြီးအတွင်းသို့ ပြူးပြူးပြာပြာနှင့် ပြေးဝင်လိုက်ကြသည်။ သို့သော် ဒေါ်စောမြ၏ ပြန်ထူးသံကို ကြားရသည့်အပြင် အိမ်ကြီးတစ်ခုလုံးမှာ တိတ်ဆိတ်လျက်ရှိနေ၏။

"ဗျို့ ဒေါ်စောမြ၊ ဘာဖြစ်တာလဲဗျ။ ကျုပ်တို့ ရောက်လာပြီလေ . . ."

ပြောပြောဆိုဆို ဟာဆင်နှင့်မာမွတ်တို့မှာ အိမ်ကြီးတစ်ခုလုံးကို ဂနာမငြိမ်ကန်းတောင်းမှောက် မျက်လုံးတွေနှင့်ကြည့်ကာ ဒေါ်စောမြကို ရှာဖွေနေမိကြ၏။ သို့သော် ဒေါ်စောမြ၏

www.burmeseclassic.com

www.burmeseclassic.com



ဘာအရိပ်အယောင်မျှပင် မတွေ့ရလေရာ . . . စိတ်ပူသွားကြပြီး အိမ်ကြီး၏ အနောက်ဘက်မှ မီးဖိုခန်းဆီသို့ ဆက်ပြီးလျှောက်လာခဲ့ကြသည်။

ထို့နောက် စေ့ပိတ်ထားသော မီးဖိုချောင်တံခါးကို တွန်းဖွင့်လိုက်သောအခါ . . .

"ဟင် . . . ဒေါ်စောမြ . . ."

■

ဒေါ်စောမြမှာ မီးဖိုခန်းထောင့်တစ်နေရာတွင် ဒူးနှစ်ဖက်ကို လက်ဖြင့်ပိုက်ပြီး ဆောင့်ကြောင့်ထိုင်ကာ တုန်ရင်နေလေသည်။ သူမျက်လုံးများမှာလဲ အလွန်အမင်း ထိတ်လန့်ကြောက်ရွံ့လျက်ရှိရာ ပါးစပ်က ဘာစကားမှပင် ပြောမထွက်ဘဲ ရှိနေလေသည်။

ထို့နောက် ဒေါ်စောမြက ဟာဆင်တို့ တွန်းဖွင့်ဝင်လာသည့် တံခါးပေါက်ဆီသို့ လက်ညှိုးထိုးပြကာ လေသံတုန်တုန်ရင်ရင်နှင့်

"ဟို . . . ဟို မျောက်ကြီး . . ."

"ဟင် . . ."

"ဘာ ဟိုမျောက်ကြီး တောက်ခေါင်ဟုတ်လား . . ."

ဟုဆိုကာ ဟာဆင်နှင့်မာမွတ်တို့မှာ ချက်ချင်းပင် သွေးတွေက ဆူပွက်ကုန်ကြ၏။

"ဟုတ်တယ် . . . ကျုပ်က ဒီဖက်လှည့်ပြီး ဟင်းတွေချက်နေတာ၊ အမှတ်တမဲ့ နောက်ကိုကြည့်လိုက်တော့ ကျုပ်ကို နောက်က ဓားနဲ့ထိုးမလို့ရွယ်နေတဲ့ အဲဒီမျောက်ကြီးကို တွေ့လိုက်ရတာဲ . . .၊ ဒါနဲ့ ကျုပ်လဲလန့်ပြီးအော်လိုက်ရော သူက ဓားကိုလွှတ်ချပြီး ပေါ ဟိုအပေါက်က ပြန်ထွက်ပြေးသွားတာ . . .၊ အမလေး . . . ဘုရား ဘုရား . . . ကံသီပေလို့ပေါ့တော် . . ."

ပြောပြောဆိုဆို ဒေါ်စောမြမှာ စောစောက ပခုံးပေါ်မှ ပြုတ်ကျသွားသော တဘက်လေးကို ကောက်ယူကာ သူ့နဖူးပေါ်မှ ချွေးစတွေကို သုတ်နေ၏။

"တောက် . . ."

ဒေါသတွေ အထွတ်အထိပ်သို့ရောက်ကုန်သော ဟာဆင်နှင့်မာမွတ်တို့မှာ နောက်သို့ ချာကနဲလှည့်ကာ အိမ်ကြီးအတွင်း ဝင်ရောက်ပျောက်ကွယ်သွားသော တောက်ခေါင်ကို ဆဲဆိုကြိမ်းမောင်းပြီး သတ်ဖြတ်ပစ်ရန် လိုက်ရှာကြလေသည်။

ဟာဆင်က ပေါက်တူးရိုးကို လက်ထဲတွင် ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထားသည်။ မာမွတ်မှာလဲ မီးဖိုခန်းအတွင်းမှ တွေ့ရာထင်းချောင်းတစ်ချောင်းကို ကောက်ကိုင်ကာ အိမ်ကြီး၏အောက်ထပ်တစ်ခုလုံးကို နေရာအနှံ့ လိုက်ပြီးရှာဖွေကြလေသည်။ သို့သော် ထိုမျောက်ကြီး တောက်ခေါင်ကို ဘာအရိပ်အရောင်မှ မတွေ့ရသဖြင့် အိမ်ကြီး၏ အပေါ်ထပ်ကို တက်ရှာကြမြန်းလေသည်။

www.burmeseclassic.com

www.burmeseclassic.com



သူတို့နှစ်ယောက် လှေကားကြီးအတိုင်း အပေါ်ထပ်သို့တက်သွားသောအခါ မစ္စတာရော်ဂျာ၏ စာကြည့်ခန်းရှေ့မှ ရုတ်တရက်ဖြတ်ပြေးသွားသော အရိပ်တစ်ခုကို မြင်လိုက်ရလေသည်။

"ဟင် ဟိုမှာ ဟိုမှာ . . ."

ထိုစာကြည့်ခန်းရှေ့သို့ ဝရန်းသုန်းကားနှင့် အတင်းပြေးလိုက်သွားကြသောအခါ ထိုနေရာတစ်ဝိုက်တွင် ဘာဆိုဘာမှ မတွေ့ရဘဲဖြစ်နေလေရာ ဟာဆင်နှင့် မာမွတ်တို့မှာ ပိုပြီး ဒေါသတွေထွက်ကုန်ကြ၏။

"တွေ့ရင်တော့ လက်မနေးစေနဲ့ ကိုမာမွတ်ရေ . . . ဒီကောင်က ဉာဏ်သိပ်များတဲ့ အကောင် . . .၊ ကျုပ်တို့ကို ရန်မူဖို့ တစ်နေရာရာကနေ ပြန်ပြီး ချောင်းချင်ချောင်းနေလိမ့်မယ် . . . သတိတော့ထားဗျ . . ."

ထိုအခါမှ မာမွတ်မှာလဲ သူ့လက်ထဲမှ တစ်ထောင်သာသာ ထင်းချောင်းကို တင်းတင်းကျပ်ကျပ်ပင် ဆုပ်ကိုင်ထားပြီး သတိဝီရိယကြီးစွာဖြင့် အဆင်သင့်ပြင်ထား၏။

ထို့နောက် စေ့ပိတ်ထားသော စာကြည့်ခန်းတံခါးကို အရှိန်နှင့်ဆောင့်တွန်းဖွင့်ပြီး အတွင်းသို့ ဝင်လိုက်ကြလေရာ

အခန်းအတွင်း ပွစာကျဲနေသော စာအုပ်တွေကို တွေ့လိုက်ရရုံမက တစ်စစီစုတ်ပြဲနေသော မစ္စတာရော်ဂျာ၏ အဝတ်အစားတွေကိုပါ တွေ့လိုက်ရသည်။

ထိုအချိန်မှာပင်

"ဝုန်း . . ."

ဟူသော အသံကြီးနှင့်အတူ မျောက်ကြီးငတက်ခေါင်မှာ နံရံကပ်ဘီရိုကြီးပေါ်မှနေ၍ စာကြည့်စားပွဲပေါ်သို့ ခုန်ချလိုက်လေသည်။ ဟာဆင်မှာလဲ ထိုမျောက်ကို မြင်သည်နှင့်

"ဟင် . . . မျောက်စုတ် မျောက်နှာ သေပေတော့ . . ."

ဟုဆိုကာ လက်ထဲမှ ပေါက်တူးရိုးဖြင့် အားကုန်လွှဲပြီးရိုက်ရန် ရွယ်လိုက်စဉ်မှာပင် . . .

"ဝုန်း . . ."

"ဟင် . . . ကိုဟာဆင် ကိုဟာဆင် . . ."

ရုတ်တရက် ကြမ်းပြင်ပေါ်သို့ လဲကျသွားသော ဟာဆင့်ကိုကြည့်ကာ မာမွတ်မှာ မျက်လုံးတွေပြူးကျယ်ဝိုင်းစက်သွားပြီး အထိတ်တလန့်နှင့် လှမ်းအော်လိုက်၏။

မျောက်ကြီးငတက်ခေါင်မှာလဲ ထိုအခါမှ သူ၏ရှေ့သွားချွန်ချွန်ကြီးနှစ်ချောင်းကို ဖြဲကာ တခွီးခွီးမာန်ဖီပြီး စာကြည့်ခန်းအတွင်းမှ ခုန်ပေါက်ထွက်ပြေးသွားလေသည်။

ထိုအချိန်မှာပင် မာမွတ်က ဟာဆင်လဲကျနေရာသို့ ကမန်းကတန်းနှင့် ပြေးသွားပြီး ကြည့်လိုက်သောအခါ ဟာဆင်၏ တစ်ကိုယ်လုံးမှ အကြောတွေက ဆန့်ငင်ဆန့်ငင်ဖြစ်နေ

www.burmeseclassic.com

www.burmeseclassic.com



ပြီး၊ သူ့ခန္ဓာကိုယ်ကြီးမှာလဲ ကြမ်းပြင်ပေါ်မှာ တွန့်လိမ်ကွေးကောက်နေ၏။

သူ့မျက်နှာပေါ်မှ အရေပြားတွေကလဲ တစ်ဖက်သို့ ဆောင့်ဆွဲထားသလို ရွဲ့စောင်း စောင်းကြီးဖြစ်နေကာ ပါးစပ်မှ သွားရည်တွေကျနေ၏။

"ကိုဟာဆင် . . . ကိုဟာဆင် . . . ဟာ ဒုက္ခပါပဲ . . ."

ဟုဆိုကာ မာမွတ်က ဟာဆင်၏ခန္ဓာကိုယ်ကြီးကို ဆွဲပွေ့ထူလိုက်ရာ ပါးစပ်ထဲမှ အမြှုပ်တွေက တစီစီနှင့်ထွက်ကျလာပြီး သတိလက်လွတ်နှင့် ဝူးဝူးဝါးဝါးတွေ ပြောနေလေသည်။

"ဟင် . . . ဒါ ဒါဟာ ဘယ်နည်းနဲ့မှ မရိုးသားတာတော့ အမှန်ပဲ . . .၊ ဒီမျောက်ကို ရိုက်ဖို့ရည်ရွယ်ရုံနဲ့ ဒီလိုဖြစ်ရတယ်ဆိုတာ အင်မတန်အံ့ဩစရာပဲ . . ."

ထိုအခါမှ မာမွတ်၏စိတ်တွေက ဖြစ်ရိုးဖြစ်စဉ် တစ်ခုမဟုတ်သော ဟာဆင်၏အဖြစ်အပျက်တွေကိုကြည့်ကာ မျောက်ကြီးတောက်ခေါင်ကို ပိုပြီးကြောက်လန့်တုန်လှုပ်သွားမိလေတော့သည်။

■■■

www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၁၁)

လေးလံလှသော ဟာဆင်၏ ခန္ဓာကိုယ်ကြီးကို မနိုင်မနင်းဖြင့် ပခုံးပေါ်ထမ်းရင်း မာမွတ်မှာ နီးရာဆေးခန်းသို့ ပြေးရလေသည်။ သူတို့သွားရာလမ်းတစ်လျှောက်လုံးမှာလဲ လမ်းသွားလမ်းလာမှန်သမျှက ဟာဆင်၏ အဖြစ်အပျက်ကို မေးမြန်းကြလေရာ လွန်စွာမှ အံ့ဩဘနန်းတွေနှင့် ဖြစ်ကုန်ကြသည်။

သို့နှင့် ဟာဆင်၏ ခန္ဓာကိုယ်ကြီးကို ထမ်းထားရသော မာမွတ်မှာ အလွန်ပင်မောတိုက်လာရာ လမ်းဘေးရှိ ဇရပ်အိုကြီးတစ်ခုတွင် ခဏတစ်ဖြုတ် အမောအပန်းဖြေရင်း ဝင်နားမိလေသည်။

သူတစ်ကိုယ်လုံးမှာလဲ ချွေးသီးချွေးပေါက်တွေက မြင်မကောင်းအောင်ထွက်နေပြီး ခြေတွေလက်တွေက နန်းချိပိုင်နဲ့နေ၏။

ထိုအချိန်မှာပင်

သူတို့ရှိရာ ဇရပ်အိုကြီးဆီသို့ မျက်လွှာကိုချလျက် ဣန္ဒြေသိက္ခာနှင့် တစ်လှမ်းချင်းကြွလာသော မုတ်ဆိတ်ဖြူ ရသေ့ကြီးတစ်ပါးကို တွေ့လိုက်ရသည်။ ထိုရသေ့ကြီး၏နောက်တွင်လဲ လူရွယ်နှစ်ယောက် လိုက်ပါလာပြီး တစ်ယောက်က သပိတ်ကြီးတစ်လုံးကိုကိုင်ကာ နောက်တစ်ယောက်က ခြေဗလာဖြင့် ရှမ်းလွယ်အိတ်ကြီးတစ်လုံးကို လွယ်ထားလေသည်။

www.burmeseclassic.com



ထိုရသေ့ကြီးက မာမွတ်တို့အနီးသို့ရောက်သည်နှင့် ခြေစုံရပ်လိုက်ပြီး

"ဒီက ဒကာတို့ကိုကြည့်ရတာ ဒုက္ခတွေ့လာခဲ့ကြတယ်နဲ့ တူတယ်..."

ရုတ်တရက်ကြီးဆိုလိုက်သောစကားကြောင့် မာမွတ်မှာ တအံ့တဩဖြင့် ငြိမ်သွားပြီး ဗမာတစ်ယောက်နည်းတူ လက်အုပ်နှစ်ဖက်ကို ပင့်ချီလိုက်ကာ

"မှန်လှပါဘုရား... တပည့်တော်ရဲ့မိတ်ဆွေ အကြောင်းတွေဆိုင်းပြီး သတိလက်လွတ်တွေ ဖြစ်နေလို့ပါ ဘုရား..."

ရသေ့ကြီးမှာ ခေါင်းကိုတဆတ်ဆတ်ငြိမ့်ကာ ကြမ်းပြင်ပေါ်မှ ဟာဆင့်ကို စိုက်ပြီး ကြည့်နေလေသည်။ ထို့နောက် မာမွတ်၏ ပင့်ခေါ်မှုဖြင့် ဇရပ်အိုကြီးပေါ်သို့ကြွလာပြီး သင့်တော်ရာနေရာတွင် ထိုင်လိုက်လေသည်။ ရသေ့ကြီး၏နောက်တွင် ကပ်လျက်ပါလာကြသူနှစ်ဦးမှာလဲ ရသေ့ကြီးထိုင်ရန် နေကထိုင်ဖျာကို အလိုက်တသိနှင့် ခင်းပေးလိုက်ကြ၏။

ထိုအချိန်မှာပင် မာမွတ်က ဖြစ်ပုံပျက်ပုံ အကြောင်းစုံကို ရသေ့ကြီးအား တင်လျှောက်လေသည်။

"ဖြစ်ပုံက ဒီလိုပါဘုရား...၊ တပည့်တော်တို့အိမ်မှာ အလွန်တစ်ရာမှ ဆိုးသွမ်းနေတဲ့ မျောက်ကြီးတစ်ကောင် ရှိပါတယ်ဘုရား...၊ အဲဒီမျောက်ကြီးက ဆိုးသွမ်းယုတ်မာရုံတင်မဟုတ်ဘူး။ လူတွေရဲ့ အသက်ကိုပါ ရန်ရှာနေပါတယ်...၊ နောက်ပြီး သူ့ကိုကြည့်ရတာလဲ သာမန်မျောက်တစ်ကောင်နဲ့ မတူတဲ့အပြင် ဘယ်လိုအစွမ်းတွေများထက်နေတဲ့ မျောက်လဲဆိုတာ တပည့်တော်တို့လဲ မခန့်မှန်းနိုင်အောင်ပါပဲ ဘုရား... အခု တပည့်တော်ရဲ့ မိတ်ဆွေဖြစ်ရတာလဲ အဲဒီမျောက်ကို တုတ်နဲ့ရိုက်ဖို့ ရှယ်လိုက်မိရုံနဲ့... အခုလိုဖြစ်ရတာပါ..."

ဟု အစချီကာ ဝေက်ခေါင်၏ ဆိုးသွမ်းယုတ်မာပုံနှင့် လူတွေကို ချောင်းမြောင်းသတ်ဖြတ်ရန် ကြံစည်နေပုံကို တစ်လုံးမကျန် တင်လျှောက်ပြောဆိုလေသည်။

ရသေ့ကြီးနှင့် ပါလာသူ လူရွယ်နှစ်ယောက်မှာလဲ ထိုအဖြစ်အပျက်တို့ကို ကြားလိုက်ရသည်နှင့် လွန်စွာမှ အံ့ဩသွားကြလေရာ ဟာဆင်၏ ရှုံ့စောင်းနေသောမျက်နှာကြီးကို လှမ်းကြည့်လိုက်ကြသည်။

ရသေ့ကြီးကတော့ မာမွတ်၏ ရှည်လျားသောအဖြစ်အပျက်တို့ကို ဂရုတစိုက်နားထောင်နေပြီး ဘာတစ်ခုမှ အံ့ဩသည့် အမူအရာတွေဖြစ်မသွားဘဲ တည်ငြိမ်လေးနက်သောလေသံဖြင့်

"အေးလေ...၊ ဒုက္ခတွေ တွေ့လာခဲ့ကြတဲ့သူတွေဆိုတော့လဲ ကယ်တင်ရတော့မပေါ့..."

ဟုဆိုကာ "ဟာဆင်၏ငယ်ထိပ်နေရာကို လက်ဖဝါးနှင့် အုပ်မိုးကိုင်ထားပြီး မာမွတ်နားမလည်သော ဂါထာမန္တန်တွေကို ရွတ်ဖတ်လေတော့သည်။ ထို ဂါထာမန္တန်ကတော့

"သဗ္ဗာ သီဝိသ ဇတီနံ၊ ဒိဗ္ဗ မန္တာဂဒံ ဝိယ"

www.burmeseclassic.com

www.burmeseclassic.com



ဟု အစချီသော "ခန္ဓသုတ်" ဖြစ်နေသည်ကို ကုလားလူမျိုး မာမွတ်တစ်ယောက် ဘယ်လိုမှ မသိနားမလည်ဘဲ ဖြစ်နေရလေသည်။

■

ထိုနေ့က ဒေါ်ခင်ခင်ထားတို့ သားအမိမှာ အတော်ကလေး နောက်ကျပြီးမှ အိမ်သို့ပြန်ရောက်လာကြသည်။ အိမ်ကြီးအတွင်း တစ်ယောက်ထဲကျန်နေခဲ့သည့် ထမင်းချက်မိန်းမကြီး ဒေါ်စောမြမှာလဲ မကြာသေးခင်က ဖြစ်ပျက်သွားသော အဖြစ်အပျက်တွေကို ဒေါ်ခင်ခင်ထားအား ခရီးရောက်မဆိုက် ပြောသင့်မပြောသင့် စဉ်းစားနေကာ ချီတုန်ချတုန်နှင့် ဖြစ်နေလေသည်။

ဒေါ်ခင်ခင်ထားကတော့ ဘာတစ်ခုမှ မရိပ်မိသည့်အပြင် ခါတိုင်းကဲ့သို့ပင် အိမ်ကြီး၏ အပေါ်ထပ်ဆီသို့ လှေကားအတိုင်း ခပ်ကြွကြွကလေးပင် တက်သွား၏။ သူမ အပေါ်ထပ်သို့ ရောက်သောအခါ သမီးကလေးရှိစီမှာ အဝတ်အစားပင် မလဲသေးဘဲ မျောက်ကြီးငတက်ခေါင်နှင့်အတူ ဝရံတာတွင် ဆော့ကစားနေသည်ကို တွေ့လိုက်ရ၏။

"ဟင် ... ငါအပြင်သွားတုန်းက ဒီအခန်းတံခါးကို အသေအချာကြီး ပိတ်ခဲ့တာပါ ... အခု ဘာကြောင့် ပွင့်နေရတာလဲ ..."

ထိုအတွေးနှင့်အတူ အခန်းအတွင်းသို့ လှမ်းဝင်လိုက်သောအခါ ...

"ဟင် ..."

အိပ်ခန်းအတွင်းရှိ အဝတ်အစားထည့်သည့် ဘီရိုကြီးမှာ ပွင့်ဟနေလျက် အတွင်းမှ အဝတ်အစားတွေက ကြမ်းပြင်ပေါ်တွင် ဖရိုဖရဲနှင့် ကျဲပြန့်နေပြီး မစ္စတာရော်ဂျာ၏ အသုံးအဆောင် ပစ္စည်းတွေက ဟိုတစ်စ ဒီတစ်စ ရှုပ်ပွလျက်ရှိနေသည်။

ဒေါ်ခင်ခင်ထားမှာ ချက်ချင်းပင် ထိုကြမ်းပြင်ပေါ်မှ ပုံကျဲနေသည့် အဝတ်အစားတွေကို ကပျာကယာနှင့် ကောက်ယူကြည့်လိုက်လေရာ တန်ဖိုးကြီးအဝတ်အထည်တွေချည်း ဖြစ်နေပြီး ထိုအဝတ်အထည်တွေမှာလဲ တစ်စစီ စုတ်ဖြကိုက်ဖြတ်ခံထားရသည်ကို တအံ့တသြနှင့် တွေ့လိုက်ရသည်။

"အမလေး ... အမလေး ...၊ ကုန်ပါပြီ ... ငါ့အဝတ်အစားတွေတော့ ကုန်ပါပြီ ...၊ တော်တော့ ငတက်ခေါင်များ ဒီအခန်းထဲကို ဝင်မွှေသွားတာလား မသိဘူး ... ကြည့်စမ်းပါဦး မျောစရာကောင်းလိုက်တာ၊ ဒေါ်စောမြတို့ကလဲ ဒီလောက်တောင် အိမ်မှာ ဘာတွေဖြစ်နေသလဲ ဆိုတာ ဂရုစိုက်ဖော်မရဘူး ..."

ပြောပြောဆိုဆို ဒေါ်ခင်ခင်ထားမှာ အလွန်ပင် စိတ်ဆိုးမာန်ဆိုး ဖြစ်သွားပြီး အခန်းအတွင်းမှ ပြန်ထွက်လာလေရာ ...

www.burmeseclassic.com

www.burmeseclassic.com



အိမ်ရှေ့ဝရံတာတွင် မျောက်ကြီးတောက်ခေါင်က တစ်ဖက်သို့ မျက်နှာမူကာ စွေ့ပေးရပ်နေသည့် သမီးလေးရှိစီအား ဝရံတာကြီးပေါ်မှ တွန်းချရန် ချိန်ရွယ်နေသည်ကို မမျှော်လင့်ဘဲ တွေ့လိုက်ရလေသည်။

"ဟေး . . . ဟေး တောက်ခေါင် . . ."

"မလုပ်နဲ့ . . . မလုပ်နဲ့ . . . ရှိစီ့ကို တွန်းမချလိုက်နဲ့ . . ."

ရုတ်တရက် သွေးပျက်မတတ် ကုန်းအော်လိုက်သည့် ဒေါ်ခင်ခင်ထားး၏အသံကြောင့် မျောက်ကြီးတောက်ခေါင်မှာ နောက်သို့လှည့်ကြည့်လိုက်ပြီး သွားစွယ်များဖြဲကာ တဇွီးဇွီးနှင့် မာန်ဖီပြနေလေသည်။

တစ်ချိန်ထဲမှာပဲ ဒေါ်ခင်ခင်ထားမှာ ထိုနေရာသို့ပြေးလာပြီး သမီးလေးရှိစီ့ကို ဖမ်းယူပွေ့ဖက်ထားလိုက်လေသည်။ ထိုအခါမှ မျောက်ကြီးတောက်ခေါင်မှာ မကျေမနပ်မျက်လုံးများဖြင့် ဒေါ်ခင်ခင်ထားတို့သားအမိကိုကြည့်ကာ စိတ်ဆိုးမာန်ဆိုးနှင့် ကြမ်းပြင်ကို တဒုံးဒုံးနှင့် ခုန်ပေါက်ပြီး ထုနက်နေလေတော့သည်။

သမီးလေးရှိစီမှာလဲ ဘာမှန်းညာမှန်းမသိလိုက်ဘဲ ဒေါ်ခင်ခင်ထား၏ ရင်ခွင်ထဲတွင် မျက်လုံးပေကလပ် ပေကလပ်နှင့် အလွန်အမင်းကြောက်လန့်၍ နေရှာလေသည်။

ထိုအဖြစ်အပျက်ကြောင့် ဒေါ်ခင်ခင်ထား၏ တစ်ကိုယ်လုံးမှာ လွန်စွာမှ တုန်လှုပ်သွားသည့်အပြင် မျောက်ကြီးတောက်ခေါင်ကိုလဲ အကြီးအကျယ် ကြောက်လန့်သွားလေသည်။

ထိုအချိန်မှာပင် မျောက်ကြီးတောက်ခေါင်က နံရံပေါ်မှ ဓာတ်ပုံမှန်ဘောင်ကြီးများ အလှပန်းအိုးများကို တွေ့ကရာတွေနှင့် ကောက်ပေါက်ပြီး ရိုက်ခွဲဖျက်ဆီးနေရုံမက ဒေါ်ခင်ခင်ထားတို့၏ မင်္ဂလာဦးတုန်းက လက်ဖွဲ့ရထားသည့် မှန်ဘီရိုကြီးကိုလဲ ရစရာမရှိအောင် ရိုက်ခွဲချိုးဖဲ့နေလေသည်။

"ခွမ်း . . ."

"ဖျောင်း . . . ဝုန်း . . ."

ထိုသို့ တစ်စထက်တစ်စ ပိုပြီးဆိုးရွားလာသော မျောက်ကြီးတောက်ခေါင်ကိုကြည့်ကာ ဟာဆင်နှင့် မာမွတ်တို့ကို ခြံဝင်းကြီးအတွင်းရှိမည်အထင်နှင့် အားကိုးတကြီး လှမ်းအော်ခေါ်လိုက်သည်။

"မာမွတ်တို့ ဟာဆင်တို့ရေ . . . လာကြပါဦး . . . ဒီ . . . ဒီမှာ . . ."

ဒေါ်ခင်ခင်ထား၏ အကူအညီတောင်းသည့် အသံမဆုံးခင်မှာပင် ရုတ်တရက် သူ၏မျက်နှာဆီသို့ တန်းတန်းမတ်မတ်ဝင်လာသည့် ပန်းအိုးအကွဲစကြီးတစ်ခုကို မနည်းလွတ်အောင် ရှောင်လိုက်ရသည်။

"ခွမ်း . . ."

"အမလေး လာကြပါဦးရှင် . . . ဒီမှာ အရိုင်းစိတ်ဝင်နေတဲ့ မျောက်ကြီး သောင်း

www.burmeseclassic.com



ကျွန်းနေလို့ပါ လာကြပါဦးရှင်...၊ ကျွန်မတို့ သားအမိကို သတ်ဖို့လုပ်နေပါတယ်... ကယ်တော်မူကြပါ..."

ထိုအချိန်မှာပင် အောက်ထပ်မှ ဒေါ်စောမြမှာလဲ သွေးရူးသွေးတမ်းနှင့် အိမ်ကြီးအပေါ်ထပ်ဆီသို့ ပြေးတက်လာလေသည်။ သူ့အနေနှင့် အလိုလိုမှ သေမတတ်ကြောက်လန့်နေရသည့် မျောက်ကြီးတေက်ခေါင်ကို ဘယ်လိုမှ ရင်မဆိုင်ဝံ့သော်လဲ ဒေါ်ခင်ခင်ထားတို့ သားအမိအတွက် အကူအညီရလိုရငြား ပြေးတက်လာခဲ့ခြင်းပဲ ဖြစ်သည်။

"မမလေး မမလေး သတိထားနော်... အဲဒီမျောက်ကြီးအနားကို လုံးဝသွားမကပ်နဲ့..."

စိုးရိမ်တကြီးနှင့် အော်ဟစ်သတိပေးရင်း ပြေးတက်လာသည့် ဒေါ်စောမြကို ဒေါ်ခင်ခင်ထားက အားကိုးတကြီးနှင့် ပွေ့ဖက်လိုက်ပြီး

"လုပ်ပါဦး... လုပ်ပါဦး ဒေါ်စောမြရယ်... ကျွန်မတို့တော့ ဒုက္ခပဲ...၊ ဟာဆင်တို့ မာမွတ်တို့ရော ဘယ်မလဲ... မြန်မြန်ခေါ်စမ်းပါ၊ ဒီမှာ ကျွန်မတို့ ကြောက်လို့သေတော့မယ်..."

သွေးဆုတ်ဖြူရော်နေသည့် ဒေါ်ခင်ခင်ထား၏ မျက်နှာမှာ ချွေးသီးချွေးပေါက်ကြီးတွေကျနေပြီး အသံတွေက ငိုသံပါကြီးနှင့် ဖြစ်နေ၏။

"ဟို... ဟို... သူတို့နှစ်ယောက်..."

အရေးထဲမှ ဒေါ်စောမြ၏စကားသံတွေက ဗလုံးဗထွေးနှင့် ထစ်ငေါ့နေပြန်၏။

ထိုအချိန်မှာပင် မျောက်ကြီးတေက်ခေါင်က လေ့ကားလက်ရန်းကြီးကို သူ၏ကြီးမားတုတ်ခိုင်သော လက်ချောင်းကြီးများနှင့် လွှဲခိုကာ ဝမ်းခေါင်းသံကြီးနှင့် အော်ဟစ်ရင်း အိမ်ကြီး၏ အောက်ထပ်ဆီသို့ ခုန်ပေါက်ပြီး ဆင်းသွားလေ၏။

"ဝူး... ဂရား... ဂီး..."

"ဂီး... ဂီး..."

အိမ်ကြီး၏အောက်ထပ်သို့ ထိုမျောက်ကြီး ဆင်းသွားချိန်မှာလဲ အောက်ထပ်တစ်ခုလုံးမှ ရှိသမျှပစ္စည်းတွေကို ရိုက်ချိုးကာ ဝုန်းဒိုင်းကျဲနေပြန်သည်။

မကြာမီ...

အိမ်ရှေ့ခြံဝင်းအတွင်းသို့ ပြေးဝင်လာကြသော အနီးပတ်ဝန်းကျင်မှလူများကို အပေါ်ထပ်မှ လှမ်းမြင်လိုက်ရလေသည်။

ထိုလူစုကြီးကို ရှေ့မှဦးဆောင်ပြီး ဝင်လာသူမှာ ခြံစောင့်ကုလားကြီး မာမွတ်ပြီး သူတို့လူစု၏ နောက်တွင်တော့ ဖြည်းဖြည်းနှင့်မှန်မှန်လျှောက်လာသော ယောဂီဝတ်စုံနှင့် ရသေ့ကြီးတစ်ပါးကို အထူးအဆန်းနှင့် မြင်တွေ့လိုက်ရသည်။ ထိုရသေ့ကြီး၏နောက်တွင်လဲ တုန်ရင်ချိန်နဲ့စွာ လျှောက်နေရသည့် ခြံစောင့်ကုလားကြီး ဟာဆင်အပါ လူနှစ်ယောက်တ

www.burmeseclassic.com

www.burmeseclassic.com



တစ်ဖက်တစ်ချက်မှ တွဲခေါ်လာသည်ကို တွေ့လိုက်ရလေတော့သည်။

■

လေးငါးဆယ်ယောက်ထက်မနဲရှိသော လူစုကြီးရောက်လာမှ ဒေါ်ခင်ခင်ထားနှင့် ဒေါ်စောမြတို့မှာ အိမ်ကြီး၏အောက်ထပ်ဆီသို့ ဆင်းရဲလာကြ၏။ သူတို့၏မျက်နှာပေါ်မှာလဲ အလွန်အမင်းကြောက်လန့်တုန်လှုပ်နေကြကာ မျက်ရည်နှင့်မျက်ခွက် ဖြစ်နေကြသည်။ သမီးလေးရိုရီမှာလဲ ကြောက်လွန်း၍ ဒေါ်ခင်ခင်ထား၏ ထမီစကိုဆွဲကာ တဝါးဝါးနှင့် အော်ဟစ်ငိုယိုနေလေသည်။

ထို့နောက် ဒေါ်ခင်ခင်ထားက သမီးလေးရိုရီကို ဝရံတာပေါ်မှ တွန်းချဖို့ကြိုးစားနေသည့် မျောက်ကြီးတောက်ခေါင်း၏ ယုတ်မာပက်စက်ပုံကို လက်မတင်ကလေး ကယ်လိုက်နိုင်ကြောင်း မာမွတ်တို့လူစုကြီးအား အသဲတယားယားနှင့် ပြန်ပြောပြလိုက်၏။

ထိုအခါမှ မာမွတ်မှာ သူ့ရင်ထဲမှာ သိုသိပ်ထားခဲ့သည့် တောက်ခေါင်း၏ ကြောက်စတ်ဖွယ်ရာ အကျင့်ဆိုးကြီးတွေကို ဒေါ်ခင်ခင်ထားအား ပြောပြလေသည်။

“ဒီမျောက်ရဲ့ ကြောက်စရာကောင်းတဲ့ အကျင့်ဆိုးကြီးတွေကို ကျွန်တော်တို့ သိနေတာ ကြာပါပြီ မမလေး ...။ ဒါပေမဲ့ ပြောရင်မကြိုက်မှာစိုးလို့ ကျွန်တော်တို့ ကျိတ်မှိတ်ပြီးနေခဲ့ကြတာ ...။ ခွေးကြီးဂေါ်ကီကို ကပ်ကျေးနဲ့ထိုးသတ်လိုက်တာလဲ သူပဲလေ၊ ဒါထက် ပိုပြီးကြောက်စရာကောင်းတာက ဒေါ်စောမြကိုတောင် နောက်ကျောကို ဓားနဲ့ထိုးမလို့လုပ်နေတာ လူသိတာမြန်ပေလို့ပေါ့ ... နို့မို့ဆိုရင်တော့လားဗျာ ... မတွေးဝံ့စရာကြီး ...”

ဟုဆိုကာ ထိုမျောက်ကြီး တောက်ခေါင်းကို သူနှင့်ဟာဆင်တို့ တုတ်နှင့်လိုက်ရိုက်ကြရာမှ ဟာဆင်တစ်ယောက် ဒဏ်ရာအကြီးအကျယ် ရောက်သွားရပုံကိုလဲ ဒေါ်ခင်ခင်ထားအား ပြောပြလိုက်လေသည်။

“အလို ဘုရား ဘုရား ...”

ထိုအခါမှ ဒေါ်ခင်ခင်ထားမှာ သူ၏ရင်ဘတ်ပေါ်သို့ လက်နစ်ဖက်ဖြင့်ဖိကာ ဘုရားအမိလိုက်သည်။ သူမကိုယ်သူမလဲ ဒီလိုအခြေအနေတွေကို အရိပ်အကဲမခတ်မိဘဲ တောက်ခေါင်းကို သားသမီးတစ်ယောက်လို ချစ်ခင်ကြင်နာမိသည့်အတွက် လွန်စွာမှ နောင်တကြီးစွာ ရမိနေလေသည်။

ထို့နောက် မာမွတ်က

“အခု ဘာမှမစိုးရိမ်ပါနဲ့တော့ မမလေး ...။ ကိုဟာဆင်လဲ ဒီက ဘုရင်ကြီးတုသဆေးလို့ ရောဂါပြန်သက်သာလာပါပြီ ...။ ပြီးတော့ ဒီမျောက်ကြီး တောက်ခေါင်းရှန်တို့လဲ အသေသာ့က ဖယ်ရှားပေးမယ်ဆိုတာနဲ့ တစ်ခါထဲ ပင့်လာခဲ့တာပါ ...”

www.burmeseclassic.com

www.burmeseclassic.com



ဟုဆိုကာ မုတ်ဆိတ်ဖြူနှင့်ရသေ့ကြီးကို ဒေါ်ခင်ခင်ထားနှင့် မိတ်ဆက်ပေးလိုက်၏။ ဒေါ်ခင်ခင်ထားမှာလဲ ထိုရသေ့ကြီးကိုမြင်သည်နှင့် လွန်စွာမှကြည်ညိုပြီး နေရာထိုင်ခင်းပေးကာ ဝတ်ပြုလိုက်လေသည်။

ထိုမုတ်ဆိတ်ဖြူနှင့် ရသေ့ကြီးမှာ ယောဂီရောင်သင်္ကန်းကို လွှမ်းခြုံထားလျက် ဒေါက်ချာတစ်ခုကိုလဲ ခေါင်းတွင်ဆောင်းထားလေသည်။ အသက်အရွယ်အားဖြင့် ခြောက်ဆယ်ကျော်ကျော်ရှိပြီဟု ခန့်မှန်းရသော်လဲ လွန်စွာမှ ဖြတ်လတ်သန်စွမ်းပုံရကာ စူးရှတောက်ပသောမျက်လုံးအစုံက တည်ငြိမ်အေးဆေးလျက်ရှိနေလေသည်။

ထို့နောက် ဒေါ်ခင်ခင်ထားက လက်နှစ်ဖက်ကို ပင့်ချီလျက် . . .

"တပည့်တော်တို့ကို ကယ်ပါဦးဘုရား . . .၊ ဒီမျောက်ကြီးက တပည့်တော်တို့ရဲ့အသက်အန္တရာယ်ကိုပါ ရန်ရှာနေပြီဆိုတော့ အရှင်ဘုရားသင့်တော်သလို စီမံပေးပါဘုရား . . ."

ဟူ၍ လျှောက်တင်လေရာ ရသေ့ကြီးမှာ မာမွတ်ရှေ့မှာ ပြောပြထားခဲ့ပြီးဖြစ်သဖြင့် မျောက်ကြီးတောက်ခေါင်၏အကြောင်းကို သိနှင့်ပြီးသားဖြစ်နေရာ ခေါင်းကိုတဆတ်ဆတ်နှင့် ညိတ်၍နေလေသည်။

ထို့နောက် ရသေ့ကြီးက

"အခု အဲဒီမျောက် ဘယ်မလဲ . . ."

ဟု ဆိုလိုက်လေရာ

မာမွတ်တို့လူစုကြီးမှာလဲ ရှိစီ၏ ကစားစရာတွေထည့်သည့် ဘီရိုကြီးအပေါ်မှာ ငြိမ်ဝပ်ပြီး ချောင်းမြောင်းနေသည့် မျောက်ကြီးတောက်ခေါင်ကို လက်ညှိုးထိုးပြလိုက်လေသည်။

ရသေ့ကြီးမှာလဲ ထိုသို့ လူစုလူဝေးကြီးကိုမြင်ပြီး ငြိမ်ဝပ်နေသော တောက်ခေါင်ကို စူးစူးစိုက်စိုက် လှမ်းကြည့်လိုက်ကာ

"ဟောဟိုကစိုက်ထားတဲ့ ဂမုန်းပင်ကို အမြစ်ပါ ပါအောင် နုတ်ယူလိုက်စမ်း . . . မင်းတို့အိမ်မှာ ဒီဂမုန်းရှိရဲ့သားနဲ့ တည့်အောင်မှ မသုံးတတ်ကြတာပဲ . . ."

ဟု ဆိုလိုက်လေရာ ပန်းအိုးအတွင်း ဂရုတစိုက်နှင့် စိုက်ပျိုးထားသည့် ဒေါ်ခင်ခင်ထား၏ နတ်ဆေးဂမုန်းပင်ကို အမြစ်ဥတွေပါမကျန် ဆွဲနုတ်ယူပြီး ရသေ့ကြီး၏လက်ထဲသို့ ထည့်ပေးလိုက်ကြသည်။ ထိုအခါမှ ရသေ့ကြီးမှာလဲ တည်ငြိမ်ခန့်ညားသောလေသံဖြင့်

"ငါ့နာမည်က ဦးတိက္ခ၊ ဒီမျောက်ရဲ့နာမည်က တက်ခေါင် . . .၊ တိက္ခနဲ့တက်ခေါင် ဓာတ်သဘော နံသဘောတွေ တူနေတဲ့အပြင် အခုအချိန်ကလဲ နဝင်းကိုးဂဏန်း စိုးမိုးတဲ့အချိန်ဆိုတော့ ဓာတ်သဘောအရ အကောင်းဆုံးအချိန်ပဲ . . .၊ ကဲ ဟောဒီ နတ်ဆေးဂမုန်းပင်ရဲ့ အမြစ်ဥကိုထောင်း . . .၊ ထွက်လာတဲ့အရည်တွေကို အသားစိမ်းပေါ်မှာဆမ်းပြီး တက်ခေါင်ဆိုတဲ့မျောက်ကို ကျွေးလိုက်ကြစမ်း"

ဟု မိန့်ကြားလိုက်လေရာ မာမွတ်နှင့် ဒေါ်စောမြတို့မှာ နတ်ဆေးဂမုန်း၏ အမြစ်ဥ

www.burmeseclassic.com

www.burmeseclassic.com



ကိုထောင်းပြီး ထွက်လာသည့်အရည်တွေကို အမဲသားစိမ်းအပေါ်သို့ဆမ်းကာ ဘီရိုပေါ်မှ မျောက်ကြီး တောက်ခေါင်ကို ပစ်ပြီးကျွေးလိုက်ကြသည်။

ထိုမျောက်ကြီးတောက်ခေါင်မှာလဲ သားစိမ်းငါးစိမ်းတွေကိုမှ ငမ်းငမ်းတက် မက်မောနေရာ ထိုဂမုန်းဥအရည်တွေဆမ်းထားသော အမဲသားစိမ်းတွေကို မကောင်းဆိုးရွားတစ်ကောင်ကဲ့သို့ အလုအယက်နှင့် စားလေသည်။

ထိုမြင်ကွင်းကို ကြည့်နေကြသော လူစုကြီးမှာလဲ မျက်တောင်ပင် မခတ်ဘဲ အသဲတယားယားနှင့် ဖြစ်နေကြ၏။ ရသေ့ကြီး ဦးတိက္ခကတော့ ပါးစပ်ထဲသို့ ပလုပ်ပလောင်းတွေထိုးကျိတ်ထည့်ကာ စားသောက်နေသည့် မျောက်ကြီးကို ကြည့်ကာ ခပ်လှမ်းလှမ်းမှ တစ်စုံတစ်ရာကို ရွတ်ဖတ်၍ နေလေသည်။

ခဏအကြာ . . .

မျောက်ကြီးတောက်ခေါင်မှာ တစ်ကိုယ်လုံးရှိသမျှ အမွေးအမျှင်တွေ ထောင်ထလာပြီး ရသေ့ကြီးဦးတိက္ခနှင့်အတူ တအံ့တသြ ဝိုင်းကြည့်နေကြသည့် လူစုကြီးအား နီရဲနေသော မျက်လုံးအစုံတို့ဖြင့် စိမ်းစိမ်းကြီး စိုက်ကြည့်နေလေသည်။

ထိုအချိန်မှာပင် ဘီရိုပေါ်မှာ ဆောင့်ကြောင့်ကြီးထိုင်နေသော တောက်ခေါင်၏ ဝမ်းဗိုက်တစ်ခုလုံးမှာ ဖားဖိုတစ်ခုလို နိမ့်ချည်မြင့်ချည် လှုပ်ရှားလာပြီး ညိုညစ်ထော်လန်နေသည့် ပါးစပ်ကြီးမှ တအွတ်အွတ်နှင့် အသံတွေ ထွက်လာ၏။

မကြာပါချေ . . .။

စောစောက တနင့်တစ်ပိုးကြီး စားသောက်ပစ်လိုက်သည့် အသားစိမ်းတွေအတုန်းလိုက် တဝေါ့ဝေါ့နှင့် ပါးစပ်က ပြန်အန်ထွက်လာသည်။

"ဟင် . . ."

"အလို . . ."

အချို့ကလဲ ထိုမြင်ကွင်းကိုကြည့်နေရင်း အော့နလုံးတွေနာမိသဖြင့် မျက်နှာကို အခြားဖက်သို့ လွှဲထားကြလေသည်။

အလူးလူး အလိမ့်လိမ့်ဖြင့် အော့အန်နေသော မျောက်ကြီးတောက်ခေါင်မှာ သူ့ခန္ဓာကိုယ်ကို သူ ကြိုးစားပြီး ထိန်းနေသော်လဲ ဒယီးဒယိုင်နှင့်ဖြစ်နေကာ ဘီရိုကြီးပေါ်မှ အောက်သို့ပြုတ်ကျလာ၏။

"ဘုတ် . . ."

"ကျလာပြီ . . . ကျလာပြီ . . ."

"ဟင် . . . သေတော့မယ်နဲ့ တူတယ် . . ."

"နောက်ကိုဆုတ်ကြပော့ . . . ဒီမျောက်က ဘာမှန်း ညာမှန်း သိတာမဟုတ်ဘူး . . ."

ဘေးမှကြည့်နေကြသည့် လူအုပ်ထဲမှ တီးတိုးရေရွတ်သံတွေဟာ စီတန်းထွက်လာ

www.burmeseclassic.com

www.burmeseclassic.com



၏ သို့သော် မျောက်ကြီးတောက်ခေါင်မှာ အတန်ကြာအောင် ထိုနေရာမှာပင် ငြိမ်သက်နေပြီး မျက်လုံးများ ပုတ်ခတ်ပုတ်ခတ်လုပ်နေကာ ရသေ့ကြီး ဦးတိက္ခရှိရာသို့ စိုက်ကြည့်နေလေသည်။

သိပ်မကြာပါချေ။ ထိုမျောက်ကြီး တောက်ခေါင်မှာ လူတစ်ယောက်ကဲ့သို့ ခါးကိုကုန်းညွတ်ကာ ရသေ့ကြီးဦးတိက္ခရှိရာသို့ ကုန်းကုန်း ကုန်းကုန်းဖြင့် တည့်မတ်စွာ လျှောက်လာလေသည်။

"ဟင် . . ."

ရသေ့ကြီးဦးတိက္ခမှာလဲ ထိုအခါမှ မျောက်ကြီးတောက်ခေါင်၏ ဦးခေါင်းကို ညင်သာစွာ ပွတ်သပ်ပေးလိုက်ပြီး

"အခုတော့လဲ ဒီမျောက်ကြီးတောက်ခေါင်ဟာ ပေါ်ရိသာဒအင်းတန်ခိုးတွေ ပျက်ပြယ်ပြီး အကောင်းပကတိဘဝကို ပြန်ရောက်သွားပါပြီ . . ဘာမှ မကြောက်ကြပါနဲ့တော့ . . . တဲ ကဲ ကျွတ်ချိန်တန်လို့ ကျွတ်ရတဲ့ သတ္တဝါကို ဘရသေ့ကိုသာ ဒကာတို့က အပြီးအပိုင်လှူလိုက်ကြပေတော့ကွဲ့ . . . ဘရသေ့လဲ မကြာခင်မှာ ဂန္ဓာရီခရီး လှည့်လည်ပြီး ဝေနေယျသတ္တဝါတွေကို ကယ်တင်ရဦးမယ် . . ."

ဟု ဆိုကာ မျောက်ကြီးတောက်ခေါင်ကို တပါတည်းခေါ်ဆောင်ကာ အားလုံးကို နှုတ်ဆက်လျက် အိမ်ကြီးအတွင်းမှ ထွက်ခွာသွားလေတော့သည်။

ထိုအခါမှ ဒေါ်ခင်ခင်ထားနှင့်အတူ ဝိုင်းကြည့်နေကြသည့် လူစုကြီးမှာလဲ ရသေ့ကြီးဦးတိက္ခ၏နောက်မှာ တစ်ကောက်ကောက်ပါသွားသော တောက်ခေါင်၏ကျောပြင်ကို တအံ့တဩနှင့် ငေးကြည့်နေမိကြလေသည်။

BURMESE CLASSIC

ခြံစောင့်ကုလားကြီး မာမွတ်နှင့် ဟာဆင်တို့ကတော့ သူတို့၏ အသက်သခင် ကျေးဇူးရှင် တစ်ယောက်၏ ကျေးဇူးတရားကို နားလည်စွာတုံ့ပြန်သည့်သဘောနှင့် ရသေ့ကြီးဦးတိက္ခအား လက်နှစ်ဖက်ကို ပင့်ချီလျက် နှုတ်ဆက်ကန်တော့လိုက်ကြလေတော့သည်။

■■■

www.burmeseclassic.com

www.burmeseclassic.com



## နိဂုံး

ထိုအဖြစ်အပျက်မှာ ၁၉၃၀ ပြည့်ကျော်ကာလက ဖြစ်ပွားခဲ့သော အဖြစ်အပျက် တစ်ခုဖြစ်သောကြောင့် နှစ်ပေါင်း ၈၀ ပင် ကျော်ပြီဖြစ်သော်လဲ အဆိုပါရသေ့ကြီးနှင့်အတူ ဘေးမှ ရေပူရေချမ်းကမ်းလှမ်းနေသော ဂမ္ဘီရဆန်သည့် မျောက်ကြီးတစ်ကောင်အား ယခု အထက်ထိတိုင်အောင် ကျိုက်ထီးရိုးဘုရား ရသေ့တောင်နှင့် မုဆိုးတောင်တစ်ဝိုက်တွင် ရံဖန်ရံခါ မြင်ရတွေ့ရတတ်သေးသည်ဟု သိမှီသူများက ပြောပြကြပါသည်။

သတိုးစာေဝ

www.burmeseclassic.com